www.burmeseclassic.com

စီစဉ်သည်

# တာရာမင်းဝေ

လုံးချင်းဝတ္ထုသစ်

# ဝက်ပါကိုဖွင့်တဲ့သော့

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၆၇၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၆၄၀၅၁၂

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်

TWO CATS PUBLICATION

**မောင်မျိုး**
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com



[၁]

'ကြားစရာ နားရှိသောသူတို့မည်သည်ကား
ကြားပါစေ'

(၄း၉ ရှင်မာသဲကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ ပြောရမည်မှန်းကိုပင် မသိတော့ချေ။ လေအားဖြင့်တော့ ထွက်သွားနိုင်သည်။ စကားအားဖြင့်တော့ ပီပြင်မည်မဟုတ်။ ပါးစပ်ဖြင့် လေလည်သည်ဟု အထင်ခံရလျှင် ခက်ဦးမည်။ အရှက်ကို အသက်ထက် တန်ဖိုးထားသူဖြစ်၍ သက်စွန့်ဆံဖျား အားကြိုးမာန်တုပ် ဟစ်အော်ထုတ်လိုက်၏။ ကိုယ်ပါသည်ဆိုပေမဲ့ အမှန်တကယ် ကိုယ်'ပါ'သည်မှ မဟုတ်ဘဲ။

"မှတ်တိုင်ပါတယ်ဗျို့"

အသံက 'အောင်'သွားပါသည်။ သူ့အနားမှ လူသူပရိသတ်အချို့ အနည်းငယ် 'ရှဲ'ပေးကြ၏။ အပေါက်ဝဆီကို ရောက်ခါနီးမှ ကိုယ့်သတ်ဆိုးသူနှင့် တိုးနေသည်။

"ကဲ...လာ...လာ...မှတ်တိုင်ရောက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ကို တစ်ယောက်က လာဆွဲ၏။ သူက ရှေ့မှနေ၍ ဆင်းမည့်ဟန်ပြုသည်။ ရပါသည်။ ကိုယ်ကလည်း သူနှင့်အတူ ဆင်းလိုက်သွားရုံပေါ့။ သို့သော် ကိုယ့်လက်ကို ဖမ်းဆုပ်ထားသော သူ့လက်ကလေး၏ နွေးထွေးငြင်သာမှုကိုတော့ လှိုက်လှိုက်ဖိုဖို ခံစားရသည်။

"ကဲ...ဆင်းကြမယ်"

သူကအပြောမှာ ကားကလည်း ရပ်၏။ (မှတ်တိုင်ဖြစ်နေ၍ပြီးတော့လည်း ဆင်းမည့်သူ ပါနေသည်ဆို၍ 'ကိုကြီးရေ' 'ဟေ ရပ်ပေးမယ် ကလေးရေ'ဟူသော ပုံစံမျိုးဖြင့် ရပ်ပေးခြင်းဖြစ်၏)

မည်သို့ပင်ဖြစ်စေ ကိုယ့်အနေနှင့်တော့ လိုရာပန်းတိုင်ကို ရောက်ပါပြီ။ ရှေ့မှ ဆွဲခေါ်သူ၏ အလိုကျ နောက်မှ လိုက်ပါသွားပြီး မဟာပထဝီမြေကြီးပေါ်သို့ ခြေနှစ်ချောင်းကို ဒေါက်ထောက်၍ ရောက်ခဲ့ရပါပြီ။

ကိုယ်ကလည်း မဟန့်ရပါဘဲနှင့် သူ့ဘာသာ ဝူးခနဲမောင်းထွက်သွားသော ကားကြီးကို နောက်မှ ငေးမောကြည့်မိပြီး ကိုယ့်ကို ကားပေါ်မှ ဆွဲချပေးဖော်ရသူ ကျေးဇူးရှင်ကို လှည့်ကြည့်မိသည့်အချိန်မှာ

"ဟောတော်..."

ဆုပ်ထားသည့်လက်ကို ကြည့်လိုက်၊ ကိုယ့်မျက်နှာကို ကြည့်လိုက်နှင့် သူ့ဘာသာ အတော်အံ့ဩသင့်သွားပုံရသည်။ လက်ကို ကပျာကယာ လွှတ်လိုက်ပြီး

"ဟာ...ရှင်က...ဘာတုန်း"

"ဗျာ..."

သူ့စကားကြီးက ဘယ်လိုကြီးမှန်းလည်း မသိ။

"ဗျာ...ဘာကိုမေးတာတုန်း"



"သဲစုဖြိုးက ဘယ်မှာတုန်း"

"ဘယ်က သဲစုဖြိုးတုန်း"

"ကျွန်မ လက်ဆွဲခေါ်လာတဲ့ သဲစုဖြိုးလေ"

"မသိပါဘူး ခင်ဗျာ။ လက်ဆွဲခေါ်လာတာက ကျွန်တော့်ကို

"အို...ရှင် တောက်တီးတောက်တဲ့"

"အို...ဗျာ တဲ့တောက်တီးတောက်"

သူမ ဒေါကန်လေသည်။ ထိုအခါကျမှပင် သူ့အလှကို သတိထား မိလေသည်။ မျက်လုံးမျက်ခုံးနှင့် နှုတ်ခမ်းပါးလေးများက အလွန်လှသည် ဘာမှ မဟုတ်သလိုလိုနှင့် နေရာကောင်းရထား၍ ချေးကြီးဝင်နေသော စပယ်တင်မှဲ့ကလည်း အထင်တရ။

"အင်း...ဟုတ်တာတော့ ဟုတ်နေပါပြီ"

"ဘာဟုတ်တာလဲ"

"မဟုတ်ပါဘူး ခင်ဗျားက အတော်လှတာပဲလို့ စိတ်ကူးမိတာပါ

"ကျွန်မ လှတာကို ရှင် စိတ်ကူးတယ် ဟုတ်လား"

"အာ...အဲ့လိုကြီးတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒီကောင်မလေး လှသားဟလို့ တွေးမိတာပေါ့"

"အဲ့ဒါဆို သဲစုဖြိုးက ဘယ်မှာတုန်း"

"ဟင်...ဘာဆိုင်လို့လဲ၊ ဘယ်က သဲစုဖြိုးလဲ၊ ကျွန်တော်နဲ့ မသိတာ"

"ဒါဆို ခု သဲစုဖြိုးက ဘယ်မှာလဲ"

"ရော်...ဒုက္ခပါပဲ"

"ဘာဒုက္ခလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ ဒီမှတ်တိုင်မှာ ဆင်းမယ်ဆိုတာကို သူက မသိဘူးလား"

"မှတ်တိုင်နာမည်ကိုတော့ သိတာပေါ့၊ ဒီမှတ်တိုင်မှန်းတော့ မသိဘူး"

"သူက ကလေးလေးလား"

သူမက လက်နှစ်ဖက်ကို အကျယ်ကြီး ဖြန့်ဝိုင်းပြကာ ဖြေ၏။

"အကြီးကြီး"

"ဟင်...အဲ့ဒါမျိုး"

"ဘာ...အဲ့ဒါမျိုးလဲ"

"အဲ့ဒီလောက်အကြီးကြီးကိုများ ဘတ်စ်ကားစီးခိုင်းနေသေးတယ်၊ ခင်ဗျားကို ကုန်းပိုးပြီး ပြေးချလာရင်တောင် ရောက်တာကြာလှပါပြီ"

"အကောင်ကြီးတာကို ပြောတာမဟုတ်ဘူးရှင့်၊ အသက်ကြီးတာကို ပြောတာ"

"အဲ့ဒါကိုများ ခင်ဗျားက သဲစုဖြိုးဆိုပြီး နာမည်ကို ဒွဲတပ်ပြီး ခေါ်နေသေးတယ်"

"သြော် ကျွန်မက 'ဒွဲ'မခေါ်လို့ 'တွတ်'နဲ့ သဲစုပျိုးလို့ ခေါ်နေရမှာလား"

"အခု ဘယ်မှာလဲ အဲ့ဒီသဲစုပျိုး"

"ကျွန်မက ရှင့်ကို မေးနေတာရှင့်"

"သြော်...သိပြီ...သိပြီ"

"ဘာသိတာလဲ"

"ကျွန်တော့်ဘေးက အမျိုးသမီးကို ခင်ဗျားပြောတာထင်တယ်၊ ကတ္တရာစေးရောင်အသားနဲ့လေ၊ နှုတ်ခမ်းက ဘဲနှုတ်သီးနဲ့တူတယ်၊ ဖြဟ္မာ့ခေါင်းထည့်လာပုံရတဲ့ သူ့ပိုက်ဆံအိတ်သေးသေးလေးကို ဟိုဖက် လှည့်ကိုင်လိုက်၊ ဒီဖက်လှည့်ကိုင်လိုက်နဲ့၊ ဟုတ်တယ် မဟုတ်လား အခြေအနေပေးရင် ပေးသလို ချိုင်းကြားမှာလည်း ညှပ်လိုက်သေးတယ်လေ၊ သူက ဘုတ်ထိုင်းကြီးဆိုတော့ ပိုက်ဆံအိတ်ကလည်း မသိသာဘူးလေ"



"ရှင် မိန်းကလေးတစ်ယောက်ကို ဒီလောက် မှိုချိုးမျှစ်ချိုး မပြောပါနဲ့"

"အဲ့ဒါက ထားပါဦး၊ ကျွန်တော် ခုနကပြောတဲ့ အမျိုးသမီးမဟုတ်ဘူးလား"

"ဟုတ်တယ်"

"အဲ့ဒါပေါ့ ခင်ဗျားက သူ့လက်ကို 'ဒွဲ'မဆွဲပဲ၊ ကျွန်တော့် လက်ကို 'တွတ်'ဆွဲလိုက်မိတာကိုး၊ ကျွန်တော်လည်း အူကြောင်ကြောင် နဲ့ ပါလာရတာပေါ့"

"အဲ့ဒါတွေထားပါတော့၊ အခု ရှင် ဘယ်လိုပြန်လုပ်ပေးမလဲ"

"ဘာကို ဘယ်လိုပြန်လုပ်ပေးရမှာလဲ"

"သဲစုဖြိုးကို ဘယ်လို ပြန်ခေါ်ပေးမလဲ"

"ဘာဗျ...ခင်ဗျားသဲစုပျိုးက..."

ပြောရှုပင် မဆုံးပါ၊ သဲစုဖြိုးဟု သူမက 'ဒွဲ'ပြောပြီး သဲစုပျိုးဟု ကိုယ်က'တွတ်'ခေါ်နေသော သူငယ်မသည် ထိပ်စည်းနှင့်အလယ်တိုး မှားပြီး ဝင်ရောက်လာလေသည်။

"အီး...ဟီး...ဟီး"

www.burmeseclassic.com

www.burmeseclassic.com



ငိုရင်း မျက်ရည်သုတ်ရင်း ဝင်ရောက်လာခြင်းဖြစ်သည်။

"ဟဲ့...ဟဲ့...ဘယ်လိုဖြစ်တာလဲ"

"ရက်စက်လိုက်တာ...မြူမြူရယ်"

"ငါ ဆင်းတာကို နင်က ဘာလို့လိုက်မဆင်းသလဲ စုရဲ့"

"စုလည်း ဘယ်သိမလဲ မြူမြူရဲ့၊ နင်က နင့်ဘဲကို လက်ဆွဲပြီး ဆင်းသွားတာကိုး"

"ဗျာ..."

"ဟောတော်..."

"သူ...သူ...ငါ့ဘဲမဟုတ်ဘူး"

"သူ...သူ...ကျွန်တော့်ဘဲမ မဟုတ်ဘူး"

နှစ်ယောက်သား ပျာပျာသလဲ ငြင်းဆန်ကြ၏။ ခြေကားကားလက်ကားကားနှင့် အကြောက်အကန်ငြင်းကြခြင်း ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် စောင်းငန်းငန်း ပြန်ကြည့်ဖြစ်ကြ၏။ ပြီးမှ သူမက...

"နင် ငိုနေတာကို ရပ်လိုက်တော့၊ လူမြင်ကောင်းတာ လည်း မဟုတ်ဘူး"

"လူမြင်ကောင်းအောင် ဘယ်လိုငိုရမှာလဲ"

"ဘယ်လိုမှ မငိုနဲ့တော့၊ တော်ပြီ သွားကြမယ်"

သဲစုဖြိုးက မျက်ရည်တွေသုတ်လိုက်ပြီး သူ့ကို တစ်ချက်မျက်လုံး ဝေ့ကြည့်ကာ...

"သူကကော"

"ဟဲ့ သူက သူ့လမ်းသူသွားမှာပေါ့၊ ငါတို့က ကိုယ့်လမ်းကိုယ်



သွားရုံပေါ့"

"ဟိုလေ မောင်းထုတ်စရာတော့ မလိုပါဘူးနော်"

"နင့်ကိုတောင် ဟိုက နပန်ကျင်းလိုက်ဦးမယ် လာလာ သွားမယ်"

သူမတို့ ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားကြသည်။ ဘာမှလည်း မဆိုင်ရပါပဲ ဇလာချိုကြီး အဆောင့်အအောင့်ခံရသော မဟာကမ္ဘာမြေကြီးကို သူကပင် အစားဝင် အားနာမိပါသေးသည်။ ကိုယ်လည်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်လာခဲ့လိုက်သည်။ ငဲ့ကြည့်မိတော့ သူမတို့ပင် ခပ်ဝေးဝေးသို့ ရောက်နေချေပြီ။

လမ်းသွားရင်း သူတို့တွေ မေးကြဖြေကြဦးမည် ဆိုကြပါစို့။

"ဟဲ့...မြူမြူ"

"ဟေ..."

"နင့်လူက မဆိုးဘူးနော်"

"ဘယ်က ငါ့လူလဲ"

"အခုလူလေ၊ ငါနဲ့ လူချင်းမှားသယောင်ယောင်လုပ်ပြီး နင်လက်ဆွဲခေါ်လာတဲ့ လူလေ၊ သူ့ကို ပြောတာ"

"အံမာ...နင်က ငါ့ကို ဘာစကားပြောတာလဲ"

"အချင်းချင်းပဲဟာ ရှက်မနေပါနဲ့၊ ခုနကတည်းက သူ့အိမ်ကို လိုက်ကြည့်လိုက်ရင်ပြီးရော"

"ဘာလုပ်ဖို့လဲ"

"ခြေဘ် လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လုပ်ဖို့ပေါ့ဟာ ကြာတော့ သူကလည်း နှလုံးသားထဲကနေ သိလိုက်လာမှာပေါ့"

"အဲ့ဒါဆို ငါက ဘာဆက်လုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စာကလေးပေကလေး ပေးလေ"

"သူက မင်း ငါ့ကို မနှောက်ယှက်နဲ့နော်ဆိုရင် ဘယ်လိုလုပ်ရမလဲ"

"ပြောချင်ရာပြောပါစေ တို့ဘဝကို နားလည်ပါလို့ပြောပြီး စာကိုပေးဖြစ်အောင်ပေးခဲ့"

"ခုခေတ်ယောကျ်ားလေးတွေက သိပ်အညှာမလွယ်ဘူးဟ"

"သူက အညှာမလွယ်တော့လည်း နည်းနည်းအားစိုက်ရရုံပေါ့ဟယ်၊ ကိုယ်က မိန်းကလေးပဲ၊ ချစ်မိရင် သတ္တိရှိရမှာပေါ့၊ ကုသမင်းသမီးရဲ့ အလှအပကိုမြင်ပြီး ဆင်ပေါ်က ပြုတ်ကျတဲ့ ပပဝတီမင်းသားလိုပေါ့"

"ဟဲ့...လွဲကုန်ပြီ"

"ဟေ...အစကတည်းက မမှန်တာပေါ့၊ အစကတည်းက လွဲနေတာ သိပြီလား"

"ငွပ်"

ထီးခေါင်းရိုးဖြင့် ရိုက်လိုက်ခြင်းဖြစ်မည်။ ခေတ်ဟောင်းရုပ်ရှင်မင်းသမီးကြီး ဒေါ်မြလေး၏ 'ပြောကို မပြောချင်ဘူး' ဟူသော စကားသံနှင့်အတူ ရုပ်ပြစာအုပ်တစ်အုပ်မှ 'ဘူးထွားထွား ဟားဟား"ဟူ သောရယ်သံကိုပါ ကြားလိုက်ရသလိုရှိသည်။

မည်သို့ပင်ဖြစ်စေ...

သူမနှင့် နောက်ထပ် ပြန်ဆုံဖြစ်မည်ဟူ၍တော့ မျှော်လင့်မထားခဲ့ရိုး အမှန်ပင်ဖြစ်လေသည်။



ညွတ်ကာ ငွေစက္ကူကို

ဆုံနာသွားသည်

'ကိုယ်၌ရှိသော အလှင်းကို
မှောင်မိုက်မှုမဖြစ်စေခြင်းငှာ
သတိပြုလော့'

[၁၁း၃၅ ရှင်လုကာကျမ်း



www.burmeseclassic.com

www.burmeseclassic.com



"စာကလေးပေကာ"

"သူက မင်း ငါ့

ရမလဲ"

"ပြောချင်ရာ

ပေးဖြစ်အောင်ပေး"

ပြန်ဆုံမည့်ဆိုတော့လည်း တင့်တောင်းတင့်တယ် မဟုတ်ချေ။ တင့်တောင့်တင့်တယ်မဖြစ်ဘူးဆို၍ ကိုယ်က တိုက်ပုံအင်္ကျီဝတ်မလာခြင်းနှင့် သူမက ထိုင်မသိမ်းလုံချည် စည်းမလာခြင်းမျိုးကို ဆိုလိုသည်မဟုတ်ချေ။ သည်အရွယ် သည်အရုပ်နှင့်တော့ နှစ်ယောက်သား ဟုတ်နေကြပါသည်။ သို့သော်...

"ဟင်...ငါးရာတန်တစ်ရွက်၊ ဟင်...မဟုတ်ဘူး ထောင်တန်ဟ"

လမ်း၏ သဲမြေမွမွပေါ်တွင် ငွေစက္ကူက တစ်ဝက်မြုပ်နေသည်။ မည်သူ ကျကျန်ခဲ့မှန်းမသိ။ မများလှသော်လည်း (အလကားရသူအနေဖြင့်) မနည်းလှသော ငွေဖြစ်ပါသည်။ ပိုင်ရှင်တွေ့လျှင်လည်း ပြန်ပေးရမည်ပေါ့။ ပျောက်ဆုံးသူက လူကြီးဆိုလျှင် မထောင်းတာလှသော်လည်း ကလေးဆိုလျှင် သူ့ခမျာ ဒုက္ခ။



ထို့ကြောင့် ခန္ဓာကိုယ်ကို ကိုင်းညွတ်ကာ ငွေစက္ကူကို နှိုက်အကောက်

"ဒုန်"

"အား..."

နဖူးထဲ မီးပွင့်သွားသကဲ့သို့ပင်။ ယယ်ထိပ်အတော်နာသွားသည်။ သူ့လိုပဲ ပိုက်ဆံကုန်းကောက်သူတစ်ယောက်နှင့် ခေါင်းချင်းဆိုင်ဝင်တိုက်မိခြင်းဖြစ်သည်။ နဖူးကို လက်နှင့်ပွတ်ရင်း မော့ကြည့်လိုက်တော့...

"ဟင်...ခင်ဗျားကိုး"

ကိုယ်က ပါးစပ်မှ တအံ့တသြအသံ ထွက်ရှေ့တ်မိသော်လည်း သူက ဘာမှမပြော။ 'လက်စသပ်တော့ ရှင်ပဲကိုး' ဟူသော အကြည့်မျိုးဖြင့် သာ ခပ်တည်တည် ရပ်ကြည့်နေသည်။ ဘာမှန်းလည်း မသိ။ မိန်းမမှန်းတော့ သိသည်။ ထို့ကြောင့် စကားကို ပြင်ပြောမည်။

ဘယ်လိုမိန်းမမှန်းကို မသိ။ သူမကပဲ တစ်ပြန်ကြီး။

"ဘာလုပ်တာလဲ"

"ပိုက်ဆံကောက်တာလေ၊ အဲ့ဒါဘာဖြစ်လဲ၊ ခင်ဗျားလိုပဲ ပိုက်ဆံကုန်းကောက်တာပေါ့"

"ဟင့်အင်း...မတူဘူး၊ ကျွန်မက ထိုင်ကောက်တာ၊ ရှင့်လိုမကုန်းဘူး"

သူ ဘာပြန်ပြောရမလဲမသိဖြစ်သွားသည်။ ဒီကောင်မလေးနှင့် စကားပြောရသည်က လက်ပေါက်ကပ်တတ်မှန်း သိလျက်နှင့်...

"ကဲ...ကဲ...ထားပါတော့၊ ဒီပိုက်ဆံက ခင်ဗျားပိုက်ဆံလား"

"ရှင့်ပိုက်ဆံလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ပိုင်ရှင်တွေ့ရင် ပြန်ပေးမလို့"

"ကျွန်မလည်း အဲ့ဒီလိုပဲ"

"အဲ့ဒါဆို အတူတူပဲပေါ့"

"မတူပါဘူး"

"ဘာမတူတာလဲ"

"ကျွန်မက ရိုးရိုးတန်းတန်း ထိုင်ကောက်တာ ရှင့်မှာက ကုန်းလိုက်ရသေးတယ်"

"ကုန်း…ကုန်း…ဗျာ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနဲ့များ"

"ဘာမှမဖြစ်လို့ တော်သေးတာပေါ့ရှင်"

"ဘာဗျ"

လူအသွားအလာပြတ်သော လမ်းပေါ်မှာ တစ်ထောင်တန်ငွေစက္ကူတစ်ရွက်ကို အလယ်ထားပြီး စကားအခြေအတင် ဖြစ်နေကြခြင်းပင်။ သူ့ကို ညှော်ထောက်ခံပြောမနေတော့ဘဲ။

"တော်ပြီဗျာ ခင်ဗျားလမ်း ခင်ဗျားသွားတော့"

သူက မသွားပါ။

"ရှင်က ဘာကိစ္စ ကျွန်မကို နှင်နေတာလဲ"

"ခင်ဗျားနဲ့ မဆက်ဆံချင်လို့"

"ဘာရှင့်"

"မဟုတ်ဘူးလေ၊ ခင်ဗျားနဲ့စကားပြောရတာ လေကုန်တယ်"

"ကျွန်မ လှည့်ထွက်သွားတော့မှ ရှင်က ဒီပိုက်ဆံကို လွှတ်



လွှတ်ကျွတ်ကျွတ် ကောက်မလို့မို့လား"

"ကျွန်တော့်ဘာသာ လွှတ်ချင်လွှတ် ကျွတ်ချင်ကျွတ် ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"အို ရှုပ်ပါတယ်"

"ရတယ်လေ ရှင်းရှင်းပဲ"

"ဒုန့်"

"ဒေါင်…"

နှစ်ယောက်သား ငွေစက္ကူကို ပြိုင်တူဆွဲအယူမှာ နဖူးချင်း ပြန်တိုက်မိကြပြန်သည်။ ကျွန်တော်တို့တွေ နဖူးကိုယ်စီပွတ်ရင်း တစ်ယောက်က "ရှစ်" ဟု ငြီးတွားကာ တစ်ယောက်က 'ရဟူး' ဟု ရွတ်ဆိုမိကြ၏။ ဘာအဓိပ္ပါယ်တွေလည်းဟုတော့ ကိုယ့်ဘာသာကိုယ်ပင် မစဉ်းစားအား။

ထိုအချိန်မှာပဲ

"ဟော…"

"ဟယ်…"

မြေကြီးပေါ်မှ ပိုက်ဆံစက္ကူလေးက လျှောခနဲ လွင့်ထွက်သွား၏။ နှစ်ယောက်သား ထိုငွေစက္ကူနောက်သို့ အလိုအလျောက် ပါသွားကြပြန်သည်။

ရုတ်တရက်

"ဟား…ဟား…ဟီ…ဟိ"

ရယ်သံနှင့်အတူ လမ်းဘေးတစ်ဖက်ခြံစည်းရိုးအတွင်းမှ ကလေးငယ်တစ်ယောက်ကို မြင်လိုက်ရ၏။ ကလေးငယ်က သူ့ကို ကချော်

www.burmeseclassic.com

www.burmeseclassic.com



ကရော် လုပ်ပြ၏။

"ဟား...ဟား...ရှက်ပါတယ်ဟေ့ သူများပိုက်ဆံကို လိုက်လုနေတယ်"

ငွေစက္ကူက လေ့ျာခနဲထပ်လွင့်သွားပြန်သည်။ ကလေးငယ်က ပိုက်ဆံစက္ကူကို ကြိုးမျှင်နှင့် မသိမသာ ချည်ဆွဲထားပြီး သဲမြေထဲမှာ မသိမသာ ထားရှိခြင်းဖြစ်သည်။ သူတို့တတွေ လူကြီးတန်မယ့်နှင့် ခံလိုက်ရခြင်းပင်။ သူတို့လို ဘယ်နှစ်ယောက် ခံရပြီးပြီဆိုတာကိုတော့ မသိ။ ဘာပဲပြောပြော ခံတာကတော့ ခံလိုက်ရသည်။

"အဟီး..."

သူကတော့ ခေါင်းကုတ်ပြီး ရယ်မိရုံသာဖြစ်သည်။ သူမကတော့

"ဟွန်း...ဗိုင်းတာလေး"

ကိုယ့်လမ်းကိုယ် ဆက်လျှောက်တော့လည်း ကိုယ့်လမ်းက သူ့လမ်းပင် ဖြစ်နေသည်။ သူမက မျက်မှောင်ကြုတ်လျက်...

"ရှင်က ဘယ်သွားမလို့လဲ"

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့အမေ မမာဘူးဆိုလို့ သွားမေးမလို့"

"ကျွန်မ မေးနေတာ အဲ့ဒါကို မဟုတ်ဘူး"

"ဘာတုန်း"

"ကျွန်မ သွားရာနောက်ကို ရှင် လိုက်ကပ်နေတာ မဟုတ်ပါဘူးနော်"

"အောင်မာ ကိုယ်သွားရမယ့်လမ်းကို ကိုယ်ဆက်လျှောက်နေတာ"



"ဟွန်း..."

ဟုတ်တော့လည်း ဟုတ်သည်။ တစ်လမ်းလုံးမှာ သူနှင့်သူမ နှစ်ယောက်သာရှိသည်။ လမ်းနံဘေးမှ အိမ်များက တိတ်ဆိတ်လျက်။ ခြံဝင်းနှင့်အိမ်များကလည်း ဝေးသည်။ ကောင်မလေးက ရိုသဲ့သဲ့လုပ်လာ၍ သူက အော်ဟစ်တိုင်တည်လျှင်ပင် ထွက်ကြည့်မည့်သူ ရှိပုံမပေါ်။

လမ်းက တဖြောင့်တည်းဖြစ်နေပြီး လမ်းလေးခွဆုံကို ခပ်ဝါးဝါး မြင်နေရသော်လည်း လျှောက်ကြည့်လျှင် တော်တော်နှင့် ရောက်မည့်ပုံ မပေါ်။ လမ်းအလျှောက်မပျက်စေရပါပဲ သူမနှင့်ရင်ဘောင်တန်း အနေအထားအတိုင်း ဆက်လျှောက်နေရ၏။ သူက လမ်း၏ ဒီဘက်ခြမ်း၊ သူမက လမ်း၏ ဟိုဘက်ခြမ်း။ ထိုအတိုင်း ခေတ္တမျှကြာပြီးသည့်နောက်

"ဝူး..."

ကားလေးတစ်စင်း သူတို့နောက်မှ ပါလာသံ ကြားရ၏။ ပြီး

"ကျွီ...ကျွီ..."

သူတို့၏ ရှေ့အလွန်လေးမှာ ထိုးရပ်သွားသည်။ ဘာဖြစ်သည် မသိ။ စက်နိုး၍ မရတော့။ ကားပေါ်မှ အမျိုးသမီးတစ်ယောက် ဆင်းလာသည်။ ကားကို ရှေ့ဖုံးဖွင့်ကြည့်သည်။ ကားကလည်း ဖုံးထားတာထားခြင်း မရှိချေ။ အလွယ်တကူပွင့်သွား၏။ အမျိုးသမီးက ဟိုကြည့်သည်ကြည့်လုပ်သည်။ ဘာမှ တတ်နိုင်စွမ်းပုံမရ။

ထိုသို့ဖြင့် အနီးတစ်ဝိုက်ကို လှည့်ပတ်ကြည့်ပြီး...

"ဟဲ့...ငြီး"

ကိုယ်ကလည်း အနီးတစ်ဝိုက်ကို လှည့်ပတ်ကြည့်ပြီး...

"ငါ့ကို ခေါ်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ခေါ်တာပေါ့ဟာ၊ နင်က ငါ့ကို မသိတော့လို့လား"

"သိသားပဲ၊ အလဟဿမ'

"ဘာ...ဘာပြောတယ်"

"အေးလေ လေတိုက်လို့တို့၊ မှတ်ငြိမ်းခံရတာမျိုးတို့ဆိုရင် ငါ မပြောပါဘူး သက်သက်မယ့် ငြိမ်းရတာကတော့ မဟုတ်သေးပါဘူး။ နင့်ကိုက ဆတ်ဆော့လွန်းပါတယ်"

"ဟေ...နင့်ကို ငါ ဘယ်လိုမေးရမလဲ၊ ငါ့ကို နှောက်ယှက်မှာလား။ ကူညီမှာလား"

"အေးလေ လမ်းပေါ်မှာ ကူညီနိုင်တဲ့သူ နှစ်ယောက်ရှိတဲ့အထဲမှာ ငါ့ကို ရွေးပြီး အကူအညီတောင်းပြန်တော့လည်း ငုံ့...ငုံ့...ငုံ့"

သူ ဘာမှ ဆက်မပြောရသေးခင် 'သက်သက်ငြိမ်း''က အောက်ကလိအာ အသံဖြင့်...

"အေး နင့်ကိုတင် အကူအညီတောင်းမှာ မဟုတ်ဘူး၊ နောက်တစ်ယောက်လည်း ပါရမှာပဲ၊ ဟဲ့ မြူမြူ နင်တို့နှစ်ယောက် ငါ့ကို ကားတွန်းပေးစမ်းပါဟာ၊ နည်းနည်းပါးပါးဆိုရပါပြီ"

မျှော်လင့်မထားသောဖြစ်ရပ်ပါ၊ သို့သော် ထိုအခွင့်အရေးကို သူက လက်လွှတ်မခံပါ။ ရယ်ကျဲကျဲမျက်နှာထားဖြင့် လက်ဝါးနှစ်ဖက်ကို လှိမ့်ပိန့်ပွတ်ရင်း သူမကို...

"ကဲ...ဒါဖြင့်လည်း အတူတူအားပေးလိုက်ကြဦးစို့။ ထမင်းမြိန်မြိန်စားကြတာပေါ့"

"ဘာ"

"ခင်ဗျားနာမည်က မြူမြူဟုတ်လား၊ ကြားဖူးတာတော့





ကြာပြီဗျ"

"ဘာ...ဘာကြားဖူးတာလဲ"

"ဩော်...ဆောင်းနှင်းမြူတို့၊ ထန်းရည်တစ်မြူနှစ်မြူတို့ပါ"

သက်သက်ငြိမ်းက ကားပေါ်မှ မောင်းသူနေရာ ရောက်သွားပြီး လှမ်းအော်သည်။

"တွန်းတော့...တွန်းတော့"

ကားကလည်း ပေါ့ပါသည်၊ နှစ်ယောက်တွန်းရခြင်းဖြစ်သော်လည်း အားအလွန်မစိုက်ရ၊ တစ်ခုတော့ရှိသည်၊ မြူမြူဆိုသော ကောင်မလေးက သူ့ကို တမင်တကာ ခပ်ခွာခွာလုပ်ပြီး တွန်းနေခြင်းဖြစ်သည်။

လူကြပ်သော ဘတ်စ်ကားပေါ်မှာ ခုံလွတ်ကိုတွေ့လျက်နှင့် 'သံဃာတော်များသာ'ဟူသော စာသားကြောင့် ရင်တနင့်နင့်နှင့် ပေရပ်နေရသော မိန်းမကြီးနှင့်တူသည်။ သူက ကားတွန်းနေရင်းကပဲ...

"ဟဲ့..."

"ဘာလဲ"

"အခု တို့တွေရောက်နေကြတာ နှစ်ဆယ့်တစ်ရာစုလား။ နှစ်ဆယ့်နှစ်ရာစုလား"

"Y2K ပြဿနာကို နင် မကြားလိုက်ပါလား ဟုတ်လား"

"ကြားဖူးပါတယ်"

"အဲ့ဒါဆို ပြီးရောပေါ့၊ ခု ၂၀၀၅ ခုနှစ်"

"ဒါဆိုရင် ရပြီ"

"ဘာလဲ"

"ငါ နင့်ကို ချစ်တယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာဆိုင်လို့လဲ"

သူမက သူ့ကို ပြုံးတူးပြတဲလှည့်ကြည့်ရင်း ကားတွန်းတာ ရပ်သွားသည်။

သက်သက်ငြိမ်းက နောက်သို့လှည့်အော်သည်။

"ဟဲ့ တွန်းပါဟဲ့၊ ရတော့မယ်"

မြူမြူက သူ့ကို မျက်စောင်းချိတ်ပြီး ဆက်တွန်းရပြန်သည်။ သူက မသိချင်ယောင်ဆောင်ပြီး ပြောကောင်းကောင်းနှင့် ဆက်ပြောနေလိုက်၏။

"ဒီခေတ်ဒီအခါကြီးဟာ အရှိန်တွေ Speed တွေ အရမ်းမြန်နေတယ်ဟ၊ ဒီလိုပြောရတော့ ကောင်းတာပေါ့၊ နင်နဲ့ငါ ဒီလို ကားအတူတူ တွန်းခွင့် ထပ်ရဖို့ဆိုတာ သိပ်လွယ်တာ မဟုတ်ဘူး"

"အောင်မာ...ငါက ကားလိုက်တွန်းပေးနေတဲ့ မိန်းမမျိုးမဟုတ်ဘူး"

"အေးလေ...အဲ့ဒါတော့ ငါ မှန်းမိပါတယ်၊ သက်သက်ငြိမ်းကလည်းဟာ သူ့ဘာသာ အားကောင်းမောင်းသန် မိန်းမကြီးဖြစ်ရက်နဲ့"

သူ့စကားကြောင့် သူမ ရယ်ချင်သွားပုံရသည်။ သက်သက်ငြိမ်းကလည်း အမှန်တကယ် ဗလကောင်းသော ကောင်မလေးဖြစ်၏။ အားကောင်းမောင်းသန်ရှိနိုင်လွန်းလှသည်။ သို့သော် သူမက တွန်းနေလျှင် ကားကို မည်သူ စက်နှိုးမည်နည်း။ သူမ၏ကားအကြောင်းကို သူမပဲ သိလိမ့်မည်။

"အဲ့ဒါ နင် ငါ့ကို အဖြေပြန်ပေးဦးလေဟာ"

"ဟာ ဒီမှာ ကားတွန်းရတာ မောရတဲ့ကြားထဲ"





"ငါ နင့်ကို မြင်မြင်ချင်း တကယ်ချစ်တာ"

"ဘယ်တုန်းကလဲ"

"ငါ့လက်ကို မှားပြီးဆွဲကတည်းက"

"နင်က ခေါ်တိုင်းလိုက်တာပဲနော်"

"လူကြည့်ပြီးမှ လိုက်တာပေါ့ဟ"

စကားတွေက ဘယ်တွေရောက်ကုန်ကြမှန်း မသိ။ သူ့စိတ်ထဲမှာ ပျော်သလိုလိုဖြစ်လာသည်။ သူမကတော့ တစ်ဖက်မှ ကားတွန်းပြီး တစ်ဖက်မှ ရည်းစားစကား အပြောခံနေရသဖြင့် အောင့်သီးအောက်သက်ဖြစ်နေပုံရသည်။

"ငါ့နာမည်ကိုလည်း မှတ်ထားဦး"

"သိပြီးပြီပဲ"

"ဘယ်လိုသိတာလဲ"

"ခုနက သက်သက်ငြိမ်းခေါ်ကတည်းက"

"အောင်မာ ပြောပါဦး ဘာတဲ့တုန်း"

"အေ့ တဲ့လေ"

"ဘာ..."

"အေ့လေ...အေ့"

"ဟာ နင်ပြောမှပဲ ငါ့နာမည်လည်း ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး။ ငွေးလို့ ရှင်းရှင်းနှီးနှီးခေါ်တာပါဟာ၊ ငါ့နာမည် စစ်ဦးတဲ့ စစ်ဦး"

သူမ၏မျက်နှာက မဲ့မဲ့ကလေး ပြုံးသွား၏။

"စစ်ဦးဆိုတော့ ဘီလူးပေါ့"

စစ်ဦးဘီလူးဆိုသော စကားကိုယူ၍ ပြောခြင်းဖြစ်သည်။ **စစ်ဦး၏**

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလည်း မချိုမချဉ်ဖြစ်သွား၏ မြူမြူကို...

"ခုတော့ စစ်ဦး အချစ်ရူးဖြစ်နေပြီဟာ"

"ဝူး'..."

မြူမြူက ထအော်လိုက်ခြင်း မဟုတ်ပါ၊ သူတို့တွန်းနေသော သက်သက်ငြိမ်း၏ ကား။ အင်း...ထိုသို့ပြောရ၍လည်း စကားစဉ်မကျသေး။ သက်သက်ငြိမ်းကိုပဲ သူတို့က တွန်းနေသလိုဖြစ်လိမ့်မည်။ လိုရင်းကိုပဲ ပြောလိုက်ပါမည်။ ကားက စက်နှိုးသွားခြင်းဖြစ်သည်။

သက်သက်ငြိမ်းက လှည့်အော်ပြောသည်။

"နင်တို့ကို ငါ လိုက်ပို့ပေးမယ်လေ"

"ဒီအတိုင်းထားသွားရင်လည်း ငါက ခဲနဲ့လိုက်ထုမှာပေါ့"

စစ်ဦးက ပြောခြင်းမဟုတ်ပါ၊ မြူမြူက ပြောခြင်းဖြစ်သည်။

"ခစ်...ခစ်...အေးပါဟဲ့၊ နင်တို့ရပ်ကွက်အဝအထိတော့ ငါ လိုက်ပို့မှာပေါ့၊ ဟိုကောင် ငဦးကရော ဘယ်သွားမှာလဲ"

"နေ...နေ နင်တို့ဘာသာ သွားကြတော့၊ ငါ ဝင်ရမယ့်အိမ်က ကျော်လာပြီ။ နောက်ပြန်လှည့်ရမှာ၊ သွားကြတော့။ မြူမြူသာ ငါပြော တာကို မှတ်ထားဦး"

မြူမြူက နှာခေါင်းကလေးရှုံ့ပြကာ...

"ဘီလူး..."

သူက "မဟုတ်ဘူး"ဟု ပြန်အော်ပြီးမှ အသံမထွက်ဘဲ နှုတ်ခမ်း လှုပ်ရုံ 'အချစ်ရူး'ဟု ပြန်ပြော၏။ သက်သက်ငြိမ်းက သူတို့ကို အကဲခတ် သလို ပြုံးကြည့်နေသည်။





[၃]

> တည်ကြည်သောစိတ်ရှိကြလော့။
> ငါပင်ဖြစ်သည်။
> မကြောက်လန့်ကြနှင့်။
> [၅း၅၀ ရှင်မာကုကျမ်း]

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသည့်အဆုံးမှာ မိုရာကောက်ရိုးမျှင်ကို လှမ်းဆွဲသည့် အနေနှင့် သက်သက်ငြိမ်းဆီကို ရောက်ရတော့သည်။ ထုံးစံအတိုင်း သက်သက်ငြိမ်းကလည်း ဟိုတစ်နေ့ကနေရာမှာပင် ကားပျက်ပြီး တွန်း ပေးမည့်လူကို အားမနာလျှာမကျိုး စောင့်နေသည်။

ဝင်းမင်းနှင့်လင်းလင်းရီတို့ပါလာ၍ တော်ပါသေးသည်။ သူတို့ကို မြင်တော့ သက်သက်ငြိမ်းက (ကြိုတင်ချိန်းထားသလိုမျိုး) ဝမ်းသာအားရနှင့်

''လာကြ...လာကြ၊ ငါက နင်တို့လာမှ လာပဲ့မလားလို့''

တွေ့လိုက်ရရင် အဆင်ပြေနေတာကို မရှိဘူးဟု စစ်ဦးတွေးမိသည်။ ဝင်းမင်းက

''သက်သက်ငြိမ်းရယ် နင့်မီးကလည်း အားတိုင်း ငြိမ်းနေတော့ တာပဲ''





သက်သက်ငြိမ်းကလည်း တစ်ခွန်းအတင်မခံ။

''နောက်ခြောက်လဆိုရင် ဒီကားကို လဲပစ်တော့မှာဟေ့''

''အခု မလဲသေးဘူးပေါ့''

''အင်း ခုတော့ နင်တို့ပဲ တွန်းပေးဦး ဟုတ်လား''

စစ်ဦးက နောက်ချင်ပြောင်ချင်လာသည်။ ထို့ကြောင့်

''ဝင်းမင်း''

''ဟေ...''

''မထူးပါဘူးကွာ''

''အေး...ပြော''

''တို့တွေ ကားကို မတွန်းဘဲ သူ့ကိုပဲ တွန်းသွားရအောင်''

''သူ့မှာက ဘီးမှ မရှိဘဲ''

''လှိမ့်ချပါစေပေါ့ကွာ''

သက်သက်ငြိမ်းက အသည်းယားဟန်ဖြင့် ထအော်သည်။

''နင်တို့နော်''

ဝင်းမင်းက...

''ဘာ နင်တို့နော်လဲ၊ နင့်ကားက ပျက် ပျက်နိုင်လွန်း''

''ပြောင်းပေး၊ လဲပေးမယ်လို့ ငါ ပြောထားပြီးသားပဲ''

လင်းလင်းရီကလည်း မ,ဘက်လိုက်ပြီး မိုက်ဖက်ပါလေသည်။

''အေးလေ နင်တို့ကိုလည်း မပြောကို မပြောချင်တော့ဘူး မိန်းကလေးတစ်ယောက်ကို ကူညီပေးရတာများ ပွဲပါသွားတာ ကျနေတာ ပဲ''

''အေးလေ...အေးပါ၊ မဟုတ်တဲ့နေရာတွေက ပွဲပါသွားရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပါဘူး တော်သေးတာပေါ့''

''နင်...နင် ဘာပြောတာလဲ''

လင်းလင်းရီ ဆွေ့ဆွေ့ခုန်လေသည်။ တကယ် မခုန်ပါ၊ ဆွေ့ဆွေ့ဟုလည်း မအော်ပါ။ ဒေါသထွက်သွားခြင်းမျှကိုသာ ဆိုလိုပါသည်။ စစ်ဦးကို သိပ်တော့မကြည်။ ဝင်းမင်းကိုကျတော့...

ဝင်းမင်းနှင့်လင်းလင်းရီက မိဘချင်းလည်း သဘောတူထားသော ချစ်သူများဖြစ်၏။ စေ့စပ်ပြီးသားဖြစ်ပြီး ရှေ့နှစ်ဆိုလျှင် လက်ထပ်ကြတော့မည်။ ဒီအတိုင်းလွှတ်ထားလိုက်လျှင် စစ်ဦးနှင့် သက်သက်ငြိမ်းတို့မျက်နှာ အထားရခက်ကုန်မည်။ ထို့ကြောင့် စစ်ဦးက...

''ကဲ အဲ့ဒါတွေထားပါ၊ ပွဲချင်တဲ့နေရာ ပွဲပါစေတော့၊ သက်သက်ငြိမ်းကို လုပ်စရာရှိတာ လုပ်ပေးလိုက်ကြရအောင်''

ထိုအခါကျမှ ပိုဆိုးတော့၏။

''ဟင်...ငဦး နင် ဘာပြောတယ်''

''နင့်ကားကို ကူတွန်းပေးမယ်လေ''

သက်သက်ငြိမ်းက ကားမောင်းသူနေရာတွင် ဝင်ထိုင်ကာ...

''ကဲ...ကဲ...ဒါဖြင့်လည်း တွန်း''

စစ်ဦးက လင်းလင်းရီဘက်သို့ လှည့်ကာ...

''အချောင်မခိုနဲ့၊ နင်ပါ ဝင်တွန်း''

''ဟင်...နင်တို့ယောကျ်ားလေးနှစ်ယောက်ရှိလျက်နဲ့''

''မိန်းကလေးတစ်ယောက်ကို ကူညီရတာပဲ၊ နင်လည်း ဝင်တွန်းပေးပေါ့၊ နည်းနည်းပါးပါးပွဲသွားလည်း ဘာအရေးလဲ''

''ဘာလဲ ဘာပွဲရမှာလဲ''





''မသိဘူးလေဟာ တစ်ခုခုပေါ့''

''အောင်မာ နင်နော်''

''ဘာအောင်မာလဲ၊ ပြောတုန်းက နင်ပဲပြောပြီးတော့''

''နင်တို့ယောကျ်ားလေးနှစ်ယောက် အဓိကတွန်း''

''အဓိက ပွဲရမယ်ပေါ့''

''နင်တို့ဘာသာ ဖြစ်ချင်ရာဖြစ်''

''နင်ကတော့ ဟန်ပဲတွန်းမယ်ပေါ့''

''အင်း...''

''ဪ နင်ကကျတော့ ဟန်လုပ်ပြီး ပွဲမယ်ပေါ့''

''နင်...နော် နင်''

''ငါ နော် ငါ''

စိတ်မရှည်တော့သော သက်သက်ငြိမ်းက လှမ်းအော်သည်။

''ကဲ...ကဲ...နင်တို့ ဒီတစ်သက် ကားတွန်းပေးကြဦးတော့မှာလား''

''ဟုတ်သားပဲ၊ ကဲ...တွန်းကြမယ်ဟေ့ ရယ်ဒီ...ဝမ်းတူးသရီး''

ဝင်းမင်းက အော်ဟစ်ကြွေးကြော်ပြီး ကားကို စတွန်းသဖြင့် သူတို့လည်း စကားကြောရှည်မနေတော့ပဲ လိုက်တွန်းကြသည်။ စစ်ဦးက 'ရီးလေလေ့ ရီးလေလေ့'ဟု အော်ကာ တွန်းသဖြင့် ဝင်းမင်းကလည်း ထိုသို့ပင် လိုက်အော်သည်။ လင်းလင်းရီကတော့ 'လေလေ့'ဟူသော နေရာများတွင် ဝင်အော်သည်။ ဘာကြောင့်မှန်းမသိ 'ရီး'ကို ဝင်မအော်ချေ။

စစ်ဦးကလည်း အငြိမ်မနေ...

''နင်က ဘာဖြစ်လို့ ''ရီး'လို့ ဝင်မအော်တာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘာသာငါ မအော်တာ နင်နဲ့ဘာဆိုင်လို့လဲ"

စစ်ဦးက သံခင်းတမန်ခင်းကို နားလည်စွာ

"ဝင်းမင်း"

"သူ ရီးလို့ မအော်တာ မင်းနဲ့ပတ်သက်သလား"

ထိုအချိန်မှာပဲ ဝင်းမင်း၏ တစ်တစ်ခွခွဆဲသံနှင့်အတူ ကားစက်နှိုးသွားသည်။ သက်သက်ငြိမ်းက ဝမ်းသာအားရဖြင့်...

"ကဲ...ကားပေါ်တက် ကားပေါ်တက်"

အားလုံးကတော့ ကားပေါ်တက်ကြပါသည်။ သို့သော် တလွဲဖြစ်နေသည်။ ဝင်းမင်းက ကားမောင်းသည့် သက်သက်ငြိမ်းနံဘေးရောက်သွားပြီး စစ်ဦးက လင်းလင်းရီနှင့် နောက်ခန်းမှာ။ ကားထွက်ခါစမှာပဲ ပြဿနာပေါ်တော့သည်။

"ဟဲ...ဟဲ...ဟဲ"

"စစ်ဦးက လင်းလင်းရီကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ရယ်ပြခြင်းဖြစ်သည်။ ပဲ့ပါမသွားသော်လည်း လင်းလင်းရီ မခံနိုင်ချေ။

"ဘာ...ဟဲ...ဟဲ...ဟဲ...လဲ"

"ဟဲ...ဟဲ...ဟဲ"

စစ်ဦးနော် အကောင် အစုတ်ပလုတ် ဘာသဘောနဲ့ ရယ်နေတာလဲ"

"ဟဲ...ဟဲ...ဟဲ"

"ဝင်းမင်းရေ ဒီမှာ"

"ဟဲ...ဟဲ...ဟဲ"

သက်သက်ငြိမ်းက ကားမောင်းနေရာမှ သူတို့နှစ်ယောက်ကို





လှည့်ကြည့်သည်။ ပြီး ဝင်းမင်းကို ကြည့်သည်။ ဝင်းမင်းက သူမကို

"ဟဲ...ဟဲ...ဟဲ"

"ဘာ..."

"ဟဲ...ဟဲ...ဟဲ"

"အောင်မာ ဝင်းမင်းနော်"

ဆူသံပွက်သံ၊ ရယ်သံမောသံများဖြင့် ကားထဲမှာ ဆူညံနေတော့သည်။ သူတို့ နောက်ပြောင်ပုံတွေက ပွင့်လင်းလွန်းလှသည်။ သူ့စိမ်းတစ်ယောက်ယောက်သာ ရှိနေလျှင် ထပြေးမှာ သေချာသည်။

သိပ်ကြာကြာ မမောင်းလိုက်ရပါ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့တွင် သက်သက်ငြိမ်းက ကားကိုရပ်ရင်း 'ကဲ ဆင်းကြတော့'ဟု ပြောသည်။ 'ဘာလုပ်ဖို့လဲ'ဟု မေးတော့ 'နင်တို့ကို ငါ လက်ဖက်ရည်တိုက်မယ်လေ'ဟု ဆိုသည်။

ကန့်ကွက်သူ မရှိသဖြင့် သူမ၏ အစီအစဉ် အောင်မြင်သွားသည်။ စားသောက်ဖွယ်ရာတွေကို တစ်ယောက်တစ်ပေါက် မှာကြပြီးနောက် စစ်ဦးက...

"ဟဲ့...သက်သက်ငြိမ်း"

"အေးဟ သူ့နာမည်က 'မြူနှင်းအေး'တဲ့၊ ငါတို့ကတော့ 'မြူမြူ'လို့ပဲ အတိုကောက် ခေါ်တယ်"

"ဟေ..."

"ဟုတ်တယ်ဟ သူတို့ရပ်ကွက်နဲ့ ငါတို့ရပ်ကွက်က တစ်ဆက်တည်း။ ဒါပေမဲ့ သူတို့ကကျတော့ ဆင်းရဲသားရပ်ကွက်ဖြစ်သွားတာယ်"

"ဟောဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေါ့ဟာ အဲ့ဒီဖက်ကလူတွေက စရိုက်ကြမ်းတယ်ဟ၊ မြူမြူ့လည်း စွာတာပဲ၊ သူတို့ရပ်ကွက်ကို နာမည်ပြောင်နဲ့ ငှက်ကြီးတောင်ရပ်ကွက်လို့ ခေါ်တယ်”

“ဟဲ့...သက်သက်ငြိမ်း”

“အေး...သတိထားပေါ့ဟာ မြူမြူ့က အငယ်ဆုံးသမီး။ သူ့မှာ အစ်ကို သုံးယောက်ရှိတယ်။ တစ်ယောက်တစ်မျိုးစီ ဆိုးတယ်။ သူတို့ညီမလေးကိုလည်း ငုံထားမတတ်ချစ်တယ်”

“ဟဲ့...သက်သက်ငြိမ်းရယ် နှင့်ကို ငါက ဘာပြောသေးလို့လဲ”

“နှင် ဒါတွေကို မေးမှာ မဟုတ်လား”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့”

“ဒါပေမယ့် ဘာဖြစ်လဲ၊ သူကလည်း နှင့်အကြောင်းတွေ မေးသွား တာပဲ”

စစ်ဦး အမောတကော ပြန်မေးမိသည်။

“ဟုတ်လား ဘာတွေ မေးသလဲ”

“ဩော်...နှင့်သမီးအကြီးမကြီးက ဘယ်အရွယ်ရောက်ပြီလဲတဲ့”

“ဟာ...အဲ့ဒါတော့ မဖြစ်နိုင်ဘူးဟာ”

“မဖြစ်နိုင်ဘူးလား”

“အေး...”

“အဲ့ဒါဆိုလည်း မပြောတတ်ဘူးဟာ၊ ဖြစ်ရပ်က ကြာပြီဆိုတော့ ငါလည်း ကောင်းကောင်းမမှတ်မိတော့ဘူး”

စိတ်ပျက်လက်ပျက်ဖြစ်သွားသော စစ်ဦးကိုကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြသည်။ စစ်ဦးကတော့ မကျေနပ်ချေ။ သို့သော်လည်း



သက်သက်ငြိမ်း ပညာပြနေမှန်း သိသဖြင့် ဘာမှ ဆက်မပြောတော့ချေ။ ကိုယ့်ရှေ့ကို ရောက်လာသည့် ကော်ဖီမစ်ပလိန်းတစ်ခွက်ကိုသာ ကုန်းရုန်းသောက်နေလိုက်သည်။

ထိုသည်ကို အခွင့်ကောင်းယူပြီး ဝင်မင်းနှင့် လင်းလင်းရီတို့က သမီးရည်းစားချင်း ကလူကျီစယ်ရန် ပြင်လိုက်သည်။

“လင်းရေ”

“ဘာလဲ ကိုမင်း”

“ကိုယ်တို့ချင်း ဘယ်လောက်ချစ်ကြတယ်ဆိုတာ လင်းသိတယ်နော်”

“သိတာပေါ့ ကိုမင်းရဲ့”

“တချို့များ ကိုယ်တို့လိုမျိုး မဖြစ်ကြဘူးနော်”

“သနားစရာပေါ့ ကိုမင်းရယ်”

“မိုးနတ်မင်းကြီးကို လှမ်းလှမ်းအကူအညီတောင်းနေတယ်”

နောက်ကြည့်မှန်ထဲမှ လှမ်းလှမ်းကြည့်နေခဲ့သော သက်သက်ငြိမ်းကိုကြည့်ကာ ဝင်းမင်းက ပြောခြင်းဖြစ်သည်။ သက်သက်ငြိမ်းက မခံချင်ဖြစ်သည်။ စစ်ဦးက...

“သက်သက် နှင် ဘာမှ မခံချင်မဖြစ်နဲ့”

သက်သက်ငြိမ်းက ဘာမှ ပြန်မပြော။ စစ်ဦးက ထပ်ပြောသည်။

“ငါတစ်ယောက်လုံးရှိတယ်”

ထိုအခါကျမှ အော်သံ၊ ဝေါက်သံ၊ ရယ်မောသံများ ညံသွားတော့သည်။

ထိုအချိန်မှာပဲ ဝဝပုပု၊ ဗိုက်ရွှဲရွှဲ၊ အသားညိုညို မျက်နှာထား

www.burmeseclassic.com

www.burmeseclassic.com



မိုက်ခရိုဖုန်းပုံပေါက်နေသော လူတစ်ယောက် ဝင်လာသည်။

သက်သက်ငြိမ်းကို...

"ဘာတွေ သဘောကျနေတာလဲ ငြိမ်းရဲ့"

သူတို့တွေ 'သက်သက်'ဟုခေါ်နေသော သက်သက်ငြိမ်းကို ထိုလူကြီးက 'ငြိမ်း'ဟု ခေါ်သဖြင့် ဘာရယ်မဟုတ်ဘဲ အားလုံးက တညီတညွတ်တည်း ကြည့်မရဖြစ်သွားသည်။

သက်သက်ငြိမ်းက...

"ဘာရယ်မဟုတ်ပါဘူး၊ အစ်ကိုကြီးက ဘယ်သွားမလို့လဲ"

"မသွားပါဘူး၊ ဒီလက်ဖက်ရည်ဆိုင်ကိုပဲ လာတာ၊ ကံကောင်းချင်တော့ ငြိမ်းနဲ့တွေ့တာပေါ့လေ"

သူတို့ကိုကျတော့ မတွေ့သလိုလို၊ သူတို့ကိုတွေ့လျှင်ပဲ ကံမကောင်းတော့ဘူးလိုလို။ သို့သော်လည်း ထိုချာတိတ်ကြီးက သူတို့ဝိုင်းမှာပဲ ဝင်ထိုင်သည်။ ပညာပေး ဆုံးမပြီး ပြန်လည်စေလွှတ်ရန် စစ်ဦးတို့ကိုယ်ထူကိုယ်ထ ဆုံးဖြတ်မိကြ၏။

ထိုချာတိတ်ကြီးက သက်သက်ငြိမ်းကို စုလျားရစ်ပတ်ချင်လောက်အောင်ပင် မေတ္တာသက်ဝင် ချစ်ခင်နေပုံရသည်။ သက်သက်ငြိမ်းကမူ ထိုချာတိတ်ကြီးကို ရစ်ဘီးသေးသေးလေးပေးပြီး ကြိုးရှည်ရှည်နှင့် လံထားပုံရ၏။ သူ့အနားကို မသွားချေ။

သို့သော် ထိုချာတိတ်ကြီးက ဖွဲမလျှော့ပါပေ။

သက်သက်ငြိမ်းကို...

"ငြိမ်းကို ကိုယ်ပြောစရာရှိတယ်"

သက်သက်ငြိမ်းက လှုပ်လည်းမလှုပ်ပဲ မျက်ခုံးလေးပင့်တင်ကာ



"ဘာများပါလိမ့်"

ထိုချာတိတ်ကြီးက ချောလည်းမချောဘဲ ရယ်ပြကာ ပြော၏။

"ငြိမ်း စိတ်ဝင်စားမှာပါ"

"အင်း ဘာလဲလို့"

"လူတွေရဲ့ မျက်နှာပေးတွေအကြောင်းပါ"

"ကျွန်မက အဲ့ဒါတွေသိတော့ ဘာအကျိုးရှိမှာလဲ"

"ဩော်...လူမှုဆက်ဆံရေးမှာ အကျိုးရှိတာပေါ့ကွယ်"

"အင်း...ပြောစမ်းပါဦး"

"မပြောခင် အရင်ပြရမယ်ကွယ့်"

"ရှင်...ဘာပြမှာလဲ"

"အရုပ်ကလေးတွေ ဆွဲပြမှာပေါ့ကွယ်၊ ဒီလိုလေ ကြည့်စမ်းပါဦး"

ကိုချာတိတ်ကြီးက မျက်နှာဟန်ပန်တချို့ကို ဆွဲပြ၏။ စက္ကူအကောင်းစား၊ ဘော့ပင်အကောင်းစားနှင့်...

"ဒါက ပျော်နေတဲ့ပုံ"

"အင်း..."

"ဒါက ဝမ်းနည်းနေတဲ့ပုံ"

"အင်း..."

ဒါက စက်စုပ်ရွံရှာနေတဲ့ပုံ"

"အင်း..."

"ဒါက ဒေါသထွက်နေတဲ့ပုံ"

"ပုံကြည့်တာနဲ့ ကျွန်မ သိပါတယ်"

"ကဲ...ဒါဖြင့် ဒါက ဘာပုံလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြသောပုံကို သက်သက်ငြိမ်းက သေသေချာချာကြည့်ရင်း

"အဲ့သြနေတဲ့ပုံထင်တယ်"

"ငြိမ်းကလေး တော်တယ်"

ငြိမ်းကြီးဆိုလျှင် မတော်ဘူးဟူသော အဓိပ္ပါယ်မျိုးပေါက်နေသည်။

"သြ...မတော်ဘဲနေတော့မလား ရှင်ဆွဲပြနေတာက ရသကိုးပါးထဲက ပုံတွေကိုး"

"ငြိမ်းကလေး ထင်သလား"

"ထင်တာမဟုတ်ဘူး မြင်တာ"

"ကဲ...ဒါဖြင့်ရင် ငြိမ်းကလေးကို ကိုကိုကြီး ပညာပြမယ် ကြည့် ဒါ ဘာပုံလဲ"

သက်သက်ငြိမ်း အတော်စဉ်းစားသွားရ၏။ နံဘေးမှ လိုက်ကြည့်နေသော စစ်ဦးတို့ကလည်း မဝေခွဲတတ်ချေ။ ချာတိတ်ကြီးက တဟဲဟဲရယ်ကာ...

"ကဲ...ပြောပါဦး၊ အဲ့ဒါ ဘာပုံလဲ"

သက်သက်ငြိမ်း မဖြေတတ်ချေ။ စစ်ဦးတို့ပြောစေချင်သလို သူမက ပြောလိုက်၏။

"မသိဘူး"

"အဲ့ဒါ မထေမဲ့မြင်ပြုတဲ့ပုံပေါ့ကွယ်"

"သြော်...သြော်..."

သက်သက်ငြိမ်း ခံသွားရသည်။ အမှန်တော့ စစ်ဦးတို့ပါခံရတော့သည်။ ချာတိတ်ကြီးက ဆက်လက်ပညာပြ၏။ ဟုတ်သည်လေ။



မထေမဲ့မြင်ဖြစ်စေသော ရသဆိုတာ သင်မှ မသင်ခဲ့ရတာ

"ကဲ...ဒီပုံကကောကွယ်"

ထိုပုံကိုလည်း မမှန်းဆတတ်ကြပြန်။

"အဲ့ဒါ အားမလိုအားမရ ဖြစ်နေတဲ့ဟန်လေ"

ခံဦးဟာ။

နောက်ဆုံးမှာ ချာတိတ်ကြီးက ပုံတစ်ပုံဆွဲပြ၏။ ထိုပုံကိုကျတော့ သူတို့တင်မကဘဲ သက်သက်ငြိမ်းကလည်း သိလေသည်။ သိလည်း အငြိမ်နေသည်မှ မဟုတ်ပဲ။

"အဲဒါ ချစ်သူနဲ့တွေ့လို့ ရှက်ကြည်နူးနေတဲ့ပုံလေ"

ချာတိတ်ကြီး ဝမ်းပန်းတသာ ဖြစ်သွားသည်။ (သူ ဝမ်းပမ်းတသာဖြစ်ပုံကိုတော့ ရုပ်ပုံနှင့် ဆွဲပြ၍ ရမည်မထင်ချေ)

"အဲ့ဒါပေါ့...အဲ့ဒါပေါ့...ကိုကိုကြီးပြောချင်တာ အဲ့ဒါပေါ့"

"ဘာလဲ"

"ငြိမ်းကလေးက ကိုကိုကြီးနဲ့တွေ့ရင် အဲ့ဒီလိုနေစမ်းပါ"

"သေလိုက်..."

"ဟဲ...ဟဲ...မသေပါဘူး ငြိမ်းကလေးရယ်၊ ကဲ...ကိုကိုကြီး သွားဦးမယ်"

ချာတိတ်ကြီးက စစ်ဦးတို့ကိုပါ နှုတ်ဆက်သလို ခေါင်းဆတ်ပြပြီး ပြန်သွားသည်။ သူ ခပ်ဝေးဝေးရောက်မှ စစ်ဦးက...

"ဟဲ့ သက်သက်"

"ဟေ"

"ဒီချာတိတ်ကြီးက ခေတော့ မခေဘူးဟ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တချို့ပုံတွေတော့ သူဆွဲပြနိုင်ဖို့ မလွယ်ဘူး"

"ဘယ်လိုပုံလဲ"

"ဥပမာ ငွတီးငွကျဖြစ်နေတဲ့ပုံတို့"

"နင့်ကိုကျမှ ဆွဲနိုင်း"

"ပြီး အောင့်သီးအောင့်သက်ဖြစ်နေတဲ့ဟန်တို့"

"နင့်အလည့်ကျမှ ဆွဲခိုင်းလို့ပြောနေတယ်"

"ဒါနဲ့ အဲ့ဒီလူကြီးက နင့်ကို ကြိုက်နေတာလား။ ရည်းစားစကားပြောပုံကတော့ မိုက်တယ်"

သက်သက်ငြိမ်းက မဖြေချင့်ဖြေချင်နှင့်...

"အင်း"

"အဲ့ဒီလူကြီးက ပန်းချီဆရာလား"

"နင့်ယောက်ဖချစ် နံပါတ်(၁)ပေါ့"

"ဘယ်လို"

"မြူမြူ့အစ်ကို အကြီးဆုံး"

"ဟင်..."

စစ်ဦး အငိုက်မိသွားသည်။ ငိုင်ကျသွားပြီးမှ ပြန်မေး၏။

"သူက ဘာလုပ်တာလဲ"

"ကျူရှင်ဆရာ"

ဒါကြောင့် လူမကြောက်တတ်တာကိုးဟု စစ်ဦး တွေးမိ၏။ စကားပြောလျှင်လည်း မိုက်သံပါနေသည်။ ခင်လည်းမခင်ဘဲ အားလည်း မနာသည့်တိုင် ဝတ္တရားအတိုင်း မေးရသည်။





"မြူမြူနဲ့သူနဲ့ကကော တည့်လား"

"အိုး...မြူမြူက သူနဲ့မှ မဟုတ်ဘူး၊ သူ့အစ်ကို အကုန်လုံးနဲ့ တည့်တယ်၊ အစ်ကိုတွေက သူ့ကို အရမ်းချစ်တယ်"

"ခုနကလူကြီးက သိုင်းတတ်လား"

"ဘာလုပ်မလို့လဲ"

"ဟို မြူမြူ့နားကို ကပ်လို့လွယ်ပါ့မလား"

"အို ငါတစ်ယောက်လုံးရှိပါတယ်"

"နင် နင်ကကော သိုင်းတတ်သလား"

"ဟဲ့...ငေါ်း"

သက်သက်ငြိမ်းက စိတ်မရှည်ဘဲ ထအော်သဖြင့် စစ်ဦး ငြိမ်လိုက်ရသည်။ ပြီးမှ တီးတိုးတီးတိုးလေသံဖြင့်...

"ဟုတ်သားပဲ ဒီချာတိတ်ကြီးက နင့်ကို ကြိုက်နေတာပဲ၊ ဒီကိစ္စကို အကွက်ကောင်းယူပြီး မြူမြူ့ကို ချည်းကပ်လို့ရတာပဲ၊ ဩော်... သက်သက်ငြိမ်း သက်သက်ငြိမ်း"

"ဘာလဲ..."

"ငါ့ပျော်ရွှင်မှုအတွက် နင့်ကိုယ်နင် အနစ်မွန်းခံတော့မယ်မဟုတ်လားနော်"

"ဟယ်...သေနာကောင်"

သက်သက်ငြိမ်းက အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းနှင့် လှမ်းပက်သောကြောင့် ကပျာကရာ ခုန်ရှောင်ရင်း သူတို့ဝိုင်းကလေးမှာ ရယ်သံကလေးများ လျှံသွားရသည်။

သက်သက်ငြိမ်းက မျက်နှာပိုးသပ်ရင်း သတိပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ဟော့ သိပ်အူမြူးမနေကြနဲ့"

"ဘာဖြစ်လို့လဲ"

"ဒီရုပ်ကွက်ကို ဘာမှတ်သလဲ ငှက်ကြီးတောင်စာ မိသွားမယ်"

"အဲ..."

တဝါးဝါး တဟားဟား ဖြစ်နေသော သူတို့အားလုံး ငြိမ်ကျသွား၏။ လင်းလင်းရီက ဝင်းမင်းကို လှမ်းစ၏။

"နင် ငါ့ကို ပိုးတုန်းက ဒီလောက် မပင်ပန်းဘူးထင်တယ်နော် ကိုမင်း"

"အေးလေ နင်က ငါ့ကို အဝေးကြီးကတည်းက ရယ်ရယ်ပြ နေတာကိုး"

"ဘာ...အောင်မာ"

ရယ်ကြရပြန်သည်။ ရယ်သံများအဆုံးမှာ စစ်ဦးက သက်သက် ငြိမ်းကို...

"မိသက်..."

"ဘာလဲ..."

"ငါ့ကို သူ့အကြောင်း နည်းနည်းပြောပြစမ်းပါ"

လက်ဖဝါးနှစ်ဖက်ကို ပွတ်ပြီး ရှက်ယောင်ပြလိုက်၏။ သက်သက် ငြိမ်းကလည်း မျက်နှာထားကို တင်းမာလိုက်ပြီး မသိချင်ယောင်ဆောင် တာ...

"ဘယ်သူ့အကြောင်းလဲ"

"အဲဟိုလေ မြူလေ မြူနိုးဝေဆိုလား ဘာလား သူ့အကြောင်း"



သက်သက်ငြိမ်း ကသိကအောက်ဖြစ်သွားကာ...

"မြူနှင်းအေးများလား"

ထိုအခါကျမှ စစ်ဦးက ပေါင်ကို လက်ဖဝါးနှင့်ပုတ်ကာ...

"အာ...ဩော်...ဟုတ်တယ် ဟုတ်တယ် မြူနှင်းအေး... မြူနှင်းအေး အကြောင်း"

"အင်း..."

သက်သက်ငြိမ်းက မလိုတမာ 'အင်း' လိုက်၏။ ထို့နောက်မှ

"မြူနဲ့နှင်းနဲ့က တကယ်တော့ သိပ်မတူဘူးပေါ့ဟာ၊ ဒါပေမဲ့ မြူကောနှင်းကောက ရီဝေအုံ့မှိုင်းတဲ့ သဘောရှိတယ်။ ပြီးတော့ အေးချမ်း စေတယ်"

"အေး...ဟုတ်ပါပြီ ကျန်တာတွေပြောပါဦး"

"ဒါပဲလေ"

"ဘာ..."

"ဒါပဲလေ"

"ငါ မေးနေတာ မြူနှင်းအေးအကြောင်းလေ"

"ငါ ဖြေနေတာကလည်း မြူနှင်းအေးအကြောင်းလေ"

စစ်ဦးက မကျေမနပ်ပြောရန် ပြုဆဲမှာ လောကကြီးတစ်ခုလုံး မြူတွေနှင်းတွေ အကုန်လုံးမှိုင်းမြလာသလို အေးငြိမ့်သွား၏။ ဆိုင်ရှေ့မှ မြူနှင်းအေး ဖြတ်လျှောက်သွားခြင်းဖြစ်သည်။ သက်သက်ငြိမ်းက မေးငေါ့ ပြကာ...

"ဟိုမှာ မြူမြူ ပြန်လာပြီ လိုက်စကားပြောပါလား"

"ငါ ရုပ်ရှင်သွားကြည့်မလို့ အချိန်နီးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မြူမြူ့ကိုပါ ခေါ်သွားပေါ့"

"နေပါဦးဟာ ခုအချိန်မှာ လွတ်လွတ်လပ်လပ် နေပါရစေဦး"



(၄)

မိန်းမငယ်

ထလော့ ဟု မိန့်ဆိုသည်။

(၅း၄၁ ရှင်မာကုသက်ကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်မှောင်ပြီးကာမှ အိမ်သို့ ပြန်ရောက်သည်။ တစ်လမ်းလုံး စိတ်လက်လန်းဆန်းစွာ ပြန်လာသမျှ အိမ်ရောက်မှ အမောဆို့သွားသည်။ နာရီကိုကြည့်တော့ ရှစ်နာရီထိုးတော့မည်။ ခုထိ မပြန်သေးသော ညွှန်သည်က ရောက်နေသည်။

ဝါဝါသောင်းဝေဖြိုး...

သူ ပြန်အပို့ကို စောင့်နေခြင်းဖြစ်မည်။

"ဟော...ကိုဦးက ခုမှ ပြန်လာတာကိုး"

အဖေနှင့်အမေက ဘာမှ မပြောရသေး သူက ဆီးပြောသည်။

"အင်း...မြို့ထဲသွားတာ ဒီလောက်တော့ ရှိမှာပေါ့"

ထိုမျှသာ ဝတ္တရားကျေ ပြန်ပြောခဲ့ပြီး အိမ်ခန်းတွင်း တန်းဝင်ခဲ့သည်။ ခင်ဦးက ထလိုက်လာသည်။

"ကိုကိုနော် ညွှန်သည်ကို စကားပြောဦး"





"ငါ့ညွှန်သည်မှ မဟုတ်ဘဲ၊ နင့်ညွှန်သည်ပဲ၊ နင့်သူငယ်ချင်းပဲ"

"ညီမလေးသူငယ်ချင်းဆိုပေမဲ့ ကိုကို့ဆီလာတဲ့ဟာပဲ"

"သူက အဲ့ဒီလိုပြောလို့လား"

"ကိုကိုနော် မိန်းကလေးကတော့ ပြောပါ့မလား။ ကိုယ်က ယဉ်ကျေးမှုရှိမှပေါ့"

"ငါက သူနဲ့ ဘာသွားပြောရမှာလဲ"

"ဩော်...ဘယ်က လှည့်လာတာလဲ ဘာလဲပေါ့"

"ဒီကိုပဲ တမင်ဝင်လာတာပဲ၊ ကိုကို့ဆီသက်သက်ဆို ဘယ်လို လုပ်မလဲ"

ခင်ဦးက တစ်ခုခုပြောမည့်ဟန်ပြုပြီးမှ မအောင့်နိုင်ဘဲ ရယ်သည်။

"ကိုကိုကလည်း ဝါဝါက မဆိုးပါဘူး"

"ဘာမဆိုးရမှာလဲ"

ခင်ဦးက ထပ်ရယ်သည်။

ဟိုကောင်မလေးကလည်း ဟိုကောင်မလေး။ ဝါဝါဆိုလျှင်လည်း ဝါဝါဟု အမည်ယူလျှင်ရပါသည်။ နောက်မှ ဦးသောင်းဝေဖြိုးဆိုသော ဖခင်ဖြစ်သူ၏အမည်က ပါလာသဖြင့် ဝါဝါသောင်းဝေဖြိုး ဖြစ်နေသည်။ သူ့ကို တွေ့ရတိုင်း ဆံပင်ကွက်ဖြူပြီး မျက်မှန်အထူကြီးတပ်လျက် ဆေးပြင်းလိပ်ကြီး ခဲထားသလို မြင်ယောင်မိသည်။

ဝါဝါသောင်းဝေဖြိုးက မိန်းမချောတော့မဟုတ်၊ မိန်းမထွားကြီးဖြစ်သည်။ အတော်ကြီးမြင့်မား ညိုမှောင်း ထွားကျိုင်းသည်။ အသက်က ၂၂နှစ်သာ ရှိလင့်ကစား ၄ဝကျော် မိန်းမကြီးတစ်ယောက်ဟု ထင်မှတ်မှား ဖွယ်ရာ ရင့်ကျက်မှုကြီးမြင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါသောင်းဝေဖြိုးက (သူ့ညီမလေးဖြစ်သူ) ခင်ဦး၏ အချစ်ဆုံး သူငယ်ချင်းများထဲမှ တစ်ယောက်။ ခင်ဦးကို သူပြောဖူးသည်။ 'နင့်ဘာသာ ချစ်ရင်ချစ် ငါကတော့ မချစ်ဘူး'ဟု။

ဟုတ်သည်လေ။ သူတို့မိန်းကလေးသူငယ်ချင်းအချင်းချင်း ချစ်ကြ ပေ့ါ။ သူတို့ချင်း ယူလို့မှ မရတာ။ ကိုယ်က ချစ်မိလျှင် ယူရဦးမည်။ ယူနိုင်ပါဘူး။ အဲဒါကြီးကို။

ဆိုးရွားသော အချက်တစ်ချက်ရှိသေး၏။ ထိုသော ဝါဝါ သောင်းဝေဖြိုးအမည်ရှိ မိန်းမထွားကြီးက သူ့ကို(ခင်ဦးခေါ်သလို)ကိုကိုဟု လိုက်ခေါ်တတ်ခြင်းဖြစ်သည်။ ဝါဝါသောင်းဝေဖြိုးက သူ့ကို ကိုကိုဟု ခေါ်လိုက်တိုင်း စစ်ဦး၏ မြီးညှောင့်ရိုးမှာ တုန်ခနဲ တုန်ခနဲခါသွားတတ်သည်။

ထို့ကြောင့် စစ်ဦးက ဝါဝါသောင်းဝေဖြိုးကို အသေကြောက် သည်။

သို့သော်လည်း...

လှုပ်ရှားမှုရေးအရ မကောင်းတတ်သဖြင့် ရေမိုးချိုးအဝတ်စားလဲပြီး ညှဉ်ခန်းထဲ ပြန်သွားရ၏။ သူ့ကို မြင်တော့ ဝါဝါသောင်းဝေဖြိုးက ရွှန်းရွှန်းစားစားကြည့်ပြီး...

"ဒီလ သရဖူမဂ္ဂဇင်းမှာ ကိုကို့ကဗျာကို ဖတ်လိုက်ရတယ်။ အရမ်းကောင်းတာပဲ"

တ,သတ်နှင့် 'ဖတ်'တာဖြစ်၍ တော်ပါသေး၏။

က,သတ်နှင့်'ဖက်'လိုက်လျှင် ရင်ကျိုးဖွယ်ရာ။

စစ်ဦးက ဝါသနာအလျောက် ကဗျာလေးစာလေးရေးတတ်၏။ မဂ္ဂဇင်းများတွင် ဟိုတစ်စသည်တစ်စ ပါတတ်သည်။ နာမည်ကြီးကဗျာ



ဆရာတစ်ယောက်တော့ မဟုတ်ပါ။

"ကိုကို ကဗျာတွေကော ရေးဖြစ်သေးလားဟင်"

ဝါဝါသောင်းဝေဖြိုးက ကန့်ကလန့်မေးလာသည်။ ဖေဖေနှင့်မေမေ ကို စိတ်မသက်သာစွာ လှည့်ကြည့်တော့ နှစ်ဦးလုံးက တစ်ဖက်လှည့်ပြီး ပြုံးနေသည်။

"အင်း...ရေးဖြစ်ပါတယ်"

"တစ်ပုဒ်လောက် ပြပါလားဟင်"

"ဘာလုပ်မလို့လဲ"

"ဖတ်မလို့ပါ"

ဒုက္ခပါပဲ၊ ကံဆိုးချင်တော့ ဝတ်လာသည်က အိတ်ကပ်ပါသည့် ညဝတ်အင်္ကျီဖြစ်ပြီး ထိုအိတ်ကပ်ထဲတွင် မနေ့ညက ရေးထားသော ကဗျာ ပါလာလေသည်။ တမင်ယူလာခြင်းမဟုတ်ဘဲ သူ့ဘာသာသူ အလိုအလျောက်ပါလာခြင်းဖြစ်သည်။

"ရော့..."

မယ်မင်းကြီးမက ပေးတာကို လှမ်းယူပြီး ချက်ချင်းမဖတ်ဘဲ အင်တာဗျူးသေး၏။

"ဘယ်မဂ္ဂဇင်းမှာပါတာလဲ ကိုကို"

"ဘယ်မှာမှ မပါသေးဘူး"

"ကိုကို့မှာ မိတ္တူရှိသေးလား"

"ဘာလုပ်မလို့လဲ"

"ဒီလက်ရေးစာမူကို ဓါ ယူသွားမလို့"

"အာ...ဘယ်ဖြစ်မလဲ အချစ်ကဗျာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ချစ်ချစ်ပေါ့"

"ဟာ...မရဘူး မိတ္တူလည်း မရှိဘူး"

လူကြီးတွေရှေ့မှာ ရှက်လည်းမရှက်ချေ။ သူမက...

"ဒါဖြင့် ဒီကဗျာကို ဝါ ယူသွားပြီး မိတ္တူကူးလိုက်မယ်လေ၊ လက်ရေးမူကို ဝါ ယူထားပြီး မိတ္တူကို ကိုကို ပြန်ယူထားပေါ့"

"အာ...မယူဘူး မလုပ်နဲ့၊ ကဗျာကို အပေါက်ကြားမခံနိုင်ဘူး၊ အရင်ဆုံးဖတ်ရရင် ကျေနပ်တော့ပေါ့"

"အင်းလေ...ဒါဆိုလည်း ကိုကို့သဘောပါပဲ"

ဝါဝါသောင်းဝေဖြိုးက ကဗျာကို ဖွင့်ဖတ်သည်။ ဝေဖန်သံတော့ ကြားရလိမ့်ဦးမည်ဖြစ်ကြောင်း သူ တွေးဆမိပြီးသား ဖြစ်၏။ ကဗျာက...

ဘာအကြောင်းမှ မရှိဘဲ
မင်းနဲ့ငါ ခင်ခဲ့ကြတယ်။
ဘာအကြောင်းမှ မရှိဘဲ
မင်းနဲ့ငါ သံယောဇဉ် ဖြစ်ခဲ့ကြတယ်။

ဘာအကြောင်းမှ မရှိဘဲ
မင်းနဲ့ငါ သူစိမ်းဆန်ခဲ့ကြတယ်။
ဘာအကြောင်းမှ မရှိဘဲ
ဒီကဗျာကို ရေးဖြစ်ပါတယ်။

ဩော်....





တကယ်တော့လည်း
ဘာအကြောင်းမှ မရှိပါဘူး သူငယ်ချင်းရယ်။

"ဟင်...ကိုကို့ကဗျာက ဘယ်လိုကြီးလဲ"

"အေးလေ...ဒါကြောင့် ဒီကဗျာကို 'ဘာလဲကွယ်'လို့ နာမည်တပ်ထားတာပေါ့"

"ဘာမှလည်း မဟုတ်ဘဲနဲ့"

"အေးလေ ဘာအကြောင်းမှ မရှိပါဘူးလို့ ပြောထားသားပဲ"

"ဘာအကြောင်းမှ မရှိဘဲ ဘာလို့ ကဗျာရေးရတာလဲ"

"အကြောင်းရှိမှ ကဗျာရေးရမှာလား"

"အင်းပေါ့"

"အေးလေ...ခုဟာက ဘာအကြောင်းမှ မရှိတဲ့အကြောင်း ရေးထားတဲ့ ကဗျာပေါ့"

"အကြောင်းမရှိဘဲ ဘာလို့ ကဗျာရေးတာလဲ"

"ကဗျာထဲမှာတောင် ပါသေးတယ်၊ အကြောင်းမရှိလို့ ရေးပါတယ်လို့"

"ဟင်...ဘာလဲဟ"

"အင်းလေ အဲ့ဒါကြောင့် ကဗျာခေါင်းစဉ်ကို 'ဘာလဲကွယ်'လို့ တပ်လိုက်တာပေါ့"

ဝါဝါသောင်းဝေဖြိုးက မကျေနပ်ချေ။ ခေါင်းတစ်ခါခါလုပ်နေသည်။ စစ်ဦးက ကဗျာစာရွက်ကို ပြန်တောင်းယူကာ 'ကဲ စကားပြောနေနှင့်ဦး၊ လုပ်စရာ စာရင်းလေးတွေ သွားလုပ်လိုက်ဦးမယ်'လို့ပြီး အနိုင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပိုင်းကာ ထွက်ခွာလာခဲ့သည်။

အတော်ကလေးကြာမှ ဝါဝါသောင်းဝေဖြိုး ပြန်သွားကြောင်း ညှော်ခန်းထဲမှ အသံဗလံများအရ သိရသည်။ မေမေက မသိနိုးနားနှင့် သူ့ကို လှမ်းအော်သေးသည်။

"သားရေ ဝါဝါပြန်ပြီတဲ့"

"ဟုတ်ကဲ့ ပြန်ပါစေလေ၊ ဘတ်စ်ကားစီးရင်စီး၊ ဒါမှမဟုတ်ရင် ကကင်္ဂါးစီး၊ ဆိုက္ကားတော့ မစီးနဲ့လို့"

"အံမယ်…သားက ပူပန်တယ်ပေါ့လေ"

"ဟုတ်ကဲ့ ဆိုက္ကားသမားကို သနားလို့"

ဝါဝါသောင်းဝေဖြိုး စိတ်ဆိုးပြီး ပြန်သည်ထင်သည်။ ပြန်တာက တော့ သေချာသွားပြီ။ ညီမချော ခင်ဦးက သူ့အခန်းထဲသို့ နှုတ်ခမ်းစူ လျက် ရောက်ရှိလာသည်။

"ကိုကိုလုပ်တာ မဟုတ်သေးဘူးနော်"

"ဘာမဟုတ်တာလဲ"

"ဝါဝါ့ကို အားနာဖို့ကောင်းတယ်"

"ဟော့ဟော့…အိမ်ထောင်ရေးမှာ အားနာပြီးယူလိုက်ရတယ်ဆိုတာ ကမှ ပိုမကောင်းတာ"

"အဲ့ဒါဆိုလည်း ကိုကို့ဘာသာ ရည်းစားတစ်ယောက် အတည် ထားလိုက်"

"အေး…ငါလည်း နင့်ကို အဲ့ဒါ ပြောမလို့"

"ဟင်…ဘာ ကိုကို ရည်းစားထားမလို့၊ ဟုတ်လား။ တွေ့ထား ပြီးပြီလား"



"အေး…"

ခင်ဦး အကြီးအကျယ် စိတ်ဝင်စားသွားသည်။

"ဟုတ်လား…ဘယ်သူလဲ…ဘယ်ကလဲ"

"မြူနှင်းအေးတဲ့၊ အတိုကောက် မြူမြူလို့ခေါ်တယ်"

"လှလားဟင်"

"ငါကြိုက်ပြီဆိုမှတော့ လှလို့ပေါ့"

ဟုတ်တော့လည်း ဟုတ်သည်။ စစ်ဦးက အလွန်အလှကြိုက် သည်။

"ဘယ်…ဘယ်ကလဲ"

"ငှက်ကြီးတောင်ရွာက"

"ဘာရယ်"

"ဒီလိုဟာ"

စရိုက်ကြမ်းသည်ဆိုသော ထိုရပ်ကွက်အကြောင်း ရှင်းပြရသည်။ ခင်ဦးက စိုးရိမ်နေသည်။

"ဖြစ်ပါ့မလား ကိုကိုရယ်၊ တော်တော်ကြာ ကိုကို့ကို ငှက်ကြီး တောင်နဲ့ ခုတ်လှတ်နေပါဦးမယ်"

"ငါက ပေါင်းသင်းဆက်ဆံတတ်ပါတယ်ဟ"

"အဲ့ဒီကိုကို့ကောင်မလေးမိသားစုကကော"

"အစ်ကို သုံးယောက်လုံးကတော့ လက်မရွံ့တွေချည်းပဲ၊ ကောင်မလေးကလည်း စွာတယ်၊ ရဲတင်းပြီး သွက်သွက်လက်လက်ရှိတယ်၊ ဒါပေမယ့် စိတ်ကောင်းနှလုံးကောင်းရှိကြပါတယ်"

"အောင်မာ ဘယ်လိုလုပ်သိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ငါနဲ့တောင် ရင်းနှီးလက်စ ဖြစ်သွားပြီ"

"ဘယ်နှာ့တုန်း"

"ဒီလိုဟာ"

အစချီပြီး မြူမြူနှင့်ဆုံတွေ့မှု တ–ကြိမ်ကို ပြန်ပြောပြရသည်။

"အမှန်တော့ ရုပ်ရှင်သွားဖို့က စောနေသေးတယ်ဟ၊ ငါလည်း အလကားနေ အလကားပဲဆိုပြီး မြူမြူ့နောက်က လိုက်သွားလိုက်တယ်၊ သူ့အိမ်က သိပ်မှ မဝေးပဲ၊ အိမ်ကြီးအိမ်ကောင်းပဲဟ၊ ပျဉ်ထောင်နှစ်ထပ် အိမ်ကြီး"

"အင်း"

"သူက ငါလိုက်လာတာကို သိတယ်ဟ"

"ဘယ်လိုလုပ် သိသွားတာလဲ"

"မပြောတတ်ဘူး"

သူမတို့အိမ်နားရောက်ခါနီးတော့ မြူနှင်းအေးက လှမ်းလက်စ ခြေကို တုန့်ခနဲ ရပ်သည်။ သူ့ကို ခပ်တည်တည်လှည့်ကြည့်သည်။

"ကျွန်မနောက်ကို လိုက်လာတာလား"

"ဟုတ်တယ်လို့ ဆိုပါစို့"

"အိမ်သိချင်လို့ထင်တယ်"

"ဖြစ်နိုင်ပါတယ်"

"သက်သက်ငြိမ်းက ပြောမပြဘူးလား"

"သူကလည်း သိပ်မအားဘူး"

"ဒါဖြင့်လည်း ကျွန်မကပဲ ပြောပြရမှာပေါ့၊ မှတ်ထားလိုက်"

"ဟုတ်ကဲ့ ကြိုးစားကြည့်ပါမယ်"



"ဟိုအိမ်"

တစ်ခြံကျော်မှ အိမ်ကြီးကို လက်ညှိုးထိုးပြသည်။

"အဲ့ဒီအိမ်ပဲ မှတ်ထား"

"ဝင်ပြလေ"

"ဘာ..."

"ခင်ဗျားအိမ်ဆို ခင်ဗျား ဝင်ပြလေ"

"အိုး...ဝင်ပြမယ်။ ပြန်လည်း ထွက်မလာတော့ဘူး၊ ကျွန်မ မရှိရင်လည်း ရေလေးဘာလေး တောင်းသောက်လို့ရတယ်"

ပြောပြောဆိုဆို ထိုအိမ်ထဲသို့ ဝင်သွားတော့၏။ သူ လက်ပြပြီး ပြုံးစိစိနှင့် ကျန်ရစ်ခဲ့၏။ စကားဆုံးတော့ ခင်ဦးက မေးသည်။

"ကောင်မလေးက လှလား"

"အိုး လှမှလှ။ ဘုရားဈေးက ငှက်ကြီးတောင်ခါးကြိုးလိုကိုလှ"

www.burmeseclassic.com

www.burmeseclassic.com



[၅]

> စောင့်နေကြလော့ဟု
>
> သင်တို့ကို ငါဆိုသည့်အတိုင်း
>
> ခပ်သိမ်းသောသူတို့အား ငါဆိုသည်။
>
> [၁၃း၃၇ ရှင်မာကုကျမ်း]



ထိုရက်ပိုင်းများအတွင်းမှာ အကြောင်းမရှိ အကြောင်းရှာပြီး သက်သက်ငြိမ်းတို့အိမ်သို့ ရောက်ရလေသည်။ သက်သက်ငြိမ်းတို့အိမ်က ရသည့်အခွင့်အရေးကို မလွှတ်စတမ်းယူပြီး သူနှင့်သက်သက်ငြိမ်းကို အထင်လွဲရန် ပြင်ကြသေး၏။

သို့သော်...

သက်သက်ငြိမ်းက မည်သို့မည်ပုံ ဖြေရှင်းလိုက်သည်မသိ၊ သူ ရည်ရွယ်ရောက်ရှိလာသည်က မြူနှင်းအေးထံဖြစ်ကြောင်း မကြာခင် သိသွားကြသည်။ သက်သက်ငြိမ်း၏ အစ်မ ခက်ခက်စိမ်းက မေးမြန်းသည်။

"စစ်ဦးက ရည်းစားလည်း မရှိဘူးဆို"

"ခုမှ မြူနှင်းအေးကို ထားမလို့"

"လွယ်ပါ့မလား"

"ဒါကတော့ မခက်တို့ရဲ့ ပံ့ပိုးမှုလည်း လိုတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အလိုတော် ဘယ်နှယ့် ကျုပ်က ပါလာရတာလဲ"

"သြော်...နုတ်၏စောင်မခြင်း၊ လက်၏ စောင်မခြင်းပေါ့လေ"

"ရပါလိမ့်မယ် အားကြီးကြီး၊ ကျုပ်တို့နဲ့မြနှင်းနဲ့ကလည်း မရင်းနှီးလှပါဘူး"

"ကျွန်တော်ကတော့ ကြိုးစားရမှာပဲဗျာ"

"အေး...တွန့်ဆုတ်တွန့်ဆုတ် ကြိုးစားလို့ကတော့ ရမှာမဟုတ်ဘူး၊ ကောင်မလေးက ဟောဟောဒိုင်းဒိုင်းလေး"

"သူကကော အရင်က ရည်းစားမရှိဘူးလား"

"ရှိတယ်လို့ မကြားမိ မမြင်မိပါဘူးကွယ်၊ ဒါမျိုးကို ဝါသနာမပါဘူး ထင်ပါရဲ့"

မခက်၏စကားကြောင့် စစ်ဦးပင် ကြောင်တက်တက်ဖြစ်သွားသည်။

"ဒါ ဝါသနာပါစရာလားဗျ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ဘက်စဉ်းစားရတဲ့ကိစ္စပဲဟာ"

"အေး တို့ကတော့ ဝါသနာမပါပါဘူးဟယ်"

ဟင်...ဘယ့်နှယ့်ကြီးတုန်း...

အတင်းကြီးပါလား။

သူ့ဘာသာ ဝါသနာပါသည်ပြောပြော၊ မပါဘူးဆိုဆို ကိုယ်ကတော့ မြနှင်းအေးကို ချစ်မှာပဲ(သူ့ကိုတော့ မချစ်ပါ၊ အစ်မတစ်ယောက်လိုပဲ ခင်သည်)

ထိုသို့ သက်သက်ငြိမ်းတို့အိမ်သို့ အဝင်အထွက်များလာသဖြင့် မြနှင်းအေးနှင့်လည်း မကြာခဏ ဆုံသည်။ မြနှင်းအေးကလည်း မကြာခဏ လာလေသည်။



"မြမြ"

"ဘာလဲ အံ့မယ် နေပါဦး နင်က ငါ့ကို မြမြလေးဘာလေးနဲ့ နင်နဲ့ငါ ရင်းနှီးတာကျနေတာပဲ"

သူတို့က ရှင် ကျွန်မနှင့်ပြောလိုက် နင် ငါနှင့် ပြောလိုက်ဖြစ်နေသည်။

"နင့်အစ်ကိုကြီးနဲ့ငါတောင် အတော်ရင်းနှီးနေပြီ"

"ဘာ...ဘယ်သူနဲ့"

"ကိုတင်မောင်ဦးလေ၊ နင့်အစ်ကိုကြီးနဲ့"

"လာ...လာချည်သေး၊ ငါ့အစ်ကိုကြီးနဲ့နင်က ဘယ်လိုပတ်သက်လို့လဲ"

"နင့်အစ်ကိုကြီးက အရုပ်ဆွဲတာ ဝါသနာပါတယ်လေ၊ မျက်နှာဖြစ်ပျက်တဲ့ အမူအရာအနေအထားကို ပိုပြီး အာရုံထားတယ်လေ"

"ဟုတ်ပါတယ်၊ အဲ့ဒါ နင်နဲ့ဘာဆိုင်လဲ"

"ငါ့ပုံကို ဆွဲခိုင်းတော့ သူ မဆွဲနိုင်ဘူးလေ"

"နင့်မျက်နှာက ဘာထူးခြားနေလို့လဲ"

"ငါ ဝမ်းနည်းစနေတဲ့ မျက်နှာအနေအထားကို ဆွဲခိုင်းတာလေ"

"အမ်..."

"သရုပ်ပြထိုင်ပေးပါ့မယ်ဆိုတာတောင် နင့်အစ်ကိုက ဆွဲမပေးနိုင်ဘူး၊ တချိုးတည်း ပြေးပါလေရော၊ ငါ့မှာ ရယ်လိုက်ရတာ"

သူမက နှုတ်ခမ်းကလေးကို မဲ့ပြသည်။

"ဒါများ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခပ်တည်တည် ဆက်ပြောသည်။

"ငါ့အစ်ကိုကြီးဆွဲစရာမလိုပါဘူးဟယ်၊ ငါပဲ ဆွဲပေးပါ့မယ်၊ ကဲ... ကဲ...နင် ထိုင်ပြီး ဝမ်းညွှစ်နေလိုက်"

"အဲ..."

စစ်ဦး အီသွားသည်။ မြူမြူဆိုသော မြူနှင်းအေးကိုလည်း ဘာပြောရမည်မှန်း မသိရအောင် ဖြစ်သွားသည်။ ရှုးသလိုပေါ်သလိုနှင့်။

"အဲ့ဒါကို ထားစမ်းပါဦးဟာ အရေးမကြီးပါဘူး"

"ဘာက အရေးကြီးတာလဲ"

"နင်က ငါ့ကို ပြန်ချစ်ဖို့ပေါ့"

"ဟင်...ပေါ်ရဲလိုက်တာ"

စစ်ဦး လိုမ့်ခံနေရတော့သည်။

ထိုစကားများကို သူတို့တွေ အင်းလျားကန်စပ်မှာ တီးတိုးပြော နေသည်ဟုလည်း မထင်ကြပါနှင့်။ မြူနှင်းအေးအိမ်ဝမှာ အထဲနှင့်အပြင် အော်ပြောနေကြခြင်းဖြစ်သည်။

"ဒါထက် နင့်အစ်ကိုနှစ်ယောက်ကို ငါ မမြင်ဘူးသေးဘူးဟ"

"ဘာလုပ်မလို့လဲ"

"မကင်းရာမကင်းကြောင်းတွေ မဟုတ်လား"

"သွားစမ်းပါ"

"အစ်ကိုကြီးနာမည်က ကိုတင်မောင်ဦးနော်"

"အင်း..."

"အစ်ကိုလတ်နာမည်ကကော"

"ကိုတင်မောင်လတ်"





"အစ်ကိုလေးနာမည်က ကိုတင်မောင်လေးလား"

"ဒါပေါ့"

"အောင်မယ်လေး တော်ပါသေးရဲ့"

"ဘာဖြစ်လို့လဲ"

"ခေါ်ရပြုရလွယ်လို့ပေါ့၊ နောက်နောင် သမီးယောက်ဖတွေ ရန်ဖြစ်ကြရင် 'တင်မောင်ညီအစ်ကိုတွေ လာကြစမ်း' ဆိုပြီး တစ်ခါတည်း လှမ်းခေါ်လိုက်လို့ရတယ်"

"အောင်မယ် အောင်မယ် နင့်အသက်တောင် ဘယ်က တွက်ရ မယ်မှန်းမသိ ဖြစ်သွားမယ်"

"လောလောဆယ် အသက်ရှူချောင်သွားတာတစ်ခုတော့ ရှိတယ်ဟ"

"ဘာလဲ"

"နင့်နာမည်က 'တင်မကြီး' မဟုတ်လို့"

"ဘာကိစ္စဟုတ်ရမှာလဲ"

"အိုး...အိုး...ဟုတ်နိုင်ကိန်းရှိတယ်နော် သီသီလေး လွဲသွားလို့"

"တင်မကြီးဆိုတော့ကော ဘာဖြစ်လဲ"

"အို...အဲ့ဒီနာမည်ကြီးကို ငါ အသည်းယားတယ်၊ လောင်ချာနဲ့ ထုမ်းလှမ်းထုချင်တယ်"

"လာ...လာချည်သေး၊ ထုကြည့်ပါလား"

"မထုပါဘူး ဒါ့ထက် နင့်အဖေနဲ့အမေနာမည်ကကော"

"ဘာဖြစ်လို့ ငါ့ကို လာမေးနေတာလဲ၊ သက်သက်ငြိမ်းကို မေးလိုက် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေးတာပဲ"

"ဘာပြောလဲ"

"နင့်အဖေအမေနာမည်က ဂျင်မီထွတ်ခေါင်နဲ့ ကတ်သလင်းဒါလီတို့ မဟုတ်ဘူးတဲ့"

"ဒါဖြင့် ဘယ်သူတဲ့လဲ"

"အေး...အဲ့ဒါကိုကျတော့ မဖြေဘူး"

"ဘာဖြစ်လို့လဲ"

"မအားသေးလို့တဲ့"

မြမြ ပြုံးလေ၏။ သက်သက်ငြိမ်းက သက်သက်ညစ်ထားခြင်းဖြစ်ကြောင်း သိ၍ ပြုံးခြင်းဖြစ်သည်။ သူမ ပြုံးပုံက အလွန်လှလေသည်။ ဘယ်လိုလေးမှန်းမသိ။ ဘာနှင့်တူမှန်း မသိ။ ထို့ကြောင့် ပြောလက်စစကားကိုပဲ ပြန်ကောက်လိုက်သည်။

"အဲ့ဒါ ပြောဦးလေဟာ"

"ဘာလဲ"

"နင့်အဖေနဲ့အမေ့နာမည်"

"အဖေ့နာမည်က ဦးဝင်းကြူ"

မလှလိုက်တာ တော်ပါသေး၏။ သူမနာမည်က မြူနှင်းအေးဖြစ်ပြီး ကြူနှင်းအေးဖြစ်မသွားသောကြောင့်ပင်။

"ငါ့အမေနာမည်က ဒေါ်အေးကို"

ထောင်လက်စ နားရွက်ကပင် ပို၍ ထောင်သွားသကဲ့သို့ရှိ၏။

"ဘယ်သူ...ဘယ်သူ"

"အေးကို...ဒေါ်အေးကို"





မြတ်စွာဘုရား ဒီအရွယ်ရောက်ပြီ၊ B.A ဘွဲ့လည်း ရပြီးပြီ။ မိန်းမနာမည် "အေးကို"ဆိုတာ တစ်ခါမှ မကြားဘူးချေ။ သူမတို့အမေကျမှ ဘယ့်နှယ် ဒေါ်အေးကို ဖြစ်နေရသနည်း။

"ကဲ...ကဲ...နင်သွားဦး၊ ငါ ဆန်ဆေးပြီး ထမင်းချက်ရဦးမယ်၊ ငါ့အစ်ကိုလည်း ပြန်လာတော့မယ်၊ နင့်ကို ဧည့်ခံမနေနိုင်ဘူး။ သွားတော့"

မြူမြူက သူ့ကို စပါးလုံးရွေးနေရင်း လှမ်းပြောနေခြင်းဖြစ်သည်။ သူကလည်း အလိုက်တသိပင်...

"အေးပါ...အေးပါ...ဂူးဝါးနှင်းဆီရယ်..."

"ဘာဂူးဝါးနှင်းဆီလဲ"

ဂူးဝါးနှင်းဆီဆိုသည်က သူမကို ရပ်ကွက်ထဲမှ ကောင်လေးတွေခေါ်သော အမည်ဖြစ်သည်။ လှပသလောက် ရဲရင့်ခက်မာသော သူမကို နာမည်ဝှက်ပေးထားခြင်းပဲ ဖြစ်သည်။

သို့သော် တိုးတိုးတိတ်တိတ်နှင့် တစ်ရွာလုံးသိသော ကိစ္စဖြစ်၍ သူမကိုယ်တိုင်လည်း သိလေသည်။ အိုဘယ့်ဘယ် အိုဘယ့်ဂူးဝါးနှင်းဆီ။

"ဂူးဝါးနှင်းဆီဆိုတာလေးက လှပါတယ်ဟာ ချစ်ရာလေး"

"ချစ်ရာဆိုရင် နင်ပဲယူလိုက်၊ အဲ့...နာမည်ကို ပြောတာ"

"ငါနဲ့က မလိုက်ပါဘူး၊ နင်နဲ့ပဲလိုက်တာ၊ ဂူးဝါးနှင်းဆီမဟုတ်ရင် နင်က ဘာလဲ၊ ဘူးထွား...ထွား...ထွား...ထွား...နှင်းဆီလား"

သူမ ရယ်ချင်သွားသည်။ (ထိုပုံကို ကိုတင်မောင်ဦးအား ဆွဲခိုင်းရမည်)

"နင်နော် ငါ့ကို နာမည်လိုက်မဖျက်နဲ့၊ ကဲ...သွားတော့ဟ"

အလိုက်တသိနှင့်ပင် သူ ထွက်ခွာလာခဲ့ပါသည်။ ယာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထက်ခံစားပြောခြင်းကိုပင် သူ့မှာ ကျေနပ်လှပါပြီ။ (မြှူမြှူ(ခေါ်) မြှူနှင်းအေး (ခေါ်)ဝူးဝါးနှင်းဆီက သူ့ကို ဤမျှအထိ)

အပြန်လမ်းတွင် (ငှက်ကြီးတောင်ကျေးရွာအဝတွင်) ရန်ပွဲတစ်ပွဲ ကြုံသည်။ သူနှင့်လည်း မည်သူမှ မသိပါ။ အသက်သုံးဆယ်ကျော်အရွယ် ယောကျ်ား(ဟုထင်ရသူ)နှစ်ယောက်က နှုတ်ခမ်းတစ်လုံး ပန်းတစ်လုံးနှင့် ရန်တွေ့ခြင်းဖြစ်သည်။ တစ်ယောက်ဂုဏ်ပုဒ်တွေကိုလည်း တစ်ယောက်က ဖော်ထုတ်ကြ၏။

"ဟဲ့...ရွှေသူခိုး ကြောင်တောင်နိုက်မ"

"ဟဲ့...ငါကို 'မ'လို့မသုံးနဲ့၊ ယောကျ်ားဟဲ့ နတ်ကတော်မရဲ့"

"နင်သာ...ရွှေသူခိုးမ"

"နင်သာ...နတ်ကတော်မ"

မည်သူကမှလည်း ဖြန်ဖြေခြင်းမရှိချေ။

သူတို့ကလည်း ယောကျ်ားချင်းဖြစ်လင့်ကစား မိန်းမတွေလို ရန်ဖြစ်ကြ၏။ မထိုးမကြိတ်ဘဲ ပုဆိုးကို ခိုင်ခိုင်ပြင်ဝတ်ပြီး မိန်းမတွေလို နပန်းဖက်သတ်ခြင်းကို ဆိုလိုသည်။ နပန်းသတ်ရင်း သူတို့တွေ လုံးထွေး နေကြတော့၏။ လက်ရည်တူသူများဖြစ်ပြီး ဒိုင်မခွဲလျှင် ကွဲကိန်းမရှိချေ။

မနေနိုင်သော စစ်ဦးက ဝင်ရောက်ဖြန်ဖြေရတော့၏။ လူချင်း အတင်းဝင်ခွဲရတော့၏။ လူချင်းတော့ ကွဲသွား၏။ ကြားထဲမှ စစ်ဦးက အတော်အထိနာသွားသည်။

ဤနေရာတွင် ကြားဖြတ်ပြောစရာရှိလာသည်။ စစ်ဦးသည် အသက် ၂၅နှစ်ဝန်းကျင်ရှိ ခပ်ချောချော ခပ်မိုက်မိုက်ကောင်လေးဖြစ်၏။ ဆံပင်ကို အရှည်ထားပြီး စတီဗန်ဆီးဂဲလ်လို ခေါင်းစည်းထား၏။ ယခု



သူတို့ကို ဖြန်ဖြေရင်း ကိုယ့်ခေါင်းစည်းက ပြေကျလေသည်။ ဝုဆိုးက လည်း ပြန်ပြန်စည်းရ။

အဝေးမှ အမှတ်တမဲ့ကြည့်လိုက်လျှင် မိန်းမကြီးသုံးယောက် ရန်ဖြစ်နေပုံနှင့် တူသည်။

"ကဲ...ကဲ...တော်ကြပါတော့ဗျာ ခင်ဗျားတို့ကလဲ"

"မတော်နိုင်ဘူး၊ ဒီရွှေသူခိုးမကို"

"ဘာရွှေသူခိုးလဲ"

"ဟုတ်တာပြောတော့ နာလား"

"နင်ကလည်း ငါ့ကို ကွက်ကျော်ရိုက်တာပဲ"

"ဘာရိုက်လို့လဲ"

"နင် ဘာဖြစ်လို့ ငါ့ကို အမှန်အတိုင်း ပြောပြီးမရောင်းနိုင်းလဲ၊ ရွှေဆိုပြီးသာ ရောင်းခိုင်းတယ်၊ နင့်ရွှေက ဒင်္ဂါးကိုရွှေတွေ"

"ဟဲ့...နင်...ရွှေပွဲစားဆိုပြီး မသိဘူးလား၊ ငါ ရောင်းတာကိုက ဒင်္ဂါးကိုရွှေ လိမ်စရာမလိုဘူး၊ နင့်ဘာသာလောဘတက်ပြီး လိမ်ရောင်းလို့ ပြဿနာတက်ရောမို့လား"

"တော်တော့ ရွှေလိမ်မ နင်သာ"

"တော်တော်...ရွှေလိမ်တာနှစ်ဦးနှစ်ဖက်ကြားမှာ နင်ပဲ ငါ့ရွှေက ဝက်ပုရွှေ..."

နပန်းသတ်ကြပြန်သည်။ စစ်ဦးက ဆံပင်ဖားလျားကြီးဖြင့် ဝင်ရောက် ဖြန်ဖြေရပြန်သည်။ မိန်းမကြီးသုံးယောက်လို လုံးထွေးသတ် ပုတ် ဖြန်ဖြေနေရပြန်သည်။

အတော်ကြာမှ ရန်ပွဲက ပြီးဆုံးသွားသည်။ မည်သူ့ရန်၌ မည်သူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သွားမှန်းလည်း မသိ။ မောကြီးပန်းကြီးဖြစ်ကျန်ရစ်ရသော စစ်ဦးမှာ အဦးဆုံးမြင်လိုက်ရသည်က သက်သက်ငြိမ်း၏ မျက်နှာ

"နင် ဘာမှ မဖြစ်ဘူးမဟုတ်လား"

"မဖြစ်ပါဘူး"

"ဆုတောင်းမပြည့်ပါလားနော်"

"ဘာလဲဟာ"

"နေပါဦး အခု သူတို့ရဲ့ ရန်ပွဲကြားမှာ နင်က ဘယ်လိုဖြစ်ရတာလဲ"

"ဘယ်လိုမှ မဖြစ်ရပါဘူး ဖြန်ဖြေတာ"

"သူတို့က ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းတော့ မသိဘူး"

"ဘာဖြစ်မှန်းမသိဘဲ ဝင်ဖြန်ဖြေပေးရလား"

"အေးလေ ရန်ဖြစ်တာ ဘယ်ကောင်းမလဲ"

"နင်နဲ့တော့ ခက်ပါပြီ"

သက်သက်ငြိမ်းက 'ကျွတ်'ခနဲ စုတ်သပ်လျက်...

"ရွှေတွေကို ရောင်းနိုင်းလိုက်တဲ့သူက နင့်ယောက်ဖလောင်းဟဲ့"

"တင်မောင်ဘယ်သူလဲ"

"လေး...ဟော့ လေး..." (တင်မောင်လေး ဟုဆိုခြင်းဖြစ်သည်)

"ငါမှ မသိဘဲ"

"သိရင်ကော"

"ဖြန်ဖြေမှာပဲ"

"သူ့ဖက်က ဝင်မထိုးဘူးလား"



"ဟာ အခြောက်ကြီးတွေကြားမှာ ဝင်ထိုးရမယ်လို့"

"နှစ်ယောက်လုံး အခြောက်မဟုတ်ဘူး ယောကျ်ားကြီးတွေ"

"အေးလေ ငါက ဘာကိစ္စဝင်ထိုးမှာလဲ၊ ဖြန်ဖြေပါတယ်ဆိုမှ ဒါတောင် ကိုတင်မောင်လေးကချည်း ကိုက်ဆွဲနေတာ၊ ဟိုက ရှုံ့လေးနဲ့ နည်းနည်းပဲ ပေါက်ရတယ်"

ထိုအချိန်မှာပဲ သက်သက်ငြိမ်းက အလန့်တကြား

"ဟဲ့...ဟဲ့...ဟိုမှာ ဟိုမောင်နှမ ဘာဖြစ်တာလဲ"

ကြည့်လိုက်တော့ ကိုတင်မောင်လေးနှင့် မြူနှင်းအေး(ဒေါ်အေးကို၏ သမီး)

ကိုတင်မောင်လေးက ရှေ့မှ ပရမ်းပတာပြေးပြီး မြူမြူက နောက်မှ လိုက်နေသည်။ ကိုတင်မောင်လေးက ပြေးနေရင်း အော်သည်။

"အောင်မယ်လေး ကန်းပါပြီဗျ။ ကျွန်တော့်မျက်လုံးတွေကန်းပါပြီ"

နောက်မှ မြူမြူ့အသံကလည်း ထပ်ချပ်မကွာ။

"ကိုလေး...ဘာမှမဖြစ်ပါဘူး ရပ်စမ်းပါဦး"

မနေသာပြန်သဖြင့် ဆံပင်ကို သေသေချာချာ စည်းနှောင်ပြီး ဝင်ပါရပြန်သည်။

"မြူမြူ...မြူ...ဟဲ့...မြူမြူ"

မြူမြူ့ကိုပင် မနည်းမိအောင် ဖမ်းရသည်။ မိတော့မှ...

"ဘာဖြစ်တာလဲဟဲ့ ငါ့ကို ပြောစမ်းပါဦး"

"ငါ့အစ်ကို...ငါ့အစ်ကို..."

"အေး...ငါသိပါတယ်၊ ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခုနက ရန်ဖြစ်လာတာ"

"ငါသိတယ်၊ ငါပဲ ဖြန်ဖြေပေးလိုက်တာ၊ အခု ဘာဖြစ်ရတာတုန်း"

"ဟိုက သူ့ကို ရွံ့နဲ့ပေါက်လိုက်တယ်တဲ့"

"အေးလေ...ဟုတ်ပါတယ်၊ ငါသိပါတယ်၊ သိပ်မနာပါဘူး ခုဘာဖြစ်လို့တုန်း"

"မျက်စိထဲကို ဝင်သွားလို့တဲ့"

"အဲ့ဒါလည်း ငါသိပါတယ်၊ အဲ့ဒီတုန်းက ဒီလောက်မနာပါဘူး"

"အေး...ငါ မျက်စဉ်းခတ်ပေးတာဟ၊ မျက်စဉ်းအောက်မေ့ပြီး ကော်ဘူးကိုယူပြီး ခတ်ပေးလိုက်တာ၊ မျက်လုံးကြီးကပ်သွားပြီး ဘာမှ မမြင်တော့လို့"

"ဟောဗျာ..."

ထိုအချိန်မှာ ကိုတင်မောင်လေးက သစ်ပင်ကြီးနှင့် ဝင်တိုက်ကာ ခေတ္တ အပြေးရပ်သွားပြီဖြစ်လေသည်။



[၆]

ဘုရားသခင်သည်
သေနေသောသူတို့၏
ဘုရားသခင်မဟုတ်။

[၁၂း၂၇ ရှင်မဿဲကျမ်း]

www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက၊ အတိအကျပြောရလျှင်တော့ မနေ့ညတုန်းက အဖြစ်အပျက်ကို ပြန်မပြောချင်။ ပြီး ညဆိုသော်လည်း ညနေခင်းမှာ ဖြစ်ပွားခဲ့ခြင်းပင်။

မနက်ကျတော့ သက်သက်ငြိမ်းကျေးဇူးကြောင့် ထင်သည်။ သူမရယ်၊ ဝင်းမင်း + လင်းလင်းရီအတွဲရယ်၊ နိုင်ဝင်း + ကေသီနွယ်တို့အတွဲရယ် ရောက်လာကြသည်။ သက်သက်ငြိမ်းကတော့ နယ်ခံဖြစ်နေ၍ထင့်။ နင်းကန်ဆူလေသည်။ ဆူနာမီငလျင်ကပင်လျှင် ထိုမှစ၍ ဗဟိုပြုသယောင်ရှိသည်။

"ငြီး..."

"ဟင်..."

"နင်ဟာလေ ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်း



ပဲ"

"အင်း..."

"ဘာ အင်းလဲ"

"မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ"

'အင်း'ဟု ပြောတော့လည်း လက်မခံ၊ မဟုတ်ပါဘူးပြောတော့လည်း မရ။ ဘာမှန်းကို မသိချေ။ လင်းလင်းရီက လိုရင်းကို ဝင်မေးသည်။

"နင် ထိခိုက်ဒဏ်ရာရလာသေးလား"

"မရပါဘူး"

ကေသီနွယ်က ရယ်ဟာဟာနှင့် ဝင်ပြောသည်။ (ရိတ်တိတိနှင့်ဟောက်ရန် အစပျိုးခြင်းဖြစ်သည်)

"ငြီး..."

"ဟင်..."

"နင် သက်သက်ငြိမ်းကို ကြိုက်လိုက်ပါလားဟာ"

"ဟင့်အင်း၊ ရုပ်ကလေးက မဆိုးပါဘူး။ ဒါပေမယ့် သူ့ မျက်ခုံးပင့်တာကြီးကို ငါ မကြိုက်ဘူးဟ"

သက်သက်ငြိမ်းက အလူးအလဲ ခုခံတိုက်ခိုက်သည်။

"နင့်ကိုကော ဘယ်သူက ကြိုက်နိုင်းလို့လဲ"

"အခုပဲ နင့်ရှေ့မှာ ကေသီက ပြောနေပြီပဲ"

"အဲ..."

သက်သက်ငြိမ်း ဘာပြန်ပြောရမလဲမသိဖြစ်သွားသည်။ ကေသီက စင်ဦးကို ဟောက်မြဲ ဆက်ဟောက်သည်။ ခြောက်ပေါက်သုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ကြည့်ရတာ ဘာသောကမှ ရှိပုံမရဘူး"

"ဘာကို သောကရောက်ရမှာလဲ"

"တကယ်ကို မရှိတာလား"

"တကယ်ပေါ့"

"အေး ငါတို့ကတော့ နင့်အတွက် ပူလို့ပြောနေရတာပေါ့"

"နင်တို့က ငါ့အတွက် ဘာလို့ပူနေရတာလဲ"

"ဘာ..."

ဝင်းမင်းနှင့်နိုင်ဝင်းကပါ ဝင်အော်ခြင်းဖြစ်သည်။ စစ်ဦးမေးသည်ကလည်း ဟုတ်လေသည်။ ဟုတ်တာကို မေးခြင်းဖြစ်၍ ဟုတ်လေသည်။ သို့သော် သက်သက်ငြိမ်း၊ ကေသီနွယ်၊ လင်းလင်းရီတို့နှင့်အတူ ဝင်းမင်းနှင့်နိုင်ဝင်းကပါ ဝင်အော်ကြခြင်းဖြစ်သည်။

"ဟုတ်တယ် မင်းအတွက် ငါတို့က ဘာလို့ပူရမှာလဲ"

စကားဝိုင်းက ရယ်ရခက်၊ ငိုရခက်ဖြစ်သွားသည်။ စစ်ဦးက...

"ဩော်...ဒါဖြင့် ငါ့အတွက် မပူကြဘူးပေါ့"

"ပူတော့ပူတာပေါ့...စိတ်...စိတ်"

"ဒီလိုဟ"

သူက အဖြစ်အပျက်ကို ရှင်းပြရန် ပြင်သည်။ အားလုံးကလည်း နားရွက်ကိုယ်စီ ထောင်သွားသည်။ ခင်ဦးကလည်း လက်ဖက်ပန်းကန်လေးကိုင်ပြီး ရောက်လာလေသည်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ သူမ၏အစ်ကိုအကြောင်းကို သူမကလည်း သိချင်သည်ပေါ့။

သူက...

"ထုံးစံအတိုင်းကွာ..."





"အင်း..."

"ငါက မြူမြူတို့အိမ်ကို သွားတယ်"

"အင်း..."

"ရိုးရိုးမသွားဘဲ နောက်ဖေးလမ်းက သွားတယ်"

မြူမြူတို့အိမ်တန်း၏ နောက်ဘက်ခြမ်းက လယ်ကွင်းပြင်များဖြစ်၏။ မြက်ခင်းပြင်များဟုဆိုလျှင်လည်း ရနိုင်သည်။ ယခုအခါ မြက်ရိုင်းများ ပေါက်နေသော တစ်ခါတုန်းက လယ်ခင်းပြင်။

ထိုဖက်မှ လျှောက်အသွား ယခုပြဿနာကို ကြုံရခြင်းဖြစ်၏။

"ကယ်ကြပါဦး...ကယ်ကြပါဦးရှင်"

လမ်းကလေးမှာလည်း တစ်ဦးတစ်ယောက်စာမျှသာရှိပါသည်။ ထိုလမ်းပေါ်မှာလည်း သူတစ်ယောက်တည်း။

ထိုအသံက ဘယ်မှာ ထွက်နေသည်မှန်း မသိ။

"ကယ်တော်မူကြပါဦး တွင်းထဲကို ကျနေလို့ပါရှင်"

'တွင်း... '

တွင်းဆိုတော့ သူ သတိရလာသည်။ ရှေ့ဖက်လမ်းနံဘေးမှာ အမှိုက်ပစ်ရန် ပြင်ထားသော တွင်းကြီးတစ်တွင်း ရှိသည်။ ထိုတွင်းထဲသို့ လူတစ်ဦး၊ သေချာအောင်ပြောရလျှင် အမျိုးသမီးတစ်ဦး ထပ်၍သေချာအောင်ပြောရလျှင် အမျိုးသမီးကြီးတစ်ဦး၊ ကျနေပုံရသည်။

"လာပြီ...လာပြီ...စိတ်အေးအေးထား"

ထိုသို့ အော်ဟစ်ရင်းပြေးအသွား...

"လျှော..."

"ဝုန်း..."

www.burmeseclassic.com



"ဟာ..."

သူပါ တွင်းထဲသို့ ပြုတ်ကျသွားလေသည်။

အကျမနာပါ။ သစ်ရွက်စိမ်း အစုအပြုံများပေါ်သို့ ရောက်သွား၍ ဖြစ်သည်။ တွင်းက တော်တော်နက်သည်။ အဝကို မော့ကြည့်တော့ ကောင်းကင်အကျယ်ကြီးကို လွတ်လွတ်ကျွတ်ကျွတ် မြင်ရသည်။ ကောင်းကင်ကြီးက ဘာမှ ဝတ်မထား။

"အားပါးပါး"

နည်းနည်းတော့ ခါးအောင့်သွားသလို ခံစားရသည်။ ရှေ့တည့်တည့်ကို ကြည့်မိတော့ သူ့ကို မျက်လုံးပြူးနှင့် ပြန်ကြည့်နေသော အန်တီကြီးတစ်ဦး။ လုံးလုံးခြိုးခြိုးဆောင့်ကြောင့်ထိုင်ပြီး သူ့ကို မျက်လုံးအပြူးသား ကြည့်နေ၏။ သူက...

"အန်တီကြီးက ဘယ်သူလဲ"

"အောင်မာ ငါ့ပြန်မေးနေရတယ် နင်က ဘယ်သူလဲ"

"ကျွန်တော်က စစ်ဦးပါ"

"အောင်မာ နင့်ကို ငါက မိတ်ဖွဲ့နေတာမဟုတ်ဘူး"

"အန်တီကြီးပဲ ကျွန်တော် ဘယ်သူလဲဆို"

"အေးလေ...နင်က ဒီတွင်းထဲ ဘာဝင်လုပ်တာလဲ"

"အန်တီကြီးကကော ဘာဝင်လုပ်နေတာလဲ"

"ငါက မတော်တဆပြုတ်ကျတာဟေ့"

"ဒီအရွယ်ကြီးက ပြုတ်ကျရတယ်လို့"

"အောင်မယ် ဘယ်အရွယ်ကျမှ ပြုတ်ကျရမှာလဲ၊ နင်ကကော ဘာကိစ္စပြုတ်ကျရတာလဲ"





"ကျွန်တော်က အဒေါ်ကြီးအော်လို့ ပြုတ်ကျရတာပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ် အဒေါ်ကြီးကို အပေါ်ကူတင်ပေးမလို့ ပြေးလာရင်း ချော်ပြီး ပြုတ်ကျတာ"

အမှန်တကယ်ပင်ဖြစ်၏။ မိုးဦးကျစပြုပြီဖြစ်၍ လမ်းတွေက ရွှံ့မြေဆန်ပြီး ချောနေပြီဖြစ်သည်။ စစ်ဦးမှာ သူတစ်ပါးအကျိုးကို မဆောင်နိုင်ပဲ ကိုယ်ကျိုးလည်း မအောင်သူ ဖြစ်သွား၏။

"ကဲ..."

အန်တီကြီး၏ 'ကဲ'ကြောင့် စစ်ဦး လန့်သွားသည်။ သစ်ရွက်စိမ်းတွေကြား ရောက်နေသည်က ယားကျိကျိနှင့်။ ကျွတ်တွယ်မှာကိုလည်း ကြောက်ရသေး၏။ အန်တီကြီးက...

"ကဲ...ခု ငါတို့ ဘယ်လိုလုပ်ကြမလဲ"

'ခုမှတော့ ခိုးရာလိုက်ပြေးကြတာပေါ့'ဟု ပြော၍ မဖြစ်ပါ။ အို ပြော၍ဖြစ်သည်ဆိုလျှင်လည်း မပြောပါ။ ထို့ကြောင့်။

"ခုနက အန်တီကြီး ဘာလုပ်သလဲ"

"အော်တယ်လေ"

"အင်းလေ အခုလည်း အော်ကြရုံပေါ့၊ ဒါ့ထက်"

"ဘာ ဒါ့ထက်လဲ"

"အန်တီကြီးကို ကျွန်တော် မြင်ဖူးသလိုပဲ"

"ဘယ်လို"

"အကောင်းပြောနေတာ သြော်...မှတ်မိပြီ၊ အန်တီကြီးကို ကျွန်တော် မှတ်မိပြီ"

www.burmeseclassic.com



"ဘယ်လို..."

"အန်တီကြီးကို ကျွန်တော် မှတ်မိပြီ၊ ဟိုတစ်ခါ လမ်းပေါ်မှာ အန်တီကြီးကို ကျွန်တော် ဈေးကြုံးပေးလိုက်တယ်လေ"

"ဘာ..."

"ဟုတ်တယ်လေ၊ မမှတ်မိဘူးလား၊ အန်တီကြီးကို ကျွန်တော် ဈေးကြုံးပေးတာ"

"နင်...နင်"

အန်တီကြီးခမျာ မျက်နှာကြီး ရဲတွတ်ကာ စကားကို ရှေ့မဆက်နိုင်။ စစ်ဦးကလည်း ပြောပြီးမှတော့ နောက်မဆုတ်တော့၊ ဖြစ်ရပ်မှန်ကလည်း ရှိခဲ့သည်ပဲလေ။

"အဲ့ဒီတုန်းက ရွာထဲလမ်းမှာလေ"

'ငှက်ကြီးတောင်ရပ်ကွက်'ဟု အမည်ပြောင်ဖြင့် သူတို့ခေါ်ဝေါ်သော ထိုရပ်ကွက်ကို စကားထဲပြောလျှင် 'ရွာထဲ'ဟု ထည့်ပြောလေ့ရှိသည်။

"အဲ့ဒီတုန်းက ဗွက်အိုင်တွေနဲ့ဆိုတော့ လမ်းကကျဉ်းကျဉ်းလေး ဖြစ်နေတယ်လေ၊ အန်တီကြီးနဲ့ ဦးပဉ္ဇင်းတစ်ပါး မျက်နှာချင်းဆိုင်ကြုံနေတယ်လေ။ ရှောင်သွားဖို့ကလည်း ဘေးမှာ ရောမန္တားဈေးပုံကြီးနဲ့လေ။ အဲ့ဒါ အန်တီကြီးကော အဲ့ဒီဦးပဉ္ဇင်းကော အခက်တွေ့နေတယ်လေ"

အန်တီကြီး၏မျက်နှာမှာ မှတ်မိမှု အရိပ်အရောင်သမ်းလာသည်။ အားတက်ကာ စစ်ဦးက ဒရောသောပါး ဆက်ပြော၏။

"အဲ့ဒီမှာ ကျွန်တော်က အန်တီကြီးရဲ့ အခက်အခဲကို ကူညီလိုက်တယ်လေ။ ရှောင်ချင်းရှောင် လူ့ဒကာမကြီးက ရှောင်ရမှာ မဟုတ်လား။



တွေ့ရာအုတ်ကျိုးအုတ်ပြားနဲ့ ကျွန်တော်က အဲ့ဒီနွားချေးပုံ ဆွဲကြုံးလွှင့်ပစ်ပြီး အန်တီ့ကို ကူညီပေးတယ်လေ"

"သြော်...ငါ့ကို ဈေးကြုံးပေးတယ်ဆိုတာ အဲ့ဒါလား"

"ဟုတ်တယ်လေ"

အန်တီကြီးက နှုတ်ခမ်းမဲ့ကာ ဆက်ပြော၏။

"ဈေးကော ကုန်းမပေးလိုက်ဘူးလား"

"ဟင့်အင်း...အန်တီကြီးက ဈေးကုန်းစရာမှ မလိုဘဲ"

"သြော်...ငါက ဈေးမကုန်းဘူးပေါ့"

"အင်းလေ အန်တီကြီး ဈေးမကုန်းပါဘူး၊ ဒီအတိုင်းထွက်သွားတာပဲ"

"ကဲဟယ်..."

အန်တီကြီးက နံဘေးမှ သစ်ကိုင်းခြောက်/စိုများဖြင့် ပစ်ပေါက်၏။

"ဟ...ဟ..."

စစ်ဦး၏ ခန္ဓာကိုယ်ကို တစ်ဘတ်ဘတ်လာထိသည်။ မနာသော်လည်း အနေရခက်၏။ တွင်းက မကျဉ်းသော်လည်း မကျယ်သဖြင့် ရှောင်ဖို့ခက်သည်။

"ဘတ်...ဘတ်...ဒေါက်"

"ဟာ...အန်တီကြီးလွန်မယ်နော်"

"ဘာလို့လွန်ရမှာလဲ"

"ဘာလို့ ကျွန်တော့်ကို ရန်လုပ်ပြီး လိုက်ပေါက်နေတာလဲ"

"နင်ပဲပြောတာ၊ ငါက ဈေးမကုန်းဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com



"သြော်...အန်တီကြီးကလဲ"

"အန်တီကြီးကမလဲနဲ့"

"အဲ့ဒါဆို ကျွန်တော် ပြင်ပြောပေးပါ့မယ်၊ တွေ့သမျှလူကို ပြင်ပြောပေးပါ့မယ်"

"ဘယ်လို ပြင်ပြောမှာလဲ"

"သြော်...အန်တီကြီး ချေးကုန်းပါတယ်လို့ပေါ့"

"ဘာ..."

"ဗျာ..."

"ဖတ်...ဘတ်...ဒေါက်"

"ဟာ...အန်တီကြီးက ပေါက်ပြန်ပြီဗျာ"

"ဒါတောင် အနားမှာဒါပဲရှိလို့ ကဲဟယ်...ကဲဟယ်"

"အန်တီကြီး မပေါက်နဲ့တော့ဗျာ၊ ကျွန်တော် ပြောပြပေးပါ့မယ်ဆို။ လူစုံတဲ့နေရာတိုင်းမှာ ကျွန်တော် ပြောပြပေးမယ်။ အန်တီကြီး ချေးကုန်းပါတယ်ဆိုတဲ့အကြောင်း"

"နင်...နင်...ကဲ...အမလေး...ကျွတ်တော့...ကျွတ်"

အန်တီကြီး တက်မတတ်၊ ချက်မတတ်ဖြစ်သွားသည်။ သူဆွဲလိုက်သော သစ်မြစ်ဆုံတုံးပေါ်မှာ 'ကျွတ်'တစ်ကောင်ကို ဆောင့်တောင့်တောင့်အနေအထားဖြင့် တွေ့လိုက်ရ၍ ဖြစ်သည်။

"အန်တီကြီး မပူနဲ့၊ အဲ့ဒီကျွတ်ကို ကျွန်တော် ရိုက်သတ်လိုက်မယ်"

တုကယ်ပဲ ရိုက်သတ်လိုက်ပါသည်။ သူမကြီး ကျေနပ်အောင်လည်း အော်ရသေး၏။



"ကဲကွာ...ငါ့အန်တီကြီးက ချေးကုန်းတယ်ကွ။

အင်...ငါ့အန်တီကြီး ချေးမကုန်းဘူးထင်ဦး။

ရော့...ဒါ ချေးကုန်းတဲ့ ငါ့အဒေါ်ကြီးအတွက်၊ နေပါဦး ဒီမှာကျွတ်က သေပါပြီ၊ အန်တီကြီးက ဘာလို့ ငိုမလိုဖြစ်နေတာလဲ"

ထိုအချိန်မှာပဲ တွင်းဝမှ အသံကြားရသည်။ ဩဇာခတ်ပါသော လူကြီးသံဖြစ်သည်။

"တွင်းထဲမှာ လူတွေရှိနေပါလား"

စစ်ဦး ဝမ်းသာအားရ ပြန်အော်မိသည်။ အပ်ဟာရပြတ်နေသော လူငယ်အသံမျိုးဖြင့်...

"ဟုတ်ကဲ့...ရှိပါတယ်ခင်ဗျ...ရှိပါတယ်"

တွင်းပေါ်မှ လူများက သူတို့ကို ငုံ့ကြည့်ကာ...

"မင်းတို့က တွင်းထဲကို ဘာဝင်လုပ်နေတာလဲ"

"ဘာဝင်လုပ်ရမှာလဲ ပြုတ်ကျနေတာပေါ့ဗျာ"

"နေပါဦး...ဟိုဟာက ဒေါ်အေးကို မဟုတ်လား"

အန်တီကြီး၏အသံက ဗျောက်အိုးဖောက်သံကဲ့သို့ ထွက်လာသည်။

"အမလေးတော် ကိုအောင်သန်း ရှင်က ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား"

ဦးအောင်သန်းဆိုသော လူကြီးက...

"မှတ်မိပါတယ်၊ မှတ်မိပါတယ်၊ ရုတ်တရက်မို့ ကြောင်သွားတာပါ။ ဒါထက် နေပါဦး ဘာကိစ္စ တွင်းထဲကို ဒီကောင်လေးနဲ့အတူတူ ရောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်..."

"ဟို...အဲ...မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်...ဟုတ်ပါတယ်"

"မဟုတ်ပါဘူး...မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ...ဟုတ်တယ်"

"ဟိုလေ...မဟုတ်ပါဘူးဆို"

ထိုအချိန်မှာ စစ်ဦးက ထိုအန်တီကြီးသည် မြူမြူတို့၏အမေ (အမည်တူမရှိနိုင်သော) ဒေါ်အေးကိုဆိုတာဖြစ်ကြောင်းကို ရိပ်မိခဲ့ပါပြီ။ သို့သော် တွင်းထိပ်မှ အန်လ်ကယ်ကြီးသည် ဒေါ်အေးကို,ကို (ကွမ်းစား၊ ဆေးသောက်၊ ကျပျောက်သလိုမျိုး) ချစ်ရေးဆိုထားကြောင်း မသိသေးချေ။ ထိုအန်လ်ကယ်ကြီးသည်ကား ရပ်ကွက်လူကြီး ဦးအောင်သန်း ဖြစ်သည်။

"ကဲ...ကဲ...ခင်ဗျားတို့ အပေါ်ပြန်ရောက်အောင် စီစဉ်ပေးမယ်"

ဦးအောင်သန်းနှင့် အပေါင်းအပါနှစ်ဦးတို့၏ ကြိုးစားမှုကြောင့် သူနှင့်အန်တီကြီးတို့ မြေပေါ် ပြန်ရောက်သွားသည်။ (အစကတော့ မြေအောက်ဂိုဏ်းသားတွေလိုလို)

တွင်းပေါ်ရောက်မှ အန်တီကြီး၏ သဘောထားမြင့်ထွားမှုကို သိရ၏။

"ဟိုကောင်လေး...ငါ့အိမ်လိုက်ခဲ့"

"ခမျာ..."

"နင်က ငါ့ကို ကူညီဖို့ရောက်လာတာပဲ၊ ငါ့ကြောင့် အခု ရွှံ့တွေပေနေပြီ။ အိမ်မှာ ရေလိုက်ချိုးချည်"



"ဟို...ဝတ်အစားတွေကရော"

"အိမ်မှာ သွားလေသူကြီးရဲ့ ပစ္စည်းတွေ၊ အဝတ်အထည်တွေ ရှိတယ်"

ထိုအခါကျမှ မြူမြူသည် ဖတဆိုးလေးဖြစ်ကြောင်း၊ ဒေါ်အေးကိုသည် မုဆိုးမဖြစ်ကြောင်း စစ်ဦး သိလိုက်ရ၏။

အိမ်ကြိုအိမ်ကြားမှ ပတ်သွားလိုက်သောအခါ မြူမြူတို့အိမ် (သို့မဟုတ်) ဒေါ်အေးကို၏ အိမ်ကို ချက်ချင်းရောက်လာသည်။ သပ်ရပ်သော ပျဉ်ထောင်အိမ်ကြီးတစ်လုံးဖြစ်ကြောင်း ဆိုခဲ့ပြီးပြီ။

ထမင်းစားချိန် အိမ်ပြန်ရောက်နေသော ကိုတင်မောင်ဦးက

"ဟင်...အမေက ဘယ်လိုဖြစ်တာလဲ"

"အမှိုက်ကျင်းထဲ ပြုတ်ကျလို့"

သူမသည်လည်း ညစ်ပတ်နေသည်ကိုး။ သူမနည်းတူ ညစ်ပတ်နေသည်က သူ။

"ဒီကောင်လေးလည်း ငါ့လိုပဲ"

ကိုတင်မောင်ဦးက သူ့ကို မလိုတမာကြည့်ကာ...

"မင်းသာ ငါ့တပည့်ဆိုရင် အတီးပဲ"

"ကျွန်တော်သာ ခင်ဗျားဆရာဆိုရင်ကော"

စစ်ဦးကလည်း စိတ်တိုတိုနှင့် ပြန်ခံပက်မိသည်။

"အဲ..."

ကိုတင်မောင်ဦး အဖြေရကြပ်သွားသည်။ ထို့ကြောင့် သူက အောင်မှတ် မပေးချေ။ ကျူရှင်ဆရာလုပ်နေပြီးတော့များ။

ကိုတင်မောင်ဦးက သူ့အမေကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေရောက်လာတာ အတော်ပဲ၊ ကျွန်တော် ကျူရှင်သွားမလို့ ကျွန်တော့်အချိန် နီးနေပြီ။ ဒီကောင်လေးကိုလည်း ရေမိုးချိုးခိုင်းပြီး ပြန်လွှတ်လိုက်တော့၊ ခဏကြာရင် မြူမြူပြန်လာလိမ့်မယ်၊ လမ်းထိပ် ခဏသွားတယ်"

ကိုတင်မောင်ဦး ထွက်သွားတော့ ဒေါ်အေးကိုက...

"မင်း ဒီမှာထိုင်ဦး၊ ငြိမ်ငြိမ်ထိုင်နော်၊ ညစ်တီးညစ်ပတ်ခန္ဓာကိုယ်ကြီးနဲ့ ဟိုသွားဒီသွား လျှောက်လုပ်မနေနဲ့။ ငါ ရေချိုးလိုက်ဦးမယ်"

"ဟုတ်..."

သူမ မှာသွားသော စကားအတိုင်းပဲ ငြိမ်ငြိမ်လေး ထိုင်နေလိုက်ပါသည်။ နံရံပေါ်မှာကပ်ထားသော မိန့်ခွန်းစာရွက်ကို ဖတ်မိသည်။

"ဗိုလ်မင်းတပ်မင်းအပေါင်းတို့...
ငါတို့သည် အင်္ဂလိပ်တို့အား ဧည့်ဝတီအောက်မှ ခြောက်လှန့် မောင်းနှင်လိုက်ရာ ကုန်းကြောင်းဖက်မှ မဝင်သာ၍ ရေကြောင်းမှ လှည့်ပတ်လာရောက်ထိပါး နှောက်ယှက်နေချေပြီ။ ဧည့်ဝတီပြည်နယ်ခြားတွင် တိုက်စဉ် ငါတို့မှာ သစ္စာရှိသော လူမျိုးမှန်သည်အားလျော်စွာ မိမိပိုင်နက်နယ်မြေကို မတရားသဖြင့် ယူထားသူထံမှ ပြန်လည်ရရှိသဘောပိုက်၍ တိုက်ခိုက်ခဲ့ကြသည်။ ရှေ့သို့လောဘတကြီး တိုးတက်သိမ်း ယူခြင်းမပြုဘဲ အင်္ဂလိပ်ကုလားဖြူတို့၏ အခြေအနေကို ကြည့်ရှုစောင့်စား နေခဲ့ကြသည်။ တစ်ကျွန်းသားကုလားဖြူ အင်္ဂလိပ်တို့သည်



ငါတို့စိတ်သဘောကဲ့သို့ မဟုတ်မူ၍ နိုင်ငံထက် စီးနင်းကြံစည်လျက် လာရောက်စော်ကား၊ ရန်စ ပြုပြန်ချေပြီ။ ဤအရေး၌ ပေါ့ပေါ့ဆဆပြုကြလျှင် ငါတို့တစ်မျိုးလုံး သူတို့၏ ကျွန်ဘဝသို့ ရောက်ကြရချိမ့်မည်။ မိစ္ဆာလူမျိုးတို့၏ ကျွန်ဖြစ်ရခြင်းထက် မြန်မာ့၏ဂုဏ်မညှိုးရန် တိုက်ခိုက်ရင်း လဲသေရသည်က ရာဇဝင်ပြောင်၍ မြတ်ပေသေး၏။ ယခုအရေးသည် ငါတို့၏ ဘုရားမြေကို ငါတို့သွေးဖြင့်ဆက်၍ အသက်နှင့်လဲယူရမည့်အရေးဖြစ် ချေသည်။

ထိုမိန့်ခွန်းကို တစ်ခါမှ မကြားဘူး မဖတ်ဘူး၍ ဇဝေဇဝါပင် ဖြစ်ရသည်။ မိန့်ခွန်းမြွက်ကြားသူ၏ အမည်ကိုလည်း အောက်မှာ ရေးထိုးမထား။

ထိုစဉ်မှာပဲ

"သြော်...ငါ့အမေနဲ့အတူ တွင်းထဲပြုတ်ကျတယ်ဆိုတာ နင်ကိုး"

အသံနှင့်အတူ မြူမြူ ရောက်လာသည်။

"အေး...ဟုတ်တယ်"

"ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"နင့်အမေကို စောင့်နေတာ"

"ညစ်ညစ်ပတ်ပတ်ကြီးနဲ့"

"အေးလေ အဲ့ဒါကြောင့် နင့်အမေပြီးရင် ငါ ရေချိုးမလို့"

"နင်နဲ့အမေနဲ့က ဘယ်တုန်းက သိနေတာလဲ"

"ခုမှ"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို တစ်ချက်ကြည့်ကာ ဘာမှ ဆက်မပြောတော့ဘဲ အိမ်တွင်းခန်းထဲ လှည့်ဝင်သွားသည်။

မရှေးမနှောင်းဆိုသလို ကိုတင်မောင်လတ် အပြင်မှ ရောက်လာကာ သူ့ကို

"မင်းက ဘယ်လိုဖြစ်တာတုန်း"

"ဟို တွင်းထဲပြုတ်ကျလို့"

"မင်းကွာ ပြုတ်ကျစရာရှားလို့ တွင်းထဲမှ ပြုတ်ကျရတယ်လို့"

"အမှိုက်တွင်းပါဗျ"

"အေးပါ...ငါ ကြားပြီးပါပြီ၊ မင်းနှယ် ကျော်မကောင်းကြားမကောင်း၊ ဒီအရွယ်ကြီးကျမှ တွင်းထဲပြုတ်ကျရတယ်လို့"

"အယ်..."

သူ့အမေကြီးကျတော့ ဘယ်လိုလုပ်မည်နည်း။

ပြောရင်းဆိုရင်း နောက်မှ သိသည်။ ကိုတင်မောင်လတ်က သတင်းကို ဘယ်လိုကြားလာသည်မသိ။ တွင်းထဲကို သူ့အမေက အရင်ပြုတ်ကျနေကြောင်း သူ မသိ။ စစ်ဦးဘာသာ ပြုတ်ကျပြီး သူငယ်ချင်းဖြစ်သူ မြမြတို့အိမ်မှာ ကိုယ်လက်ဆေးကြောသည်ဟု သိလာခြင်းပင်။

စစ်ဦး ရှင်းပြမှ လိပ်ပတ်လည်သည်။ ပြန်ထွက်လာသော မြမြက လည်း ဝင်ရှင်းပြသည်။ သူမက ရေချိုးနေသော မိခင်ထံမှ သေသေချာချာသိပြီးပြီ။

စစ်ဦးက

"မြမြ"

"ဘာလဲ"





"ဟိုနံရံမှာ ရေးထားတဲ့မိန့်ခွန်းက ဘယ်သူပြောတာလဲ"

"နင် စဉ်းစားကြည့်လေ"

"ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းထဲမှာတော့ မတွေ့မိဘူး"

"အင်း..."

"သီပေါမင်းရဲ့ မိန့်ခွန်းတော့ မဟုတ်ဘူး"

"အေး...မင်းကြီး မဟာဗန္ဓုလရဲ့မိန့်ခွန်း"

"တယ်ဟုတ်ပါလား၊ ရှားရှားပါးပါး နင်ရေးထားတာလား"

'ငါရေးထားတာ'ဟူသော ဖြေသံနှင့်အတူ သူမတို့၏ မိခင်ကြီး ဒေါ်အေးကိုက ရေမိုးချိုး အဝတ်အစားလဲပြီး ထွက်လာသည်။ 'ဩော် ဗန္ဓုလသေ့ွးပေပဲ'ဟု တစ်ဖက်မှ ချီးကျူးဂုဏ်ပြုမိသလို 'ကယ်တော်မူကြပါရှင်...ကယ်တော်မူကြပါ'ဆိုသော တွင်းထဲမှ သူမကြီးအသံကို ပြန်ကြားယောင်ကာ ရယ်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





[၇]

> အသီးကိုထောက်၍
> အပင်၏ သဘောကို သိရ၏။
>
> [၆း၄၄ ရှင်လုကာကျမ်း]

မြူမြူတို့အိမ်မှ ပြန်ထွက်ပြီး ရပ်ကွက်ထဲ(သူတို့အခေါ် ရွာထဲ)သို့ တစ်ဦး လျှောက်ကြည့်ဖြစ်သည်။ တစ်ခါမှ နှံ့နှံ့စပ်စပ်လိုက်မကြည့်ဘူး၍ ဖြစ်သည်။

လက်လုပ်လက်စားတွေများကြပါသည်။ ပျံကျအလုပ်သမား အများစုနေထိုင်ကြပုံရသည်။ ဆင်းရဲသားအများစု၏ ခနိုမိုးထရံကာ အိမ်လေးများနှင့် ဖွဲ့စည်းထား၏။ သို့သော် လူတွေက 'ဒင်'တွေချည်းဖြစ် ပုံရ၏။ လက်သမားဆို ဆရာ၊ ပန်းရံဆို ခေါင်းဆောင် ထိုသူများ နေထိုင်ကြပုံရသည်။

မြူမြူတို့အိမ်ကတော့ ထိုရပ်ကွက်ထဲမှာ ငွေကြေးအတော်သုံး နိုင်ပုံရသည်။ ဒေါ်အေးကို၏ ကုန်စုံဆိုင်ကို တစ်ရပ်ကွက်လုံးက အားထား ရပုံပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုငေးသည်ငေးနှင့် လမ်းချိုးတစ်ခုကို အကွေ့...

"ဟင်..."

မျက်လုံးတွေ ပြာသွားသည်။ ဟုတ်မှဟုတ်ရဲ့လားဟု အသေအချာ ကြည့်ယူရသည်။ ဟုတ်သည်။ သေချာသည်။ သူမကလည်း သူ့ကို မြင်သွားသည်။

"ကိုကို"

ဟင်း...သေပြီ။

ဘာမှမဆိုင်။ တစ်ဖက်မှ ကောင်မလေးက သူ့ဆီကို ကန့်ကရ ပြေးလာပြီ။

"ကိုကို့ကို ဒီမှာတွေ့မယ်လို့ ဘယ်လိုမှ ထင်မထားဘူး။ ဘယ်ကို လာတာလဲ"

"ဒီနားက အသိတစ်ယောက်ဆီ"

"တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ"

"ဒါဆို အအေးဆိုင်ထိုင်ကြမယ်၊ ဝါဝါလည်း ကိစ္စပြီးပြီ။ လာ ကိုကို ဟိုဆိုင်ကို။ အမေလေးတော် ချိန်းထားရင်တောင် လွဲဦးမယ်"

ဟုတ်ပါ့ဗျာ...ဟုတ်ပါ့...ငါ့နှယ်နော်။

ဝါဝါသောင်းဝေဖြိုးက အအေးဆိုင်ထဲသို့ ဦးဆောင်ဝင်သည်။ သက်ပြင်းကြီးချပြီး နောက်မှ သူ လိုက်ဝင်သွားသည်။

"ကိုကို ဘာသောက်မလဲ"

"ဖရှုတ်"

သူမကပဲ အအေးမှာပေး၏။ သူမကလည်း ဖရှုတ်ပဲသောက်



သည်။

"ဝါဝါတို့အိမ်မှာ အလှူလုပ်မလို့"

"ဘာအထိမ်းအမှတ်လဲ"

"ဘွားဘွားကြီးဆုံးတဲ့ နှစ်ပတ်လည်လေ၊ ဘုန်းကြီးဆွမ်းကပ်မလို့"

"သြော်...အင်း"

"အဲ့ဒါ ဒန်ပေါက်ချက်တတ်တဲ့လူကို လာငှားတာ၊ အဆင်ပြေပါတယ်"

"အင်း...ကောင်းတာပေါ့"

"ဒါ့ထက် ကိုကို့ကို မေးရဦးမယ်"

"ဘာလဲ"

ပိုက်ဆံအိတ်လေးထဲမှ စာရွက်တစ်ရွက်ကို ခဲခဲယဉ်းယဉ်း သူမ ထုတ်ယူ၏။ ပြီးတော့မှ သူ့နားထဲသို့ ဖုံးကြဲချလေသည်။

"ကိုကို မဂ္ဂဇင်းမှာပါတဲ့ ကဗျာတစ်ပုဒ်လေ၊ အဲ့ဒါကို ဝါ ကူးထားတာ"

ဒုက္ခတော့ စပြန်ပြီ။

"ကိုကို ဒီကဗျာကို ဘာစိတ်ကူးနဲ့ ရေးတာလဲဟင်"

"ဘာကဗျာလဲ"

"ဒီမှာလေ"

သူပြောသည့် ကဗျာကို စာရွက်စောင်းပြီး ကြည့်လိုက်သည်။ ကဗျာအမည်က 'မရှိဘူး'တဲ့။ သေပါပြီဗျာလို့ အော်ချင်သွားသည်။

ကဗျာက အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ဟိုဘက်တိုက်ခေါင်မိုးပေါ်မှာ ခိုကလေးတွေရှိတယ်
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- သန့်ရှင်းရေးအလုပ်သမမှာ ပိတောက်ပန်းလေးရှိတယ်
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- သံလွင်မြစ်ထဲမှာ ရေတွေရှိတယ်။
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- ဦးညာဏ်ပေါ်မှာ စွပ်ကျယ်သုံးထည်ရှိတယ်။
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- မောင်မောင့်မှာ ခယ်မရှိတယ်။
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- အဲ့ဒီ့ခွေးကြီးမှာ လည်ပတ်ရှိတယ်။
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- ဖြတ်သွားတဲ့ မိန်းမမှာ တင်ကြီးကြီးရှိတယ်။
  ငါ့အနားမှာ ဘယ်သူမှ မရှိဘူး။
- ငါ့အနားမှာ ဘယ်သူမှမရှိတဲ့အဆုံး
  ငါလည်း မရှိတော့ဘူး။

"ဝါဝါမေးချင်တာက ဒီလိုလေ"

"ပြော"

"ဟိုဘက်တိုက်ခေါင်မိုးပေါ်မှာ ခိုတွေရှိတယ်မဟုတ်လား"

"အင်း"

"အဲ့ဒါပေါ့…ကိုကို့တိုက်ခေါင်မိုးပေါ်မှာလည်း ခိုတွေရှိရင် ရှိမှာပေါ့"



"အင်း…ရှိရင်ရှိမှာပေါ့"

"အင်း…အဲ့ဒါဆိုဟုတ်ပြီ၊ နောက်ထပ် မေးစရာတွေ ရှိသေးတယ်"

မသိမသာ ပင့်သက်ရှိုက်မိသည်။

"အင်း"

"သန့်ရှင်းရေးအလုပ်သမကလည်း ပိတောက်ပန်း ပန်ခွင့်ရှိတယ် မဟုတ်လား"

"အာ…သိပ်ရှိတာပေါ့"

"သံလွင်မြစ်ထဲမှာရှိတာကတော့ ရေတွေတင် မကဘူးထင်တယ်"

"အင်း…ဟုတ်တယ်"

"ဦးညာဏ်ပေါ်မှာက စွပ်ကျယ်သုံးထည်ရှိတယ်ဆို"

"အင်း…"

"အဲ့ဒါကို ကိုကိုက ဘယ်လိုလုပ်သိလဲ"

"ဒါကိုပဲ လှည့်ဝတ်နေတာကိုး"

"သူက အဲ့ဒီ့စွပ်ကျယ်သုံးထည်ကို ဘယ်ကရလဲ"

"သူ့သမီးတွေ ဝယ်ထားတာ၊ မကောင်းတတ်လို့ ပေးဝတ်ထားတာ"

"မောင်မောင့်ခယ်မဆိုတာကကော"

"မောင်မောင့်မိန်းမရဲ့ ညီမပေါ့"

"ထားပါတော့ ခွေးကြီးလည်ပတ်ကို ဘယ်သူတပ်ပေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့သခင်က စွပ်ပေးလိုက်တာ"

"ပြီးတော့"

"နေဦးနော်...အအေးသောက်လိုက်ဦးမယ်"

အအေးသောက်ချိန်လေး ခဏပဲ နားရပါသည်။ တော်ပါသေး၏။ ကဗျာက ပြီးတော့မည်။ သို့သော် ဆုံးသည့်အပိုင်းက ဝင်လာသည်။

"ဖြတ်သွားတဲ့ မိန်းမက ဘယ်သူလဲ"

"ဘယ်သိမလဲ"

"သူ့မှာ တင်ကြီးကြီးရှိတယ်ဆို"

"ဟုတ်တယ်"

"ကိုကိုက ဘယ်လိုလုပ် သိလိုက်တာလဲ"

"ကြည့်လိုက်မိလို့"

"ဘာလို့သွားကြည့်တာလဲ"

"မကြည့်ချင်မြင်ရက်သား ဖြစ်နေတာကိုး"

"သူ့ဘာသာ တင်ကြီးတာ ကိုကိုနဲ့ ဘာဆိုင်လို့တုန်း"

"မဆိုင်ပါဘူး၊ သူ့ပါရမီနဲ့သူဖြစ်တာကို"

"အဲ့ဒါဆို ဘာဆိုင်လို့ ထည့်ရေးတာလဲ"

"သူက တင်ကြီးတာကိုး"

"ဟော့တော်"

သူမ စကား အ,သွားသည်။ ပြီးမှ

"ကဲ...ထားပါတော့"

"အင်း..."

"အနားမှာ ဘယ်သူမှ မရှိတော့တာနဲ့ ကိုကိုကတော့ ဘာလို့ မရှိတော့တာလဲ"



"မသိဘူးလေ၊ သူ့ဘာသာမရှိတော့တာကို"

"မရှိတော့တဲ့ ကိုကိုက ဘယ်လိုလုပ် ဒီကဗျာကို ရေးသလဲ"

"မှော်ဝင်ပြီး ရေးလိုက်တာ"

"နေပါဦး ကိုကိုက ဘာဖြစ်လို့ မရှိတော့တာလဲ"

"လာပြန်ပြီ မရှိတော့တဲ့ဟာကို"

"ဘာဖြစ်လို့ မရှိတော့တာလဲ"

"ပျောက်သွားလို့"

"ဘာဖြစ်လို့ ပျောက်သွားတာလဲ"

"မရှိတော့လို့"

"ကိုကိုနော်...မေးရတာ စိတ်ညစ်လာပြီ"

"မညစ်နဲ့ ခုတောင် ပျောက်သွားတော့မှာ"

"ဘာ...ဘယ်လိုဖြစ်လို့"

သူ့ခမျာ လန့်ဖျန့်ပြီး သူ့ကို ကိုင်ထားဆွဲထားရမလို ဖြစ်သေးသည်။

"ဘယ် ဘယ်လိုပျောက်မှာလဲ"

"ဒီဆိုင်ကထွက်ပြီး ဟိုဘက်ဆိုင်ကို သွားတော့မလို့"

"ဟင်...ဟိုဘက်ဆိုင်"

"အင်း"

သူ ညွှန်ပြသော ဟိုဘက်ဆိုင်က အထွေထွေစားသောက်ဆိုင်ဖြစ်သည်။ အရက်တွေ ဘီယာတွေပါရ၏။ ဝမ်းသာစရာ (သူ့အတွက် ကောင်းသည်က) နိုင်ဝင်း+ကေသီနွယ်တို့ ရောက်ရှိနေခြင်းဖြစ်သည်။

www.burmeseclassic.com



ဘယ်ကဘယ်လို ရောက်လာကြသည်မသိ။ သူတို့က သူ့ကို မမြင်၊ မှာထားသော အစားအသောက်တွေကိုသာ အရှုံးမပေးရလေအောင် ကုန်းတုပ်နေကြသည်။

သူက ထိုအတွဲဆီ ဝါဝါသောင်းဝေဖြိုးကို လက်ညှိုးညွှန်ပြ၍

"ငါ သူတို့ဆီ သွားရဦးမယ်ဟ၊ နင်လည်း ပြန်တော့နော်၊ တော်ကြာ တို့ကြားထဲမှာ ကန့်လန့်ကန့်လန့်ဖြစ်နေမယ်။ နင် အနေကြပ်လိမ့်မယ်၊ အဲ့ဒါကြောင့်ပါ"

"ဟွန်း…"

ဝါဝါသောင်းဝေဖြိုးက သိပ်မကျေနပ်ချေ။

အရေးကောင်း ဒိန်းဒေါင်းဖျက်သည်ဆိုသော အမူအရာမျိုးနှင့် မျက်နှာက မကောင်း။ သက်ပြင်းကို မရှည်ရှည်အောင် မှုတ်ထုတ်ကာ သူ မကြားကြားအောင် အသံပြုလေသည်။ ထို့နောက် နီကိုရဲလက်ဖဝါးလောက်စာ ပိုက်ဆံအိတ်လေးကို ထုတ်၍ (ကို)မင်းလူလို မဝံ့မရဲနှင့် ငွေနှိုက်ယူကာ ရှင်းပြုပြီး အကြည်တော်လို ခြေလှမ်းကြဲကြဲနှင့် ထွက်သွားလေသည်။ သူကတော့ အဘ/ဆရာ/ဦးအောင်သင်းလေသံဖြင့် ကျန်ရစ်ခဲ့၏။

"ဩော်…မျိုးဆက်သစ် တိုးတက်ရစ်ပါစေတော့"

နိုင်ဝင်းနှင့် ကေသီနွယ်တို့ဆီ ကူးသွားလိုက်သည်။ သူ့ကိုတွေ့တော့ နှစ်ယောက်သား မျက်နှာတွေ ဝင်းပသွားသည်။

"ဟာ…စစ်ဦး ဘယ်ကို လာတာလဲ"

"ဒီရွာထဲကို လာတာပဲ၊ နေပါဦး မင်းတို့ကကော"

နိုင်ဝင်းက ကေသီနွယ့်ကို မေးဆတ်ပြကာ…



"ကေသီတို့အိမ်က ဦးရှင်ကြီးတင်မလို့ကွာ"

"ဘာလဲ ဦးရှင်ကြီးက ဒီရွာထဲမှာ နေလို့လား"

"မင်းကတော့လုပ်ပြီ၊ ဦးရှင်ကြီးပင့်တဲ့လူကို လာငှားတာပေါ့ကွာ"

"ရလား"

"ရတယ်၊ ကိစ္စပြီးတော့ ဗိုက်ဆာဆာရှိတာနဲ့ ဒီမှာ ထိုင်ဝါးနေတာ၊ မင်းလာတာနဲ့ အတော်ပဲကွာ၊ ဘီယာချရအောင်"

"လုပ်လေ"

"နင်တို့နော်"

ကေသီနွယ်က ဟန့်သံလိုလိုနှင့်

"အများကြီးမသောက်ရဘူး။"

"အေးပါ အနည်းကြီးသောက်မှာပါ"

စစ်ဦး၏ စကားအဆုံးမှာ သူတို့ ရယ်ဖြစ်ကြသည်။ ကေသီနွယ်က အရေးဆိုပြန်၏။

"သောက်ချင်ရင်လည်း ဒီဆိုင်မှာ မသောက်ဘဲ တခြားဆိုင်မှာ သောက်ကြရအောင်ဟာ"

"ဘာဖြစ်လို့လဲ"

"ဟိုဘက်ဝိုင်းကကောင်တွေ ငါ့ကို ရိသဲ့သဲ့လုပ်နေတယ်ဟ"

"ဟော…နိုင်ဝင်းပါရက်နဲ့"

"အေးလေ"

စစ်ဦး အကဲခတ်ကြည့်မိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တစ်ဖက်ဝိုင်းမှ လူငယ်လေးယောက်က နိုင်ငံခြားဖြစ် အခါးရည်တွေ သောက်ထားပြီး အတော်ကလေး သွေးကြွနေပုံရသည်။ ရိုဝေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြင့် ကေသီနွယ့်ကို လှမ်းလှမ်းကြည့်ပြီး ရီထွေ့နေသည်။ ရိုင်းလည်းရိုင်းသည်။

''ဆံပင်ဒီ့ထက်ရှည်လိုက်ရင် ပိုလှမယ့်ဇယားလေးကွ''

''မင်းဘာသာ ဆံပင်ရှည်လာတဲ့အထိ စောင့်ပေါ့ကွာ''

''ဟင့်အင်း...ဟင့်အင်း...စောင့်ဘူး စောင့်ဘူး''

ဝါးခနဲ ပိုင်းရယ်ကြသည်။ နှစ်ယောက်က အပေါ်အင်္ကျီဝတ်မထားကြ။ ထိုအထဲမှတစ်ယောက်က ရင်ဘတ်တွင် 'မင်းတို့အကြိုက် မိုက်ပြမယ်'ဟူသော စာတမ်းကို စုတ်ထိုးရေးသားထား၏။

''ဘာကြည့်တာလဲ အပေါင်းအသင်း''

စစ်ဦး မျက်လုံးလွှဲလိုက်သည်။ ဆိုင်ထဲမှာက သူတို့နှစ်ဝိုင်းတည်းရှိသည်။ စားပွဲထိုးလေးနှစ်ယောက်က စိုးရိမ်သော မျက်နှာဖြင့် ကြည့်နေသည်။ ဆိုင်ရှင်ကိုတော့ မတွေ့မိ။

''ဖြေဦးလေ အပေါင်းအသင်းရဲ့ ကိုယ့်ကို ဘာကြည့်တာလဲလို့''

ရယ်မောခေါင်းခါပြလျက် စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုးလေးက အလျင်အမြန် ပြေးလာသည်။ စစ်ဦးက အိတ်ထဲလက်နှိုက်ပြီး ပိုက်ဆံအချို့ကို ထုတ်ယူတော့ ထိုလူကလည်း ထလာသည်။

''ပြန်တော့မလို့လား အပေါင်းအသင်းရဲ့ မြန်လိုက်တာ''

စားပွဲထိုးလေးက စစ်ဦးထုတ်ပေးသော ငွေစက္ကူများကို ကြည့်ကာ...

''အစ်ကို များနေတယ်''

''ကျန်တာကို လော့ကြေးယူထားလိုက်ကွာ''

''ဗျာ...လော့ကြေး''





''အေး...''

ကြောင်အအဖြစ်နေသော စားပွဲထိုးလေးကို ဘေးတွန်းဖယ်ကာ ထိုငတိကို ထိုင်နေသောခုံနှင့် ကောက်ရိုက်လိုက်သည်။

မြန်လွန်းသဖြင့် ငတိက မရှောင်နိုင်။ (ပန်းကန်အချို့လည်း မှောက်သွားသည်)

''ဖြောင်း...''

''အား...''

ချိုစောင်းကွဲပြီး ခွေကျသွားသည်။

သူ့ဝိုင်းမှ ကျန်သုံးယောက်က ဝုန်းခနဲ ထရပ်ကြသည်။

''လာကြလေ''

စစ်ဦးက ခုံကို လက်ထဲမှာ ဝှေ့ရမ်းပြီး စိန်ခေါ်လိုက်သည်။ နှစ်ယောက်က သူတို့လူကိုဆွဲထူပြီး ကျန်တစ်ယောက်က စစ်ဦးကို ရင်ဆိုင်မည်အပြု။

''ဟေ့...ဟေ့...တော်ကြစမ်း''

တားမြစ်သံနှင့်အတူ လူရွယ်တစ်ယောက် ဆိုင်ထဲဝင်လာသည်။ ဆိုင်အတွက် ဝယ်လာသည်ဟု ယူဆရသော ပစ္စည်းများလည်း လက်ထဲမှာပါလာသည်။ လက်ထဲမှာ ပစ္စည်းများကို စားပွဲတစ်လုံးပေါ်တင်ပြီး စစ်ဦးတို့ကြားမှာ ဝင်ရပ်၏။ အင်္ကျီမဲ့ နောက်တစ်ဦး။

''ကုလားကြီးရာ''

ကုလားကြီးဆိုသူက မျက်နှာသေလေးနှင့် (ထိုလူရွယ်က ဆိုင်ရှင်ဖြစ်ပုံရသည်)

''ဒီဆိုင်မှာထိုင်ရင် ပြဿနာမရှာပါနဲ့လို့ ငါ အတန်တန်မှာထား

www.burmeseclassic.com

www.burmeseclassic.com



ရက်နဲ့''

ဘာမှ ပြန်မပြော။

''ကဲ...ပြန်ကြ ပြန်ကြ။ မင်းတို့ စားသောက်ထားတာတွေကို နောက်မှရှင်း''

သူတို့လူကို သူတို့ဆွဲကာ ဝမ်းမြောက်ဝမ်းသာ ထွက်သွားကြသည်။(နောင် မပေးရမှာ ကျနေသည်ပဲ)ပြီး ဆိုင်ရှင်လူရွှယ်ကိုလည်း ကြောက်ပုံရသည်။ သူတို့ထွက်သွားမှ ဆိုင်ရှင်လူရွှယ်က သူတို့ကို တစ်ချက်ကြည့်ကာ...

''ခင်ဗျားတို့က ဒီရပ်ကွက်ထဲက မဟုတ်ဘူးထင်တယ်''

နိုင်ဝင်းက ဝင်ပြောသည်။

''သူတို့က အမျိုးမျိုးရန်စလို့ ရန်ဖြစ်မိတာပါ''

''သိပါတယ် ကျုပ်လူတွေအကြောင်း ကျုပ်သိတယ်''

''ကျွန်မတို့''

ကေသီနွယ်က အရေးထဲမှာ စကားထစ်နေသေးသည်။ ပြီးမှ

''ကျွန်မတို့ အလျော်ဘယ်လိုပေးရမလဲ''

''အင်း အဲ့ဒါက''

''ကျွန်မတို့လူက ရိုက်လိုက်တာ''

''ကျုပ်မြင်ပါတယ် နေပါဦး''

သူက စစ်ဦးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

''ရိုက်လိုက်တာ ခင်ဗျားနော်''

''ဟုတ်ပါတယ် ခါးစစ်ဦးဆိုတာ ကျုပ်ပဲ''

နိုင်ဝင်းနှင့် ကေသီနွယ်က စစ်ဦးအစား အသည်းယားသွားသည်။





ဘာတွေလျှောက်ပြောနေသနည်း မသိ။

''ဟုတ်ပါပြီ ခင်ဗျားကို ကျုပ် မြင်ဘူးသလိုလိုရှိနေတာ''

''ကျုပ်လို့ထင်ရင် ကျုပ်ပဲပေါ့ဗျာ''

''ဩော်...ဟုတ်ကဲ့''

''ခင်ဗျား ပြောသံကြားဖူးမှာပါ။ စစ်ဦးက သဘောကောင်းတယ်၊ ဒါပေမယ့် ခါးထိုးပက်စက်တယ်ဆိုတာကို''

''ဟုတ်ကဲ့ ကြားဖူးပါတယ်''

''အခု ကျုပ်နဲ့မျောတာတစ်ခုပဲရှိတယ်''

''ဟုတ်ကဲ့ ပြောပါ''

ဆိုင်ရှင်လူငယ်က ကျိုးကျိုးနွံနွံပဲဖြစ်၏။ စစ်ဦးကိုတော့ မယုံမရဲမျက်လုံးများနှင့် ကြည့်နေဆဲ။ စစ်ဦးကလည်း လေကို နည်းနည်းမှ မလျှော့။

''ကျုပ်က သွားလေသူကြီးတစ်ယောက်ရဲ့ အင်္ကျီကို ဝတ်လာတာ၊ သူ့အင်္ကျီကို သွေးတွေ စွန်းသွားတယ်၊ အဲ့ဒါ ကျုပ် အားနာနေတယ်၊ ကျုပ်ရိုက်လိုက်တဲ့ကောင် နာမည်က ဘယ်သူ''

''ကုလားကြီး(ခေါ်)ဂျပုလေးပါ''

ဘယ်လိုနာမည်ကြီးလဲဟ၊ ရိုက်ရတာ မတန်လိုက်တာဟု စစ်ဦးတွေးမိသည်။ ထိုအခိုက်မှာပဲ

''ဩော်...မင်းပဲကိုး''

လှည့်ကြည့်မိတော့ ဒေါ်အေးကို၊ သူ့နံဘေးမှာက 'မြူ' ချစ်သော [illegible]

ဒေါ်အေးကိုက စစ်ဦးကို

''တွင်းထဲပြုတ်ကျရုံနဲ့ အားမရဘဲ ဘယ့်နှယ် ရန်ဖြစ်သတုံး''

www.burmeseclassic.com

www.burmeseclassic.com



သူကျတော့ တွင်းထဲ မပြုတ်ကျခဲ့သလိုလို၊ ဘယ်လိုယောက္ခမ လောင်းကြီးလဲ မသိ။ သူမက ဆက်ပြောမှပဲ သူမတို့ရာဇဝင်ကို သိရတော့သည်။ သူမကြီးက ဆိုင်ရှင်လူရွှယ်ကို

"မင်းဆိုင်မှာ ရန်ဖြစ်ကြတယ်ဆိုလို့"

"ဟုတ်တယ် အမေ သူတို့ပဲ၊ ပြီးသွားပါပြီ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"သား အဝတ်အစားတွေဝတ်ပြီး သွားလေသူကြီးရဲ့ အဝတ်အစားလို့ ပြောနေတယ်"

"ဩော်...ဒါကတော့ အမေက မင်းအဖေအဝတ်အစားတွေ ပေးခါနီးမှ နှမြောလို့ ဒီအဝတ်အစားတွေကို ပြန်မပေးမှာစိုးလို့ မင်းအဝတ်အစားတွေကို ပေးလိုက်တာပါ ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ"



[၈]

အချင်းစာတန်

ငါ့နောက်သို့ ဆုတ်လော့။

(၄း၈ ရှင်လုကာကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝင်းနှင့် ကေသီနွယ်တို့က ရန်ဖြစ်သည့်အပိုင်းကို သိပြီးသားဖြစ်သော်လည်း တွင်းထဲကျသည့် ရှေ့ပိုင်းကဏ္ဍကို မသိသေးသဖြင့် ထိုင်နားထောင်နေကြခြင်းဖြစ်သည်။ အစပိုင်းမှာ စစ်ဦးက တိုးတိုးပြောခြင်းဖြစ်သော်လည်း ပြောရင်းပြောရင်းနှင့် စိတ်ပါပြီး အသံက ကျယ်လာသည်။ သူ့အသံကို ဘုရားခန်းထဲရောက်နေသော ဖေဖေနှင့်မေမေကပါ ကြားနေရသည်။

ဖေဖေ့အသံ ထွက်လာသည်။

''အင်း...မင်းသား ဂျစ်တူးတော့ ရန်ဖြစ်လာပြီ''

''သူ ဘာမှဖြစ်မလာတာဘဲ တော်သေးတယ်''

''သူများက ဖြစ်သွားတော့လည်း ဘယ်ကောင်းမလဲကွ''

''ရှင့်သားကလည်း လက်ကို မြန်လွန်းပါတယ်''



''ထိုစကားသံများ၏ နောက်မှနေ၍ သူတို့ဆီကို မေမေရောက်လာသည်။

''သား... မောင်ဦး''

''ဗျာ...''

''ရန်ဖြစ်တာ မကောင်းဘူးနော်''

''ဟုတ်ကဲ့ပါ မေမေရဲ့''

''နောင်ကို အဲ့ဒီလိုအသံ မကြားချင်ဘူး''

''ဟုတ်ကဲ့''

''ငါ လုပ်လိုက်နိုင်တယ်ဆိုပြီးတော့လည်း ဂုဏ်မယူနဲ့ မင်းအဖေလို ဖြစ်နေမယ်''

ဖေဖေပါ လိုက်ထွက်လာသည်။ မေမေ့ကို

''မင်း ငါ့ကို ဘာအရှက်ခွဲဦးမလို့လဲ''

''ရှင် ဘောလုံးကန်တုန်းကကိစ္စလေ''

''ကြာလှပါပြီကွာ၊ ကလေးဘဝကတည်းကဟာတွေ''

''ဒါပေမယ့် ဥပမာတော့ ပေးရမှာပဲ''

''တခြားဟာတွေ ဥပမာပေးပါလားကွာ၊ ဥပမာ အီဇရာဟင်လင်ကွန်းက ဘယ်လိုတို့ ကျန်စစ်မင်းကြီးက ဘယ့်နှာတို့''

''အို...ကိုဘဦးရှိနေမှတော့ သူတို့တွေ မလိုပါဘူး၊ သူတို့တွေကို ဥပမာပေးတာထက် ရှင်လို ကိုဘဦးကို ဥပမာပေးတာ ပိုကောင်းတာပေါ့။ ဟုတ်တယ်မဟုတ်လား သား''

''ဟုတ်...ဟုတ်''

''မင်းအဖေငယ်ငယ် ဘောလုံးကန်တုန်းကလေ၊ တို့ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲမှာတုန်းကပေါ့"

"ဟုတ်"

ဖေဖေနှင့်မေမေက မူလတန်းဘဝတည်းက ကျောင်းပြီးသည် အထိအတူတူ။ ပြီး သူတို့မှို့ မပျင်းမရိနိုင်ဘဲ တစ်ယောက်ကို တစ်ယောက် ယူလိုက်ကြသည်။

"တစ်ဖက်အသင်းကလည်း ကောင်းတော့ မင်းတို့အဖေဘက် ကလည်း ဂိုးမသွင်းနိုင်ဘူးပေါ့ကွယ်။ ပွဲပြီးခါနီးကျမှ မင်းအဖေက အနိုင်ဂိုး ကို သွင်းလိုက်တယ်။ အားလုံး ဝမ်းသာသွားတာပေါ့။ သူ့ကို ပွေ့ဖက် ချီးကျူးဖို့လုပ်တယ်။ မင်းအဖေကလည်း အဲ့ဒီလိုပဲ ကျန်အသင်းသားတွေ ဆီကို အပြေးအလွှားပေါ့။

"ဟုတ်ကဲ့"

"ဒါပေမယ့် သူ ထင်သလို ပွေ့ဖက်ချီးကျူးတာ မခံရဘူးလေ။ အနားရောက်မှ ပြန်ပြန်လှည့်ပြေးသွားတဲ့လူနဲ့၊ သူ ပြေးပွေ့တာကိုပဲ ရှောင်ပြီး ထွက်ပြေးတဲ့သူနဲ့ ကြုံရတယ်"

"ဘာဖြစ်လို့လဲ မေမေရဲ့"

"သူက ဂိုးသွင်းနိုင်ပေမဲ့ ဘောင်းဘီကွဲပြဲသွားတာကို။ အားလုံးက ဝိုင်းရယ်တယ်။ ဟိုဘက်ဂိုးသမားကတောင် ရယ်တယ်။ မင်းအဖေ သုံးရက်လောက် အိမ်ပြင်မထွက်ရဲဘူး"

"ဩော်..."

"အဲ့ဒါကြောင့် သားကို မေမေပြောမယ်။ ကိုယ်လုပ်လိုက်ရတယ်၊ ကိုယ်နိုင်တယ်ဆိုပြီး မမော်ကြွားချင်နဲ့၊ မင်းအဖေလို အရှက်ကွဲရလိမ့်မယ် သိလား"



"ဟုတ်...ဟုတ်ကဲ့"

ဖေဖေက ထမင်းစားဝိုင်းနားရောက်နေပြီ။ သူမ၏ စကားအဆုံး မှာ မေမေက လိုက်သွား၏။ ဖေဖေနှင့်မေမေတို့ ကြိတ်ရန်ဖြစ်ကြတော့မည်။

ဖေဖေက အောင်မြင်သော ရှေ့နေကြီးတစ်ယောက်ဖြစ်၏။ လျှာမရှည်တတ်ပါ။ လိုအပ်မှသာ စကားပြောသည်။ စကားပြောလည်း အလွန်ကောင်းသည်။ မေမေကတော့ ဆရာဝန်။ သူ့ပရိတ်သတ်နှင့်သူ ရှိပြီး ဆေးခန်းက လူနာအလာများပါသည်။

ထို့ကြောင့် သူတို့၏ စီးပွားရေးက မရှိမရှား။

အဖေနှင့်အမေ ထွက်သွားပြီးမှ ခင်ဦးက တစ်စခန်း ထလာသည်။

"ကိုကို"

"ဟင်"

"ကိုကို့အဝတ်အစားတွေကို မြူမြူက လျှော်ပေးရမှာပေါ့"

"ဒါပေါ့ မီးပူပါ သေသေချာချာတိုက်လို့ မှာလိုက်တယ်"

"အဲ့ဒီအဝတ်အစားတွေကို သွားပြန်ယူရဦးမှာပေါ့"

"အင်း...သွားလေသူကြီးရဲ့ အဝတ်အစားနဲ့သွားပြန်လဲရမှာပေါ့"

"ကိုတင်မောင်လတ်ရဲ့ အဝတ်အစားပါ ကိုကိုရဲ့"

"အေး...အေး...သွားပြန်လဲရမယ်"

"ရန်မဖြစ်နဲ့တော့နော် ကိုကို"

"အေးပါ မဖြစ်တော့ပါဘူး။ သူတို့လည်း ခါးစစ်ဦးအကြောင်း ကို သိသွားလောက်ပါပြီ"

ဝိုင်းရယ်ဖြစ်ကြသည်။

"ကိုကို ဒီတစ်ခါသွားရင် ညီမလေးပါ လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုက်လုပ်မှာလဲ"

"သူတို့ကို တွေ့ချင်လို့"

"သူတို့ညီအစ်ကို သုံးယောက်က နင့်ကို ဝိုင်းပိုးရင် ဘယ့်နှယ့် လုပ်မလဲ"

"ကိုကိုတို့ပဲပြောတာ၊ အကြီးဆုံးက မသက်ကိုဆို"

သက်သက်ငြိမ်းက တွန့်ခနဲဖြစ်သွား၏။ စစ်ဦးက

"နောက်နှစ်ယောက် ကျန်သေးတယ်"

"တစ်ယောက်က အခြောက်ဆို"

"တကယ်မခြောက်ဘူး မိန်းမဆန်နေတာ"

"နောက်တစ်ယောက်က အရက်ဆိုင်ပိုင်ရှင်၊ တော်ပါ ကိုကိုရယ်"

"အေးလေ မလိုက်ခဲ့နဲ့"

"အောင်မာ ကိုကိုပြောပုံက ညီမလေးကပဲ လင်လိုချင်လို့ လိုက်ကြည့်မှာလိုလို"

"မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ ကိုကိုတို့ပြောပြောနေတဲ့ ဂူးဝါးနှင်းဆီကို ကြည့်ချင်လို့"

သူမ၏အပြောကြောင့် အားလုံး ပြုံးမိကြသည်။ ဂူးဝါးနှင်းဆီ ဆိုသည့်ကိုး။

ဖြစ်ချင်တော့လည်း ဤယနေ့က အားလုံး အားလပ်သောနေ့ ဖြစ်နေသည်။

သက်သက်ငြိမ်းကတော့ အိမ်မှာ အလှပြင်သင်တန်းဖွင့်ထားပြီး တပည့်တွေနှင့် လွှဲထား၍ ရသည်။ ဝင်းမင်းနှင့်လင်းလင်းရီက အစိုးရ



ရုံးဝန်ထမ်းတွေ။ နိုင်ဝင်းက ထီအရောင်းကိုယ်စားလှယ်ဖြစ်ပြီး ကေသီနွယ် က ထိုင်စားမှီခိုသူ။

မနေ့ညနေက စစ်ဦးပေါက်ကွဲတာ အဲ့ဒါလည်းပါသည်။ နိုင်ဝင်းနှင့် ကေသီနွယ်က သမီးရည်းစားမဟုတ်။ လင်မယား။ လက်ထပ်ပြီးတာ ခြောက်လခန့်ရှိပြီ။ ကုလားကြီး(ခေါ်)ဂျပုလေးတို့က အတွဲဟုထင်ပုံရသည်။ ထို့ကြောင့် လင်ရှိမယားကို (လင်ဖြစ်သူရှေ့ထားပြီး)နှုတ်လျှာဆော့ခြင်း ဖြစ်သည်။ စစ်ဦးကလည်း ထိုအချက်ကို မခံချင်ဖြစ်သွားခြင်းဖြစ်သည်။ ထိုသို့ဖြင့် ရန်ဖြစ်ရခြင်းပင်။

စစ်ဦးနှင့်ခင်ဦးတို့မောင်နှမက VIDEO, VCD, DVD အငှားခွေ ဆိုင်တစ်ဆိုင် ဖွင့်ထားသည်။ စာအုပ်အငှားဆိုင်တစ်ဆိုင်ကိုလည်း တွဲဖွင့် ထားသည်။ အလုပ်သမားတွေနှင့် လွှဲထား၍ ရသဖြင့် သူတို့ကလည်း အားလပ်ချိန်များသည်။

"ဟို သွားလေသူကြီးရဲ့ အင်္ကျီလုံချည်ကို နင် လျှော်ပြီးပြီလား"

"ရှိလေသူကြီးပါ ကိုကိုရဲ့၊ ကိုတင်မောင်လတ်ရဲ့ အင်္ကျီလုံချည်ဆို လျှော်ပြီးပြီ"

"အစွန်းအကွက်တွေ သွေးပြောက်တွေ ပျောက်တယ်မဟုတ်လား"

"ပျောက်တယ်"

"ကဲ...အဲ့ဒါဆို အဲ့ဒီအဝတ်အစားတွေကို ယူခဲ့။ သွားပေးမယ်။ ကိုယ့်အဝတ်အစားလည်း ကိုယ်ပြန်ယူရမယ်"

"ဟိုက လျှော်မပြီးသေးရင်ကော ခုမှ ကိုကို့ရဲ့မြူမြူက အဝတ် လျှော်မယ့် ကုလားမကို လိုက်ရှာနေရင်ကော"

"အဲ့ဒါဆိုလည်း ခါးစစ်ဦးအကြောင်း သိသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရယ်ဖြစ်ကြပြန်သည်။

မည်သို့ပင်ဖြစ်စေ။

မြူမြူတို့၏ ငှက်ကြီးတောင်ရွာသို့ သူတို့ တပြုံကြီးရောက်ခဲ့ကြသည်။

ဒေါ်အေးကိုနှင့် တန်းတိုးသည်။ ဒေါ်အေးကို စကားပြောပုံက တစ်မျိုးကြီးပါပဲဟု အစကတည်းက ထင်ခဲ့သည်။ ယခုမှ သေသေချာချာ သတိထားမိသည်။ ဒေါ်အေးကိုက စကားပြောလျှင် (တ,တလုံးပေါင်းသံကို ကြားမခုဘဲ) စကားသံအတိုင်း ပီပီကြီး ထွက်ခြင်းဖြစ်သည်။

'မင်းဒို့ဂိုး လာဂျ လာဂျ'တဲ့။

'လာဇျိ လာဇျိ'ဟု ပြောကာ ဝင်ရမလိုပင်။ သို့သော် မပြောဖြစ်ပါ။ ပြုံးပြကာ အလျှိုလျှိုဝင်ထိုင်လိုက်၏။ မြူမြူကလည်း ထွက်လာသည်။ သူ့အစ်ကိုတွေကတော့ 'ရှိပုံမပေါ်'။ စစ်ဦးက လှမ်းကြည့်တော့ ခင်ဦးက အလိုက်တသိနှင့် ထုပ်ပိုးယူလာသော အင်္ကျီလုံချည်ကို ထုတ်ပေးသည်။

မြူမြူက ခင်ဦးကို သူညီမမှန်း ရိပ်မိပုံပေါ်သည်။ မောင်နှမနှစ်ယောက်ကလည်း ရုပ်ချင်းဆင်သည်ကိုး။ ခင်ဦးကို ပြုံးပြ၍ အဝတ်အစားများကို ယူသွားပြီး အတွင်းခန်းထဲဝင်သည်။ ထုပ်ပိုးထားသော သူ့အင်္ကျီနှင့်လုံချည်ကို ပြန်ယူလာပြီး ခင်ဦးကို ပေးသည်။

အတန်ကြာသည်အထိ စကားမဆိုမိကြသေး။ ဒေါ်အေးကိုကြီးကသာ 'ဦးညွန့် ဦးညွန့်'ဟု ချောင်းဆိုးနေသည်။ ထို့နောက်မှာမှ သူက

"ဟိုအစ်ကိုတွေ မရှိတော့ဘူးလား"

"မရှိကြတော့ဘူး"



ဒေါ်အေးကိုက ပြန်ဖြေခြင်းဖြစ်သည်။

"သြော် ကျွန်တော်က သူတို့ကို ရှိကြသေးတယ် အောက်မေ့လို့"

"ဘာ..."

"မဟုတ်ဘူးလေ ဒီလိုပါ ကျွန်တော်က သူတို့ဒီအိမ်မှာ ရှိနေကြသေးတယ် အောက်မေ့လို့"

"ရှိဂျသေးဒယ်၊ ရှိဂျသေးဒယ်၊ ခုနမှ ထွက်သွားဂြဒါ"

"ဟုတ်ကဲ့...ဟုတ်ကဲ့ ဒေါ်ဂြီးကော နေကောင်ဒယ်မို့လား"

"ကောင်းဒယ်...ကောင်းဒယ်"

ခင်ဦးတို့အားလုံးက ရယ်ချင်နေပြီ။ မြူမြူကလည်း စစ်ဦးတမင်လုပ်နေမှန်းသိ၍ အပြုံးတစ်ဝက်နှင့် မျက်စောင်းခဲသည်။ အားလုံးက မြင်ဖြစ်အောင်မြင်ပြီး အားလုံးကလည်း မြူမြူ့ကို လှသည်ဟု မှတ်ချက်ချဖြစ်အောင် ချလိုက်ကြသည်။

(၁။ စစ်ဦး ၂။ စစ်ဦး ၃။ စစ်ဦး ၄။ ကျန်လူများ)

ထိုစဉ်အချိန်မှာပဲ အိမ်ရှေ့ဆီမှ ဆူညံပူညံအသံများကြားသဖြင့် လှမ်းကြည့်မိတော့ လူတစ်ယောက်ကို လက်ထိပ်ခတ်ခေါ်သွားတာတွေ့ရသည်။

"ဘာဖြစ်တာလဲ"

သက်သက်ငြိမ်းက မြူမြူ့ကို မေးတော့...

"ငွေလိမ်မှုတဲ့လေ"

"ဘယ်သူ့ဆီက လိမ်တာလဲ"

"သူ့ဇာတ်ဆရာဆီကတဲ့"

"ရော်..."

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ကြားဖူးမှာပေါ့၊ သူက ပြဇာတ်မင်းသား မြို့တော်တင်မောင်အောင်လေ"

လုပ်ပြန်ပြီ။

သူတို့ဆီရောက်မှ အထူးအဆန်းနာမည်တွေချည်း ကြားနေရသည်။ ဒေါ်အေးကိုတို့ မြို့တော်တင်မောင်အောင်တို့၊ အဲ ကုလားကြီး (ခေါ်)ဂျပုလေးဆိုတာက ပါသေးသည်။

"ဒီလိုပြဇာတ်မင်းသားက ဒီလိုလိမ်ပါ့မလားဟာ"

"သူ ခဏခဏဖြစ်နေကျ"

"ခဏခဏလည်း ပြန်လွတ်နေကျပေါ့"

"အင်း..."

ထိုအခိုက်အတန့်မှာပင် မြူမြူ့အစ်ကိုသုံးယောက်(ခေါ်) ဒေါ်အေးကို၏ သားသုံးယောက်(ခေါ်) ကိုတင်မောင်ဦး/လတ်/လေးတို့ ရောက်ရှိလာသည်။

သူတို့အမေကို လှည့်ပြော၏။

"ဩော်...အမေ့ဆီကို ဧည့်သည်တွေတပြုံကြီးလာကြတယ်ဆိုလို့၊ သားတို့သုံးယောက် ဒီထိပ်မှာဆုံလာကြတာ၊ လက်စသပ်တော့ သူတို့ကိုး"

စစ်ဦးက

"ဟုတ်ဘာဒယ်၊ ကျွန်တော်ဒို့ဘာ။ ကျွန်ဒေါ်ဒို့ဘာ"

အစ်ကိုသုံးယောက်နှင့်အတူ ညီမတစ်ယောက်ကပါ အောင့်သီးအောင့်သက်ဖြစ်သွားသည်။ ညီအစ်ကိုသုံးယောက်က စစ်ဦးကို ဘုကြည့်ကြည့်ပြီးမှ ခင်ဦးကို သေသေချာချာမြင်သွားကာ



ကိုတင်မောင်လတ်က

"ဒါ မင်းညီမလေးလား"

"ဟုတ်ဘာဒယ် ဟုတ်ဘာဒယ်"

"ကောင်းကောင်းပြောကွာ"

"ဟုတ်ပါတယ်"

စစ်ဦးက မျက်နှာသေဖြင့် ဆက်ပြောသည်။

"ကျွန်တော့်မှာ ဒီညီမတစ်ယောက်တည်းရှိတယ်၊ မောင်နှမနှစ်ယောက်တည်း"

ကိုတင်မောင်လတ်က မေးသည်။

"သူကလေးနာမည်က ဘယ်လိုတဲ့တုန်းကွ"

ဟင်...ပြောင်ကြီးပါလား။ အတင်းကြီးပါလား။ သို့သော် သူ ပြန်ဖြေပေးလိုက်ပါသည်။

"ခင်မောင်လတ်တဲ့ဗျ"

"ဟေ..."

ကိုတင်မောင်လတ် အလွန်အံ့ဩသွားသည်။ စစ်ဦးကို

"မင်းကွာ...ဟုတ်လို့လား"

"ဟုတ်တယ်ဗျ...ယောကျ်ားလေးမွေးရင် ခင်မောင်လတ်လို့ မှည့်မလို့၊ မိန်းကလေးဖြစ်နေလို့ ခင်ဦးလို့ မှည့်လိုက်တာ"

"အာ...အဲ့ဒါကိုများကွာ၊ စောစောကတည်းက အတည့်မပြောဘူး"

"မှားဘာဒယ် မှားဘာဒယ်"

ခင်ဦးကတော့ မျက်နှာထားကို တည်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တအောင့်မျှကြာအောင် စကားပြောပြီးနောက် စစ်ဦးတို့တွေ ပြန်ရန် ပြင်ကြသည်။

"နောက်လည်း လာဂျနော်"

"လာဘမယ် လာဘာ့မယ်"

ဒေါ်အေးကိုကို နှုတ်ဆက်ပြီး ပြန်ထွက်လာကြသည်။ ဖိနပ်တွေစီးကြချိန်မှာ ခင်ဦးက စစ်ဦးကို တိုးတိုးကပ်ပြောသည်။ (တင်မောင်ဦး၊ တင်မောင်လတ်၊ တင်မောင်ငယ်)တို့က သူတို့အကြောင်း ပြောသည်ဟု ထင်နေကြသည်။

"ကိုကို"

"ဟေ..."

"မြူမြူက မဆိုးဘူးနော်"

"အေး..."

"ကိုကို ရည်းစားစကား ပြောပြီးပြီလား"

"ဟော့အေး"

"ပြောကြည့်ပါလား...သူ့ကိုကြည့်ရတာ ကိုကို့အပေါ်မှာ ချဲ့အားပါပါတယ်"

"ဘာ..."

"အမြင်ကြည်ပါတယ်လို့ ပြောတာ"

သူ မြှောက်ပေးတာနှင့်ပင် ခြံဝသို့ မြူမြူက လိုက်အပို့မှာ ရည်းစားစကား ပြောမိသည်။

"မြူမြူ"

"ဘာလဲ"



"မိခင်နို့ဆိုတဲ့ စကားလုံးကို နင် ကြားဖူးလား"

"ကြားဖူးသားပဲ"

"ငါလည်း နင်နဲ့မိခင်နို့ရအောင်ဟယ်"

"ပလုတ်တုတ် ဘာပြောတာလဲ"

"မိခင်ဆိုတာ ချစ်စရာမဟုတ်ဘူးလား'

"ဟုတ်တယ်လေ"

"နို့ဆိုတာ စို့စရာမဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ချစ်စို့လို့ ပြောတာ"

မြူမြူက တသောသောရယ်သည်။ ပြီးမှ(ထိုအခါကျမှ မြူမြူ ဉာဏ်ရည်ကို သိရတော့၏။)

သူမက စစ်ဦးကို

"အမေ့ရင်သွေးဆိုတာကော သိလား"

"သိတယ်"

"ဘာလဲ"

"အမေက ချစ်ရတယ်၊ ရင်သွေးက အီအီးတည်ရတယ်၊ ချစ်တယ်ပေါ့"

မြူက တသောသောရယ်ပြန်သည်။

"အမေက ချစ်ရတယ်၊ ရင်သွေးက ဘူးမှုတ်တယ် ချစ်ဘူးလို့ ပြောတာ"

"ဟာကွာ"

မြူမြူက ရယ်မြဲရယ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[၉]

> တစ်ဦးကား ပျိုးကြ၏။
> တစ်ဦးကား စပါးရိတ်၏ ဟူသော စကားသည်
> ဤနေရာ၌ အမှန်ကျသတည်း။
>
> [ဌေးဇာ ရှင်ယောဟန်ကျမ်း]



ထိုရက်ပိုင်းအတွင်းမှာ စစ်ဦး ငြိမ်နေသည်။ ဘာမှမဟုတ်ဘဲ ဘာအကြောင်းပြချက်မှမရှိဘဲ သူ့ဘာသာ ငြိမ်နေခြင်းဖြစ်၏။ မငြိမ်နိုင်သည်က ခင်ဦးတို့အုပ်စုဖြစ်၏။

ခင်ဦးတို့အုပ်စုဆိုသည်က သက်သက်ငြိမ်း၊ ဝင်းမင်းနှင့် လင်းလင်းရှိ၊ နိုင်ဝင်းနှင့်ကေသီနွယ်။ ပြီး ခင်ဦး။ ထိုအုပ်စုထဲသို့ ဝါဝါ သောင်းဝေဖြိုး ဝင်၍ရမည် မဟုတ်ချေ။ တစ်အုပ်စုလုံးက သူ့ကို ပြိုင်ပ လူနာတစ်ယောက်အဖြစ်သာ ဆက်ဆံသည်။

သူတို့တွေ လုံးပမ်းနေကြသည်က စစ်ဦးနှင့်မြူမြူ ချစ်သူတွေ ဖြစ်သွားရန်။

ခင်ဦးအနေနှင့် ဝါဝါသောင်းဝေဖြိုးကို မငဲ့ညှာ၍မဟုတ် စစ်ဦးအနေနှင့် ဝါဝါသောင်းဝေဖြိုးကို ဘယ်လိုမှ မေတ္တာမျှနိုင်မည်

www.burmeseclassic.com



မဟုတ်ကြောင်း သူသိသည်။ အမြဲမဟုတ်ရုံတမယ် နီးစပ်တွယ်တာရသော သူ့အစ်ကိုအကြောင်းကို သူသိသည်။

ထို့ကြောင့် မြမြ့ဘက်ကိုသာ မဲတင်းပေးလိုက်ရခြင်းဖြစ်သည်။

မြမြက လှသည်။ ထက်သည်။ ခေတ်မီသည်။ ပွင့်လင်းသည်။ ပြီး စစ်ဦးနှင့်လိုက်ဖက်ညီသည်။ အိမ်ထောင်မှုကိစ္စ နိုင်နင်းပုံရသော မြမြက စစ်ဦးအတွက် အများကြီး သင့်တော်သည်။

"ခင်ဦး"

"ရှင့်"

"နင့်အစ်ကို ဘယ်မှာလဲ"

"သူ့အခန်းထဲမှာ"

"ဘာလုပ်နေတာလဲ"

"မသိဘူးလေ၊ စာဖတ်နေမှာပေါ့"

"ဘယ်မှ မသွားဘူးလား"

"ဒီအပတ်အတွင်းတော့ ဘယ်မှ မသွားသေးဘူး"

"မြမြ့အကြောင်းကော ဘာပြောသေးလဲ"

"ဒီအပတ်အတွင်းတော့ ဘာမှ မပြောသေးဘူး"

"ဒီကောင် ဆီးဝမ်းကော မှန်ရဲ့လား"

"ဒီအပတ်အတွင်းတော့ အဲ...အဲ...မှန်မှာပါ"

ခင်ဦးကို ဝိုင်းရယ်ကြတော့၏။ ခင်ဦးလည်း ရှက်ရှက်နှင့် လိုက်ရယ်ရသည်။

"ဒါဖြင့် ငါတို့ နင့်အစ်ကိုအခန်းကို သွားလိုက်ဦးမယ်။ သူ ဘာလုပ်နေသလဲလို့၊ ဒါမှ သိရမှာ"



လာလေ လာကြပေါ့။

ဓါးစစ်ဦးက စုံထောက်ကြီး ဦးစစ်ဦးဖြစ်နေသည်။ စာကြည့်စားပွဲကို မှန်ဘီလူးနှင့် ကြည့်နေသည်။ ဝင်းမင်းက

"ဟော့ကောင် စစ်ဦး"

စစ်ဦးက တစ်ချက်မျှ ငဲ့ကြည့်သည်။

"အေး...အေး...ခဏထိုင်ကြဦး"

ထိုသို့ပြောပြီး မှန်ဘီလူးကို သဲကြီးမဲကြီး ဆက်ကြည့်နေသည်။ မနေနိုင်၍ မိန်းမယူခဲ့သော နိုင်ဝင်းက ယခုလည်း မနေနိုင်စွာပင်

"မင်း ဘာကို ကြည့်နေတာလဲ"

"ပုရွက်ဆိတ်ကို"

"ဘာဖြစ်လို့လဲ"

"ထန်းလျက်ခဲမှုန်လေးကို သူ သယ်လာတာကွ"

"မင်းက ကူသယ်ပေးမလို့လား။ သူ့ပုရွက်ဆိတ်အုံကို သယ်သွားမလို့ နေမှာပေါ့"

"မဟုတ်ဘူးကွ၊ ငါ တွေးမိတာတစ်ခုရှိလို့"

"ဘာလဲ"

"ထန်းလျက်က ချိုမှန်း စားလို့ကောင်းမှန်း ဒီကောင်သိသွားပြီပဲ"

"အေး...အဲဒါ ဘာဖြစ်လဲ"

"ဩော်...ပုရွက်ဆိတ်အုံဆီအသယ် လမ်းမှာ သူမြည်းမြည်းကြည့်မသွားဘူးလားလို့"

အားလုံး ရယ်ဖြစ်ကြသည်။ လင်းလင်းရီက

"နင်ဟာ ကပ်သီးကပ်သပ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဘယ်လိုပြောပြော ဒါမျိုးက ငါ ခံနိုင်တယ်"

"ဘယ်လိုပြောရင် မခံနိုင်ဘူးလဲ"

"မျက်ခုံးပင့်ပြီး ဝင်ပြောရင် မခံနိုင်ဘူးဟ"

မျက်ခုံးပင့်ပြီး ဝင်ပြောရန်ပြင်နေသော သက်သက်ငြိမ်းက သူ့နှုတ်ခမ်းကို သူ့အလျင်အမြန် ပိတ်လိုက်၏။ အားလုံးက သတိထားမိလိုက်သဖြင့် ရယ်ကြသည်။ ထိုအခါကျမှ

သက်သက်ငြိမ်းက စစ်ဦး၏ အိပ်ရာပေါ်မှ ကဗျာစာအုပ်များကို ကောက်ကိုင်ကြည့်ပြီး

"ဖတ်လိုက်ရင်တော့ အချစ်ကဗျာ အလွမ်းကဗျာတွေ"

"အဲဒါ ဘာဖြစ်လဲ"

"ဟဲ့ အဲ့ဒီ့အချစ်ကဗျာ အလွမ်းကဗျာဆိုတာ သူတို့ရဲ့ အဲ့ဒီကဗျာဆရာတွေရဲ့ ကျဆုံးသွားသော အရိုးပြာတွေဟဲ့"

"စကားလုံးက တယ်ပြောင်မြောက်ပါလား အဲ့ဒီတော့ ဘာဖြစ်လဲ"

"အဲ့ဒီလူတွေရဲ့ အရိုးပြာတွေကို နင် ထိုင်လျက်နေတာဟဲ့"

"ဟုတ်လို့လား"

"ဟုတ်တယ်"

"အဲ့ဒီတော့ ဘာဖြစ်သလဲ"

"နင်က လူသတ်သမားမဟုတ်ဘူး၊ လူသေသတ်သမား။ လူသတ်သမားထက် ဆိုးတယ်"

"ဟ ဘလိုင်းကြီးပါလား၊ နင် ဘာကို ပြောချင်မှန်းလည်း ငါ မသိဘူး"



"နင့်ကို အသည်းမာတယ်လို့ ပြောနေတာ၊ မြူမြူ့ကို ဒီအချိန်မှာ နင် ကူညီသင့်တာပေါ့"

စစ်ဦး မျက်မှောင်ကြုတ်သွားသည်။

"မြူမြူက ဘာဖြစ်နေလို့လဲ"

"စိတ်မကောင်းဖြစ်နေတာ"

"ငါ့ကို မတွေ့ရလို့လား"

"လဲသေလိုက်"

"နင်လုပ်တာနဲ့ ပုရွက်ဆိတ်တောင် ဘယ်ရောက်သွားလဲ မသိဘူး။ ကဲ ထားပါတော့၊ နင့်စကားတွေကိုသာ ငါ့ကို ရှင်းအောင်ပြောစမ်း"

"ဒီလိုဟာ ငါ ရှင်းပြပါ့မယ်"

ထိုသို့ ဝင်ပြောသူက လင်းလင်းရီ။ လင်းလင်းရီက အင်မတန်စိတ်ရှည်သည်။

"ပြီးခဲ့တဲ့ရက်ထဲမှာ မြူမြူက ခေါင်းတွေကိုက်တယ်။ ဆေးစားလည်း မရဘူး"

"အင်း..."

"အဲ့ဒီတော့ ရပ်ကွက်ထဲက မိန်းမကြီးတစ်ယောက်က သူ့ကို အကြံပေးတယ်"

"အင်း..."

"သူ့ရဲ့ဆံစကိုညှပ်၊ လက်သည်းခြေသည်းကိုညှပ်၊ အိတ်ရှုံ့တစ်ခုထဲထည့်ရမယ်"

"အင်း..."

"တစ်ခုရှိတာက အဲ့ဒီအိတ်ရှုံ့ဟာ ဖြတ်စ၊ ညှပ်စတွေနဲ့ချုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အိတ်ဖြစ်ရမယ်"

"အင်း..."

"ပြီး...ငွေအကြွေတချို့ကိုလည်း ထည့်ရမယ်"

"အင်း..."

"နောက်ဆုံး အဲ့ဒီအိတ်ကို လမ်းပေါ်မှာ ချထား၊ တစ်ယောက်ယောက်က ကောက်သွားရင် ကိုယ့်ရောဂါတွေ ပျောက်ရောတဲ့"

"အင်း..."

"သူကလည်း ကလေးစိတ်မကုန်တော့ အပျော်စမ်းကြည့်တယ်။ အဲ့ဒီအထုပ်လေးကို သူတို့လမ်းထဲက ဒေါ်စောစောက ကောက်သွားတယ်"

"မသိဘဲ ရမ်းကောက်ရလား။ အဲ့ဒီဒေါ်စောစောက ဘာလုပ်သလဲ"

"သူက ဟိုဟာ ဟိုဒင်းဟာလေ"

လင်းလင်းရီ နားထင်ကိုလက်နှင့်ထောက်ပြီး စဉ်းစား၏။ ပြီးမှ

"ဟိုဟာလေဟာ ပီတိကိုစားပြီး အားရှိတာ"

"ကျောင်းဆရာမလား"

'ဟာ...အေး ． ． ．အေး"

"ကဲ...ဆက်ပြောပါဦး"

"မြူမြူ့ရဲ့ ခေါင်းကိုက်ဝေဒနာက တကယ်ပျောက်သွားတယ်ဟ"

"အောင်မယ် တယ်စွမ်းပါလား"

"စွမ်းချက်က နာတယ်။ အဲ့ဒီ ဒေါ်စောစောမှာ ခေါင်းကိုက်ဝေဒနာစွဲပါလေရော။"

"ဗုဒ္ဓေါ"



"ဘာမှ မကြာလိုက်ဘူး၊ ဒေါ်စောစော သေသွားတယ်"

"ဟင် ． ． ．ဟုတ်တယ်၊ သေကိုသေသွားတယ်"

"ဟုတ်ပ"

"ဟောဗျာ စောစောသေသွားတာပေ့ါ"

"ဒေါ်စောစောလုပ်စမ်းပါဟာ"

"အေးပါ စောစောစီးစီး သေသွားတာပေ့ါလို့ ပြောတာပါ"

"အေး အဲ့ဒီကိစ္စအတွက် မြူမြူက စိတ်မကောင်းဖြစ်နေတယ်၊ သူ့တာဝန် မကင်းသလိုလိုပေ့ါ"

"သြော်...ဒီလိုလား"

"အေး"

စစ်ဦးက တွေးတွေးဆဆဟန်နှင့်

"ယကြာက စွမ်းလို့လို့တော့ ငါ မထင်ပါဘူး"

"အေး ငါတို့လည်း မထင်ပါဘူး"

"ဒီလိုဖြစ်တာနေမယ်"

"အင်း...ပြောပါဟာ"

မှန်ဘီလူးကြီးကိုင်ပြီး စုံထောက်ကြီးစတိုင်လ်နှင့် စစ်ဦးက ရှင်းပြသည်။

"ဒေါ်စောစောဟာ ဒီအထုပ်ရတော့ ပျော်သွားမယ်"

"အင်း..."

"အိမ်ရောက်မှ အိမ်သာထဲဝင်ပြီး ဖွင့်ကြည့်တော့ သူများခြေသည်းလက်သည်းတွေနဲ့ ငွေအကြွေနည်းနည်းပဲ တွေ့မယ်"

"အင်း...ထားပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီမှာ ဒေါသထွက်သွားတယ်"

"အင်း..."

"အဲ့ဒီမှာပဲ တစ်ကိုယ်လုံးနီရဲပြီး တဆတ်ဆတ်တုန်သွားတယ်"

"အင်း..."

"ကိုယ်တွင်းက ဓာတ်တွေပြောင်းသွားမယ်"

"အင်း..."

"သွေးဖိအားတွေ ပြောင်းသွားမယ်"

"အင်း..."

"ဦးနှောက်သွေးကြောပြတ်မယ်"

"အော...ဟော့...ဟော့"

"အဲ့ဒီလိုနဲ့ သေသွားမယ်"

အားလုံးက ဝေါခနဲ ဝိုင်းရယ်ကြလေသည်။ နိုင်ဝင်းက အရယ် တစ်ဝက်နှင့်ပြောသည်။

"အဲ့ဒါတွေ မြူမြူ့ကို မင်း ရှင်းပြရမယ်လေ"

ကေသီနွယ်ကလည်း

"ဟုတ်တယ် အဲ့ဒါကြောင့် ဒီအချိန် မြူမြူ့အနားမှာ နင် ရှိရမယ်"

သူတို့အားလုံးက တစ်သဘောတည်းဖြစ်နေကြ၏။ ထို့ကြောင့်

"အခု မြူမြူက ဘယ်မှာလဲ"

ကေသီနွယ်က မဆိုင်းမတွပင်။

"သူ့အိမ်မှာပေါ့"

"သွားရင် နင်တို့လည်း လိုက်မှာမို့လား"

"အေး လိုက်မယ်လေ၊ ဘယ်တော့သွားမှာလဲ"



"ခု..."

"ဟော့တော့..."

သက်သက်ငြိမ်း၏ ကားကိုပဲ မဆန့်မပြဲစီးကာ ငှက်ကြီးတောင် ရပ်ကွက်သို့ သူတို့ ထွက်ခဲ့ကြသည်။ လမ်းကျမှ စစ်ဦးက အလန့်တကြား ပြောသည်။

"ဟဲ့...မိသက်"

သက်သက်ငြိမ်းလည်း အလန့်တကြားဖြစ်ရသည်။

"ဘာလဲဟ"

"နင်တို့က မြူမြူ့ကို အားပေးဖို့ဆိုပြီး ငါ့ကို လာခေါ်တယ်၊ ငါနဲ့မြူမြူက ဘာမှ,မှုမဟုတ်ဘဲ"

"နင် သူ့ကို ကြိုက်နေတယ် မဟုတ်လား"

"ဟိုလေ လူတွင် ပန်းဆယ်မျိုးမဟုတ်လား၊ အဲ့ဒီတော့"

"တော်တော် ပေါက်ကရလျှောက်ပြောတာတွေကို မလိုချင်ဘူး။ မေးတာကို လိုရင်းဖြေ၊ နင် မြူမြူ့ကို ကြိုက်တယ် မဟုတ်လား"

"အေး"

"အဲ့ဒါဆို မြူမြူ့ကို စိတ်ပြောင်းအောင် လုပ်ပေး"

"နင် ကိုတင်မောင်ဦးကို ပြန်ကြိုက်လိုက်ရင်လည်း ရတာပဲ။ မြူမြူ စိတ်ပြောင်းသွားမှာ"

"မဟုတ်တာရှုတ်တွေ ပြောမနေနဲ့တော့။ ငါက နှစ်ဦးနှစ်ဖက် ကောင်းအောင် ပြောနေတာ"

"ငါ့အတွက်လည်းကောင်း မြူမြူ့အတွက်လည်းကောင်း ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်"

"နင် ဟုတ်တာက ဟုတ်ပြီ၊ မြူမြူက ဟုတ်ဦးမှ"

"နင် အရင်က ဒီလို မတွေဝေတတ်ပါဘူး"

"မြူမြူ့ကို ရည်းစားစကားပြောလို့က မရဘူးဟ"

"ဘာဖြစ်လို့လဲ"

"သူက ရွှတ်နောက်နောက်ချည်း လုပ်ပစ်တတ်တယ်၊ စကားလည်း တတ်တယ်"

"ဒါဖြစ်လည်း စာရေးပေးဟာ"

"စာရေးတဲ့ခေတ်က ကုန်ပြီဆို"

"နည်းနည်းတော့ ကျန်ပါသေးတယ်"

ဘာကြောင့်ရယ်မသိ။ စစ်ဦးကိုကြည့်ပြီး ဝိုင်းရယ်ကြ၏။

"နင်တို့ကတော့ တွန်းလွှတ်နေပါပြီ"

"နင့်ဘာသာနင်တစ်ယောက်တည်းလည်း အဲ့ဒီဘက်ကို ရွေ့မလို့မဟုတ်လား"

စစ်ဦးခမျာ မသက်သာ။ ထို့ကြောင့်။

"ဟုတ်ပါတယ်ဆို"

နိုင်ဝင်းက ပြုံးပြုံးကြီး ဝင်ပြောသည်။

"ဒီမယ် စစ်ဦး၊ မင်းကို ငါပြောမယ်"

"ပြောတော့ပြောပါကွာ"

"ဘာကိုတော့ မလုပ်ရဘူးလဲ"

"ပြုံးပြုံးကြီးတော့ မလုပ်ပါနဲ့"

"အယ်..."



ရယ်ကြမောကြပြီးမှ

"ငါ ရွတ်ပြတာကို သေသေချာချာနားထောင်"

"အင်း"

နိုင်ဝင်းက သံနေသံထားနှင့် ရွတ်ပြ၏။

"နှစ်ခါကြည့် တစ်အိပ်မက်

နှစ်အိပ်မက် တစ်ခါရေး

နှစ်ခါရေး တစ်ခါယူ

နှစ်ခါယူ တစ်ဆိုင်ရောက်

နှစ်ဆိုင်ရောက် တစ်ရုပ်ရှင်

နှစ်ရုပ်ရှင် တစ်ဝါကျွတ် . . . တဲ့။"

"မင်းစာချိုးက တကယ်ဖြစ်လို့လား"

"အဲ့ဒါ ကေသီကို မေးကြည့်လေကွာ"

"ဘာ...ဘာပြောတယ်"

ကေသီနွယ်က နိုင်ဝင်းကို ပေါင်တွင်းကြော လိမ်ဆွဲလေတော့သည်။ ကားထဲမှာ လူတွေကြပ်ညှပ်နေလျက်က ရယ်သံမောသံကလည်း တည်ညံဖြစ်နေတော့သည်။

လင်းလင်းရီက

"ဟဲ့...စစ်ဦး"

"ဟေ"

"ငါတို့အကောင်းအကြံပေးနေတာနော်။ ဒီအချိန်မှာ မြူမြူက အားပေးဖော်လိုနေတာ"

"အေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမင်းကလည်း ပုံတိုပတ်စနှင့် ဆုံးမသည်။

"ဒီလိုကွ စစ်ဦးရ။ တစ်ခါကပေါ့ကွာ"

"တစ်ခါ ကရုံမဟုတ်ဘူး။ နှစ်ခါသုံးခါ ကဆိုလည်း ကမယ်ပြော"

"မြို့တစ်မြို့မှာ ရေလွှမ်းမိုးလို့ မြို့သူမြို့သားတွေအားလုံး ထွက်ပြေးရတယ်တဲ့"

"အင်း"

"အဲ့ဒီမှာ အဲ့ဒီမြို့က ဘုန်းတော်ကြီးကို လှေတစ်စီးက လာခေါ်တယ်။ သူတို့နဲ့လိုက်ပြေးဖို့"

"အင်း..."

"အဲ့ဒါကို ဘုန်းကြီးက မလိုက်ဘူး။ သူ့ဘက်မှာ ဘုရားရှိတယ်တဲ့"

"အင်း..."

"ရေတွေက မြင့်သထက်မြင့်လာတယ်။ ဘုန်းတော်ကြီးလည်း တိုက်ခေါင်မိုးပေါ်တက်နေရတယ်။ ဟယ်လီကော်ပတာတစ်စီးက လာခေါ်တယ်။ သူ မလိုက်ဘူး။ သူ့ကို ဘုရားက ကူလိမ့်မယ်တဲ့"

"အင်း..."

"နောက်ဆုံးတော့ အဲ့ဒီဘုန်းကြီးလည်း ရေနစ်သေပါလေရော။ ကောင်းကင်ဘုံရောက်သွားတဲ့အခါကျတော့ ဘုရားသခင်ကို ဒေါကြီးမောကြီး ရန်တွေ့တယ်"

"အင်း..."

"သူတစ်သက်လုံး ဘုရားသခင်အတွက် အလုပ်အကျွေးပြုခဲ့တယ်။ သူ ရေနစ်တော့ ဘုရားသခင်က ဘာလို့ လာမကူတာလဲတဲ့။ ဘုရားသခင်က အံ့သြသွားတယ်"



"အင်း..."

"ဘုရားသခင်က ပြန်ပြောတယ်၊ သင့်ကို ကျွန်ုပ်လှေလည်း ပို့ပေးတယ်၊ ဟယ်လီကော်ပတာလည်း ပို့ပေးတယ်၊ သင့်ဘာသာ လိုက်မလာတာပဲတဲ့"

"အဟင်း...ဟုတ်သားပဲ"

"ဟုတ်သားပဲ...မလုပ်နဲ့။ အခြေအနေ အချိန်အခါပေးတုန်း လှုပ်ရှားလိုက်"

'အမှန်ပဲ'ဟု အားလုံးက ဝိုင်းထောက်ခံကြ၏။ ခင်ဦးလည်း ပြုံးစစ။

"ဒါဖြင့် ကားခဏရပ်ဟာ"

"ဘာလုပ်မလို့လဲ"

"တစ်ဆိုင်ဆိုင်ဝင်ပြီး ငါ စာတစ်စောင်ရေးမယ်။ နင်တို့ လိုက်မကြည့်...အဲ...လိုက်မဖတ်ရဘူး"

"အေးပါ...မြူမြူ့ကိုရေးတဲ့ ရည်းစားစာသာ ဖြစ်ပါစေ"

"ဖြစ်ပါစေလို့ ငါလည်း ဆုတောင်းပါတယ်"

"မင်းကလည်းကွာ ဘယ်လိုစကားကြီးလဲ"

"ဒီလိုစကားကြီးပဲ"

"စစ်ဦး မင်း ဘာအကွက်တွေ ထွင်ဦးမလို့လဲ"

"စောင့်ကြည့်ပေါ့ကွာ"

အမှန်တကယ်ပဲ ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြသည်။ စစ်ဦးက စားပွဲတစ်လုံးမှာ သပ်သပ်ထိုင်ပြီး စာရေးသည်။ ပြီးတော့မှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီး စာရွက်ခေါက်ကလေးကို ပြကာ

"ကဲ...ရပြီ သွားကြမယ်"

ကျန်သူအားလုံး၏ အသည်းထဲမှာ ကလိကလိတော့ဖြစ်နေကြသည်။ စစ်ဦးကိုလည်း မိုးပျံပူဖောင်းများနှင့် ဘယ်ပြန်ညာပြန်ထုချင်နေသည်။

မြူမြူတို့အိမ်ရောက်တော့ မြူမြူကတစ်ယောက်တည်း။ (ဂျီးဒေါ် ဂျီးဒေါ်အေးဂိုဂလည်း မရှိဂျေ။) ကိုတင်မောင် (ကြီး/ငယ်/ရွယ်/လတ်) တို့လည်း မရှိ။

"ငါတစ်ယောက်တည်း ပျင်းနေတာ၊ နင်တို့လာတာနဲ့ အတော်ပဲ"

စစ်ဦးကလည်း ဘယ်လိုကောင်မှန်း မသိ။

"ငါတို့လည်း အုပ်စုလိုက်ကြီးပျင်းနေတာ၊ နင်တစ်ယောက်ရှိနေတာနဲ့ အတော်ပဲ"

"ဘာရယ်"

'စာ'ကိုတော့ မြူမြူမြင်သာအောင် သူ မသိမသာ ထားခဲ့လေသည်။



၁၀

ငါသည် ဘယ်အရပ်ကလာသည်ကိုသော်လည်းကောင်း
အဘယ်အရပ်သို့ သွားသည်ကိုလည်းကောင်း
ငါသိ၏။

(၈း၁၄ ရှင်ယောဟန်ကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များ၏ နောက်ပိုင်းမှာ စစ်ဦးက အေးအေးဆေးဆေးပဲ ဖြစ်၏။ ခင်ဦးအပါအဝင် သက်သက်ငြိမ်းတို့အုပ်စုကသာ နေမထိထိုင်မသာ ဖြစ်နေရသည်။ ခင်ဦးကဆိုလျှင် တဂျီဂျီ

"ကိုကို..."

"ဟေ..."

"မြူမြူ့ဆီသွားဦးလေ"

"အေးပါ...သွားတာပေါ့"

"ဘယ်တော့လဲ"

"အားရင်"

"ခု ကိုကို ဘာလို့မအားရတာလဲ"

"ဆိုင်ကို ဆပ်ပရိုက်စ်ချက်ဝင်ထားတယ်"



"အဲဒါပြီးရင်တော့ သွားလိုက်ဦးလေ"

"အင်း..."

"ဟိုက ကိုကို့ကို ပြန်စာကလေးကိုင်ပြီး စောင့်နေရင် မကောင်းဘူးနော်"

"ဒီစာကို သူ မပြန်ပါဘူး"

"ကိုကို သေချာလို့လား"

"သေချာပါတယ်"

ခင်ဦးက သူ့အခန်းထဲမှ ဖိုးခနဲ ဖပ်ခနဲ ထကာ ဖုန်းခွက်ကောက်ကိုင်သည်။

"မမသက်လား"

သက်သက်ငြိမ်းထံ ဖုန်းခေါ်ခြင်းဖြစ်သည်။

"လာခဲ့ပါဦး မြန်မြန်ပေါ့"

"......"

"ဟုတ်ကဲ့ ကိုကိုနဲ့မြူမြူ့ကိစ္စ"

"......"

"ဟုတ်တယ် ကိုကို ဘာတွေလျှောက်ပြောနေတယ် မသိဘူး"

"......"

"ဟုတ်တယ်...ဟုတ်တယ် အပမှီတာ ဖြစ်နိုင်တယ်"

"ဟယ်...ဟုတ်လား အဲ့ဒီလိုလား"

"ဟုတ်ပြီ...ဟုတ်ပြီ ဝယ်ဖတ်ကြည့်လိုက်မယ်"

"အင်း...အင်း...ဒါပဲ မမသက်"

ဖုန်းချအပြီးမှာ သူ့ထံသို့ အပြေးလာကာ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အဲ့ဒီလို မတင်မကျလုပ်နေ သိလား။ မြူမြူက ဟိုမှာ ထောင်ကျတော့မလို့"

သူ လန့်သွားသည်။

"ဟုတ်လား ဘာဖြစ်လို့လဲ"

ကမျာကယာ လှည့်မေးတော့ ခင်ဦးက မဲ့ပြုံးပြုံးသည်။

"သူတို့ရုပ်ကွက်ထဲက မင်္ဂလာဆောင်မှာ မြူမြူက သတို့သမီး အရံ ဝင်လုပ်တယ်တဲ့"

"အင်း..."

"အဲ့ဒီမင်္ဂလာဆောင်မှာပဲ သတို့သမီးက ရည်းစားဟောင်းနဲ့လိုက် ပြေးသွားတယ်"

"ဟောဗျာ"

"အဲ့ဒါ သတို့သားက ရှက်ပြီး လာတဲ့ပရိသတ်ကို ဓါးယမ်းယမ်း လို့တဲ့"

"အဲ...အင်း...ဖြစ်နိုင်တာပေါ့"

"အဲ့ဒီမှာ မြူမြူက တားမရတဲ့အဆုံးမှာ အဲ့ဒီသတို့သားကို ပန်းအိုးနဲ့ထုလိုက်တာ သတို့သား သတိလစ်သွားတယ်တဲ့"

"ဟင် သတို့သားက နှစ်ခါ ခံရတာပေါ့"

"အင်း...ခုအဲ့ဒီအမှုကို စစ်နေတယ်။ မှုခင်းဂျာနယ်ထဲတောင် ပါလာပြီတဲ့။"

"မြူမြူလား။ ဓါတ်ပုံနဲ့လား"

"အဲ့ဒီလောက်တော့ မဟုတ်ပါဘူး။ ကိစ္စကနည်းနည်းရှုပ်ကုန်လို့ ပါ။ ဒါပေမဲ့ ခုလိုအချိန်မျိုး ကိုကို သူ့ဘေးမှာ ရှိသင့်တယ်လေ"



"လာပြန်ပြီ"

ဟုတ်သည်လေ။ စောစောသေပြီး ရက်လည်ပြီးကာစ။ ဘာမှ မကြာသေး။

"သတင်းထဲမှာ သူ့နာမည်တော့ ပါတယ်ပေါ့"

"အဲ့ဒီလိုတော့ မပါပါဘူးတဲ့၊ သတို့သားနဲ့သတို့သမီးအကြောင်း ကိုပဲ အဓိကထားပြီးရေးတာ။ သူ့ကိုကတော့ သတို့သမီးအရံတစ်ဦးပေါ့။"

"နင့်ကို သက်သက်ငြိမ်းပြောတာလား"

"အင်း..."

"အဲ့ဒါ ငါတို့က မြူမြူ့ကို ဘယ်မှာ သွားတွေ့ရမှာလဲ။ အချုပ် ခန်းမှာလား"

"အယ်...အဲ့ဒီလိုမဟုတ်ဘူး၊ မြူမြူက အိမ်မှာပါ"

"အေးလေ ဒါဆိုလည်း သွားကြတာပေါ့"

"ဘယ်တော့လဲ"

"ခု"

"ဟင်...လုပ်ပြန်ပြီ"

"ဟုတ်တယ်လေ ထောင်မကျခင် ပြန်စာလေးပေးသွားပေါ့"

"ကိုကိုကလေ နမိတ်မရှိ နမာမရှိတွေ။ ခု သွားမယ်ဆိုတာက ဘယ်လိုလဲ၊ မသက်သက်ငြိမ်းကို ဝင်ခေါ်ဦးမှာလား"

"ခေါ်လေ ငါတို့ ကားငှားပြီးလာခဲ့မယ်လို့ သက်သက်ငြိမ်းကို ပြောလိုက်၊ ဖုန်းကြိုဆက်ထား"

ခဏအကြာမှာ ငုက်ကြီးတောင်ရွာသို့သွားရန် သူတို့ အသင့် ဖြစ်သွားကြသည်။ ကားငှားပြီးအသွား စစ်ဦးက လမ်းမှာ အငြိမ်မနေ။

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကားအပြာကြီးများတွေ့လျှင် ပြုံးပြုံကြည့်သည်။

ခင်ဦးက သူ့အစား ရင်မောသည်။

"ကိုကိုကလည်း မြူမြူက အဲ့ဒီအခြေအနေ မရောက်လောက်ပါဘူး"

"အေးပါ ငါရှာတာက တခြားပါ"

"ဘာလဲ"

"သတ္တိသား"

"ဟင်..."

"ဟုတ်တယ် အချုပ်ကားထဲမှာ သတ္တိသားကြီးပါလာရင် ရယ်ရမယ်"

"ဟောတော်"

"ဟိုရောက်ရင် သက်သက်ငြိမ်းကို နှင်ပြောဦး"

"ဘာကိုလဲ"

"ငါတို့ အငှားကားနဲ့ပဲ တစ်ခါတည်းလိုက်ခဲ့လို့"

"အင်းပါ"

"သူ့ကားကို မတွန်းချင်လို့တော့ မဟုတ်ပါဘူးလို့"

"လုပ်ပြီ အဲ့ဒီစကားကို ကိုကို့ဘာသာပြော"

မောင်နှမနှစ်ယောက် ပူညံပူညံနှင့်ပင် သက်သက်ငြိမ်းဆီ ရောက်သွားသည်။ သက်သက်ငြိမ်း ကားပေါ်ရောက်ရောက်ချင်းပင် စစ်ဦးက ပြောသည်။

"မိသက်"

"ဘာလဲ"



"ငါတို့ ဒီအတိုင်း ခြေလွတ်လက်လွတ်သွားလို့ မကောင်းဘူး ထင်တယ်"

"နှင်က ဘယ်လိုသွားချင်လို့လဲ"

"ဆေးပေါ့လိပ်လေး၊ ငါးပိကြော်လေး ယူသွားမှ ထင်တယ်"

သက်သက်ငြိမ်းကလည်း ရွှဲဖြေသည်။

"ကောင်းသားပဲ"

ကားကို တစ်နေရာမှာ ရပ်ခိုင်းပြီး စစ်ဦးက တကယ် ဆင်းဝယ်သည်။ သိပ်မကြာလှဘဲ ကားပေါ်ပြန်တက်လာပြီး

"ငါးပိကြော်မရဘူးဟ"

"ဒါဖြင့် ဆေးလိပ်ပဲပေါ့"

"ဟင့်အင်း ကွမ်းယာလည်းပါတယ်"

"အင်း လုပ်ထားလိုက်ဟ"

"ဘာလဲ"

"ဘာမှ မဟုတ်ဘူး၊ ဘာမှ ,မဟုတ်ဘူး၊ လုပ်လို့ပြောတာ"

ခင်ဦး ရယ်၍သာ နေရတော့သည်။

မြူမြူတို့အိမ်ရောက်တော့ ဒေါ်အေးကို့,ကို အရင်ဆုံးတွေ့ရသည်။ ကုန်စုံဆိုင်ကို မသွားဘူးဟု ထင်သည်။ သူ့ဆိုင်မှာ ဆွေမျိုးမကင်းလှသော ကောင်မလေးနှစ်ယောက်ကို အကူခေါ်ထားသည်။

စစ်ဦးက

"ဒေါ်ကြီး ဈေးမထွက်ဘူးလား"

"ခဏပြန်လာတာ၊ ပြန်သွားမှာ၊ မင်းတို့က ဘယ်ကိုလာတာလဲ"

"ဒီကိုပဲလာတာ၊ မြူမြူမရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်၊ ရှိတယ်'ဟူသောအသံနှင့်အတူ မြူမြူက လှပကျော့မော့စွာ ရောက်ရှိလာသည်။ စစ်ဦးက မဝံ့မရဲအမူအရာဖြင့်

"မြူမြူ နင် ထမင်းစားပြီးပြီလား"

"စားပြီးပြီ"

"ဘာနဲ့စားရလဲ"

"အစိမ်းကြော်ရယ်၊ ဝက်သားနဲ့ဒညင်းသီးချက်ရယ်၊ ဒန့်ဒလွန်ရွက်ဟင်းခါးရယ်"

"ဩော်...ကောင်းကောင်းကျွေးသားပဲ"

"ဟေ..."

"ဘာရယ်..."

ဒေါ်အေးကိုကော မြူမြူပါ မျက်လုံးပြူးသွားကြသည်။ စစ်ဦးက သတိမပြုဘဲ သူ့ဘာသာ ဆက်မေးပြန်သည်။

"ဝဝကော ကျွေးရဲ့လား"

"ဝပါတယ် ဘာဖြစ်လို့လဲ"

"အေး . . . အေး ပြီးရော ငါ ဒီမှာ နင့်အတွက် ဆေးလိပ်နဲ့ကွမ်းယာ ပါလာတယ်"

"ဘာ..."

မနေသာသဖြင့် ခင်ဦးက အကျိုးအကြောင်း ဝင်ရှင်းပြရသည်။ သက်သက်ငြိမ်းကလည်း ဖြည့်ပြောပေးသည်။ ထိုအခါကျမှ မြူမြူတို့သားအမိ လိပ်ပတ်လည်သွား၏။ မြူမြူက စစ်ဦးကို မျက်စောင်းထိုးကာ

"နင်က ငါ့ကို အချုပ်ထဲ တော်တော်ရောက်စေချင်တယ်ပေါ့ဟုတ်လား"



"အဲ့ဒီသဘောတော့ မဟုတ်ပါဘူး ငါက လိုရမယ်ရပါ"

"အေး အဲ့ဒါဆိုရင်လည်း စစ်ဦးရယ် ငါ တကယ်လို့ အချုပ်ထဲ ထောင်ထဲရောက်ရင်တောင် ဒါကြီးတွေ မပို့ပါနဲ့"

"နင် မကြိုက်ဘူးလား"

"ဘယ်လိုလုပ်ကြိုက်မှာလဲ။ ငါက အိုဗာတင်းတို့ ဆီချက်ခေါက်ဆွဲတို့၊ ဖရုံစေ့လှော်တို့ အဲဒါမျိုးကို ကြိုက်တယ်။ ငါတို့အမေရဲ့ ကုန်စုံဆိုင်မှာ အဲ့ဒါတွေရတယ်။ အမေ့ဆီကပဲ နင် ဝယ်ပြီး ငါ့ဆီပို့ပေးပေါ့"

"အေးအေး စိတ်ချပါဟာ"

"ဟင်းအစိုထည့်ပေးရင်လည်း ရေဘဲသားတို့ ကျီးကန်းသားတို့ အဲ့ဒါတွေကို ထည့်ပေးစမ်းပါ။ အဲ့ဒါတွေက ငါ့အစ်ကိုလတ်ရဲ့ ဘီယာဆိုင်မှာ ရတာတဲ့တယ်။ ငါ့အတွက်လို့သာ ပြောလိုက်ပါ။ သူ ပိုပိုသာသာလေး ထည့်ပေးမှာပါ"

"အေး အဆင်ပြေတာပေါ့"

"နောက်ပြီး ငါ့အတွက် အယူခံဝင်ဖို့ဆိုရင် ကိုလေးကို လူရှာခိုင်း။ ပြေပြေလည်လည်ရေးပေးမယ့်လူကို သူ ရှာပေးနိုင်တယ်။ သူက ခဏခဏ အမှုဖြစ်နေကျကိုး။ သူ့ကိုတော့ ပွဲခလေးပေးလိုက်ပေါ့ဟာ"

"အေးပါ"

ထိုခဏမှာပင် 'အဲဒါဂ ဘယ်လိုဖြစ်နေဂျဒါဒုန်း'ဟူသော ဒေါ်အေးကို၏ အသံကြီး ပေါ်ထွက်လာသည်။ တဆက်တည်းမှာပင် စစ်ဦးနှင့် မြူမြူတို့က တဝေါဝေါရယ်ကြသဖြင့် ကျန်သူတွေလည်း လိုက်ရယ်ကြတော့သည်။

ဒေါ်အေးကိုက

www.burmeseclassic.com

www.burmeseclassic.com



"လိုက်လည်းလိုက်ခဲ့နှစ်ယောက်"

ထိုစကားကြောင့် မြူမြူ၏ ရယ်နေသောမျက်နှာက တည်သွားသည်။ သူမ၏ မိခင်ကို မျက်စောင်းတစ်ချက် မသိမသာထိုး၏။ ဒေါ်အေးကို အနေရအထိုင်ရခက်သွားသည်။

ထို့နောက်မှာတော့

အမှုအကြောင်းတုန့်ပြန်ပြောဆိုရင်း စကားဝိုင်းကလေး စည်သွားသည်။ ဒေါ်အေးကိုက သူတို့ငှက်ကြီးတောင်ရပ်ကွက်၏ ဖြစ်စဉ်အရှုပ်အထွေးများကို စီကာပတ်ကုံး ပြန်ပြောပြသဖြင့် ရယ်နေရသည်။

"ဟိုအိမ်က ကောင်လေးဆိုပါစို့"

သူမတို့မျက်စောင်းထိုးအိမ်ကို မေးငေါ့ပြရင်း ပြောခြင်းဖြစ်သည်။

"ညဖက်ကြီး ရည်းစားအိမ်သွားတာလေ၊ ယောက္ခမခြင်ထောင်ထဲ မှားဝင်လို့"

ဤမျှနှင့် မရယ်ရသေးပါ။ ဖြစ်တတ်ကြုံတတ်ပါသည်။

"ယောက္ခမက အမ မဟုတ်ဘူး။ အထီးကြီး။ ယောက္ခမအမကြီးက သူ့သမီးနဲ့အတူ အိပ်တာ။ အထီးကြီးက တစ်ယောက်တည်း။ သူက အဲ့ဒီယောက္ခမအထီးကြီးရဲ့ ခြင်ထောင်ထဲကို သွားဝင်တာ"

ရယ်မိကြသည်။ သို့သော်

"မရယ်နဲ့ ... မရယ်နဲ့"

ဒေါ်အေးကိုက ပြန်တားသည်။

"သည်းထိတ်ရင်ဖိုခန်းက လာမယ်"

ထိုအခါကျမှ ရယ်ကြပြန်သည်။

"မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ဆက်နားထောင်ဦး"





ဆက်နားထောင်ကြည့်တော့ အဟုတ်တကယ် သည်းထိတ်ရင်ဖိုဖြစ်သည်။

"ယောက္ခထီးကြီးကိုတွေ့တော့ သူ လန့်သွားတာပေါ့၊ ဒါပေမယ့် တိတ်တိတ်ပြန်ထွက်မယ်လုပ်ပြီးမှ မသင်္ကာလို့ ထပ်ကြည့်တော့ ယောက္ခထီးကြီးက သေနေတယ်"

"ဗျာ..."

"ရှင်..."

"အဲ့ဒီမှာ သူ လန့်ပြီး ထအော်တော့တာပဲ။ တစ်ရပ်ကွက်လုံးလည်း နိုး၊ ရပ်ကွက်ရုံးလည်းရောက်ပေါ့။ ပြီးတော့ ရဲစခန်းဆီ"

"ယောဗျာ"

"အမှန်တော့ ဒီလိုကွယ့်"

"ဟုတ်ကဲ့"

"သူ့ယောက္ခထီးကြီးက သူ မရောက်ခင် ၂–နာရီလောက်အလိုကတည်းက သူ့ဘာသာ လေဖြတ်ပြီး သေနေတာ။ သူနဲ့ဘာမှ မဆိုင်ဘူး"

"အော်..."

"ဒါပေမယ့် အဲ့ဒီကိစ္စက ခုထိတော့ မပြီးပြတ်သေးဘူးပေါ့ကွယ်။ ရုံးသွားနေရတုန်း"

ထိုသို့ဖြစ်၏။ အထူးအဆန်းတွေချည်း ကြားနေရသည်။ စကားပြောရတာ ပျော်စရာလည်း ကောင်းသည်။ သို့သော်...

"ဒေါ်ကြီး...ဒေါ်ကြီး"

ဆိုင်မှ ကောင်မလေးတစ်ယောက်က ဒေါ်အေးကို့ကို လာခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ...မင်းတို့ပဲ စကားဆက်ပြောကြဦး။ လက်ဖက်စားချင်ရင် မြမြို့ကို သုပ်ခိုင်း"

ထိုသို့ပြောပြီး ထွက်သွားတော့၏။

ထိုအခါကျမှ စစ်ဦးက တစ်စခန်းထတော့၏။

"မြမြို့..."

"ဟေ..."

"ရော့...ရော့ အိမ်ကနေ ဒီလက်ဆောင်လည်း ပါလာသေးတယ်။ ဆေးလိပ်တွေ၊ ကွမ်းယာတွေကိုတော့ တခြားလူတွေကို ပေးလိုက်ပေါ့။ ဒီစာကိုတော့ နင်ပဲယူ၊ နင့်အတွက်ကိုး။ နင့်အခြေအနေ ဘာမှမဆိုးဘူးဆိုရင် ငါ့ရွာမှာ ငါ ပြန်ပြောပြရဦးမယ်။ အရီးလေးတို့လည်း ဝမ်းသာမှာ၊ ငါတို့ပြန်ပြီလို့ ကြီးဒေါ်ကြီးကိုလည်း ပြောပြလိုက်နော်"

အိတ်ထဲမှာ အဆင်သင့်ထည့်လာသော စာခေါက်ကလေးကို မြမြို့လက်ထဲထည့်ပေးသည်။ မြမြို့ကလည်း တကယ်မသိသည်လား။ မသိချင်ယောင်ဆောင်သည်လား မပြောနိုင်။ စာကိုတော့ လက်ငါးချောင်းလုံးနှင့် ယူလေသည်။ ဂဏန်းညှပ်သကဲ့သို့ လက်ညှိုး လက်မဖြင့် ညှပ်ယူခြင်းမဟုတ်ဟု ဆိုလိုသည်။ သေသေချာချာကြီးကို သေချာပါသည်။

အပြန်ကျတော့ ကေသီနွယ်က ဒဿနဆန်သော စကားကို ဆိုသည်။

"ငဦး..."

"ဟေ..."

"နင် မြမြို့ကို ရည်းစားစာထပ်ပေးတာလား"

"အခုမှ ပေးတာ"





"ဒါဆို ပထမစာကကော"

"အေးအေးဆေးဆေးကျမှ ရှင်းပြမယ်"

"အခုစာကကော သေသေသပ်သပ်ရေးထားရဲ့လား"

"အင်း လက်ရေးလက်သားကတော့ မဆိုးပါဘူး"

"သူ့နာမည်နဲ့နင့်နာမည်ကိုကော တကယ်တပ်ထားရဲ့လား"

"အင်း နာမည်တူရှိရင်တော့ မပြောတတ်ဘူး"

"နင် သူ့ကို ချစ်တယ်ဆိုတာကကော"

"မာန်နတ်ကိုယ်တိုင် လက်နဲ့လာဖျက်ရင်တောင် မပျက်ဘူး"

"နင် ဒီနေ့ကို တံခါးဖွင့်ပေးလိုက်ပြီပေါ့"

"အင်း"

"ဒါဆိုရင် နက်ဖြန်ခါက နင့်ဆီလာမှာပါ"

စစ်ဦး မြမြို့ကို ပေးသောစာမှာ အောက်ပါအတိုင်းရေးထား၏။

(မြမြို့)

နင်တို့အိမ်မှာရေးထားတဲ့ ဗန္ဓုလမိန့်ခွန်းရဲ့
လက်ကျန်စာသားလေးကို ငါ ထပ်ဖြည့်ရေးပေးလိုက်တယ်။
"ရန်ကုန်ရာဇဝင်သမိုင်း" ဆိုတဲ့ စာအုပ်ထဲမှာ ငါတွေ့တယ်။

"ဤတစ်ကြိမ်နိုင်လျှင် ငါတို့သည်
အင်္ဂလိပ်ပိုင် တိုင်းပြည်သို့တိုင်အောင်
တိုက်ခိုက်သိမ်းယူဖို့သာလျှင် ရှိပေတော့သည်။
ထို့ကြောင့် ဤတစ်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ရင်မြေကတုပ်ပြုလုပ်၍ တိုက်ခိုက်ကြကုန်ရို"

ဘာမှတော့ မဆိုင်ဘူးပေါ့

မြူမြူရယ်...

နင့်ကို ငါ ချစ်တယ်။ နင့်ကို ငါ ချစ်တယ် နင့်ကို ငါ ချစ်တယ်။

နင့်ကို......................................................................

..............................................................................

..............................................................................

............................................................................ ငါ

ချစ်တယ်

[စစ်ဦး]

'နင့်ကို ငါချစ်တယ်'ဟူသော စာကြောင်းချည်းပဲ စာကြောင်းရေ ၁၅၀၀ ရေးပေးလိုက်သည်။ သည့်ထက်သေချာတာ ဘာမှမရှိတော့ပြီ။



[၁၁]

ကောင်းသောအသီးကို

သီးသောအပင်သည်ကား

မကောင်းသောအပင်မဟုတ်။

[မြ:၄၃ ရှင်လုကာကျမ်း]



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စစ်ဦးကို လိုက်ရှာနေချိန်တွင် စစ်ဦးက လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ လူငယ်တချို့နှင့် ထိုင်ပြီး လေပေါနေချိန်ဖြစ်သည်။

''ဒါဆို ကိုဦးက ကောင်မလေးတစ်ယောက်ကို အပီခူးတော့မယ်ပေါ့''

''အေး...''

''ကောင်မလေးကိုကော မျက်လုံးတွေနဲ့ အစာကျွေးပြီးပြီလား''

''ဘာ အစာကျွေးတာလဲ''

''ဩော်...ကောင်မလေးကို ဟိုက လှမ်းငေး ဒီကလှမ်းငေး လုပ်ပြီးပြီလား။ ကောင်မလေးက ကိုယ့်ကို သိနေပြီလား။ အဲ့ဒါမျိုးလေ။ အဲ့ဒီမှာမှ ကောင်မလေးက အမြင်မှန်မှုတွေရမှာပေါ့။ အဲ့ဒီအခါလောက်ကျမှ လိုက်ပြော။ ဒီလိုနဲ့ ထွန်းပွားရမယ်လေ ကိုဦးရဲ့''



သူပြောပုံကို ကြည့်ပြီး အင်း...အဲလေ...နားထောင်ပြီး စစ်ဦးမှာ ပြုံးရသေးတော့၏။ ကိုယ့်အဖြစ်ကိုယ့်အခြေအနေက သူပြောသလိုမှ မဟုတ်ပါပေ။

''နောက်ပြီး ကိုယ့်ဆီမှာ သူ့ဒိုင်ယာရီကို လုပ်ထား''

''ဘာသဘောလဲ''

''ဩော်...ဘယ်နေ့တုန်းက သူ ဘာအရောင်လေးဝတ်ထားတယ်၊ ဆံပင်ကို ဘယ်လိုပြင်ထားတယ်၊ ဘယ်နားမှာတွေ့လိုက်တယ်၊ အဲ့ဒီလိုမျိုးပေါ့။ ကြုံရင်ထည့်ပြောလို့ရတာပေါ့။ သူတို့က အဲ့ဒါမျိုးကို အရမ်းဆိုက်တာ''

အိုး...ကိုယ်ဖြင့်ဝေးပါ့။ ကိုယ့်မှာက ကြုံသလိုကျသလို ရည်းစားစာမေးပွဲကို ဖြေနေရတာ။ အောင်မှတ်ရပါမည်လားမသိ။ မြမြို့ကို လိုက်ပိုးသူတွေလည်း ရှိတော့ရှိမှာပဲ။ ယခုထက်ထိ သူနှင့်မဆုံသေးချေ။ သိပင် မသိရသေး။

ယခု 'ယုကိုကို'ပေးသော အကြံဉာဏ်မျိုးဖြင့် မြမြကို ချည်းကပ်သည့် လူငယ်တွေ ဘယ်လောက်တောင်ရှိထားမည်လဲ။ ယုကိုကို ပြောသောနည်းမှာ ထိရောက်နိုင်သော်လည်း ရိုးလွန်းသည်ဟု သူ ထင်သည်။ အချိန်လည်း တော်တော်ပေးရလိမ့်မည်။

ထိုသို့စဉ်းစားနေဆဲမှာပဲ

''ဦး...''

သက်သက်ငြိမ်း၏ လှမ်းခေါ်လိုက်သံက နားထဲကို ပုလင်းကွဲသလို ဝင်လာသည်။

''ဘာလဲဟ''

www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ကောင်မလေးတွေကို မျက်လုံးနဲ့ အစာကျွေးနေတာ"

"ဘာလုပ်မလို့လဲ"

"အဲ့ဒါမှ ထွန်းပွားမယ်လေဟာ"

"ဘာထွန်းပွားမှာလဲ"

စစ်ဦး ဘာဆက်ပြောရမည်မှန်း မသိတော့။ ယုကိုကို့ကို လှမ်းကြည့်တော့ ယုကိုကိုက

"ကဲ...ကိုဦး ဒါဖြင့် ကျွန်တော် သွားဦးမယ်"

"ဟုတ်ပြီ...ဟုတ်ပြီ"

ယုကိုကို ထွက်သွားမှပဲ

"နင်တို့က ဘယ်သွားကြဦးမလို့လဲ"

မေးချင်မေးစရာ ဝင်းမင်း + လင်းလင်းရီ နိုင်ဝင်း + ကေသီနွယ် သက်သက်ငြိမ်း၊ ပြီးတော့ ညီမတော် ခင်ဦး။ ဝတ်ကောင်းစားလှတွေ ဝတ်လျက် အထွန်းအပွားထွက်လာကြပုံရသည်။

"နင့်ဆီပဲလာတာဟေ့"

"ထိုင်ကြလေ ဆိုင်က လူရှင်းပါတယ်"

"အင်း"

လိုသောခုံများကို ဆွဲယူပြီး သူတို့ဘာသာ ဝင်ထိုင်ကြသည်။ (မည်သူကမှ ခုံပေါ်ကို ချိမတင်ပေးကြချေ)

ထုံးစံအတိုင်း သက်သက်ငြိမ်းက

"နင့်ကို မေးစရာရှိလို့"

"မေးကြည့်လေ ငါ့မှာများ ဖြေစရာရှိလား မသိဘူး"



"နင် မြူမြူ့ကိုပေးတဲ့ စာအကြောင်း"

"ဘာပြောရမှာလဲ"

"ပထမစာက မြူမြူ့ကိုပေးတဲ့ ရည်းစားစာ မဟုတ်ဘူးလား"

"သွယ်ဝိုက်ပြီးတော့ပဲ ဟုတ်တယ်"

"ရှင်းစမ်းပါဦး"

"ဒီလိုဟာ ကောင်မလေးတစ်ယောက်ကို ငါက စာပြန်တဲ့ ပြန်စာအတု"

"ထပ်ရှင်းဦး"

"ဒီလိုဟာ စာအသွားအလာအရ ငါက ကောင်မလေး တစ်ယောက်ကို ပြန်စာရေးထားတာ။ သူ ငါ့အပေါ်ထားတဲ့ မေတ္တာကို ငါသိတဲ့အကြောင်း၊ ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်တဲ့အကြောင်း၊ ငါ့မှာ သိပ်ချစ်ရတဲ့ "မြူမြူ"ဆိုတဲ့ ကောင်မလေးရှိထားပြီးဖြစ်ကြောင်း၊ ငါ့နှလုံးသားထဲကနေ သူ့ကို ဘယ်လိုမှ ဆွဲထုတ်လို့မရနိုင်တဲ့အကြောင်း ငါ့ကို ခွင့်လွှတ်ဖို့အကြောင်း အဲ့ဒါမျိုးရေးထားတာ"

"ဘယ်သူ့ကို နာမည်တပ်ရေးထားတာလဲ"

"ဟင့်အင်း ရေးတဲ့ ငါ့နာမည်ပဲပါတယ်။ တစ်ဖက်လူနာမည် မပါဘူး။ မြူမြူက အဲ့ဒီစာကို ဖတ်မိရင် ငါ့စိတ်ကို သိပြီးသားဖြစ်သွားမယ်လေ"

"တယ်လည်ပါလား"

"အဲ့ဒါကြောင့် သွယ်ဝိုက်ရည်းစားစာလို့ ပြောတာ၊ နောက် ဒုတိယစာကမှ သူ့ကို အတည့်ရေးတဲ့ရည်းစားစာ"

"အေး...အဲ့ဒီစာကကော ဘယ်လိုရေးလိုက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယစာအကြောင်း ပြောပြလိုက်တော့ ရယ်ကြသည်။ ဝင်းမင်းက...

"မင်းက လုပ်လိုက်မှဖြင့် အထူးအဆန်းချည်းပဲ"

သက်သက်ငြိမ်းက အရယ်တစ်ဝက်ဖြင့်

"မြူမြူကိုကလည်း အဲ့ဒီလိုမျိုးချည်းကပ်မှ ရမှာ။ မြူမြူကလည်း နယ်နယ်ရရမဟုတ်ဘူး။ ခု စစ်ဦးကို ဘယ်လိုတုန့်ပြန်မလဲ မသိဘူး"

"အေးနော်"

အားလုံးက စိတ်ဝင်တစားရှိကြသည်။ ကေသီနွယ်က

"အခြေအနေကောင်းမှာပါ"

"နေပါဦး အခု နင်တို့က ဘယ်ကိုသွားမှာလဲ"

"နင့်ဆီပဲလာကြတာလေ"

"အိမ်မှာ ထမင်းစားသွားကြလေ၊ ထမင်းစားချိန်"

"ဒီတစ်ပြုံကြီးကို"

"ဘာဖြစ်လဲ ထမင်းတွေဟင်းတွေ ဝယ်သွားမှာပေါ့"

စစ်ဦးစကားအတိုင်းပင် လမ်းမှာ ထမင်းဟင်းများ ဝယ်သွားပြီး စစ်ဦးတို့အိမ်ဆီ ပြန်လည် ချီတက်ခဲ့ကြသည်။ အိမ်မှ ထမင်းဟင်းများနှင့် ပေါင်းသောအခါ စားစရာတွေက အပုံအပင်ကြီးဖြစ်နေသည်။ အိမ်မှာ ဖေဖေက အိမ်စောင့်ဖြစ်နေသည်။

"ဟ...မင်းတို့ အဲ့ဒါ ဘာအထိမ်းအမှတ်စားကြသောက်ကြမှာလဲ"

"ဘာအထိမ်းအမှတ်မှ မဟုတ်ဘူးဖေဖေ ဒီအချိန်ကျတော့ သူတို့လည်း ဝော်လောက်ပြီထင်လို့"



"ဆာလောက်ပြီထင်လို့ ပြောစမ်းပါကွာ"

"အန်လ်ကယ့်သားက စကားတွေ မှားကုန်ပြီ အန်လ်ကန်ရေ။ မူးပြီး အသုံးအနှုန်းတွေလွဲနေပြီ"

"မူးတယ် ဟုတ်လား၊ ဒီကောင် အရက်မသောက်တတ်ပါဘူး"

"အရက်မူးတာ မဟုတ်ဘူး အန်လ်ကယ်ရေ အချစ်မူးတာ"

"ဟော..."

ထိုအချိန်မှာပဲ မေမေက အပြင်မှ ပြန်ရောက်လာသည်။ ဖေဖေက

"အမေကြီး မင်းသား ရည်းစားရနေပြီထင်တယ်"

"ဟုတ်လို့လား"

ဤမျှအထိ အထင်ကြီးခံရလေသည်။

"ဟုတ်မယ်ထင်တယ်၊ ဒီမှာ မင်းသားက အကျွေးအမွေးနဲ့ ညှို့ခံနေတယ်"

"မဟုတ်ပါဘူး မေမေရာ"

စစ်ဦးက ဝင်ငြင်းရသည်။

"ကြုံတုန်း ထမင်းအတူစားကြတာပါ"

"အေးလေ မင်းတကယ် ရည်းစားရလည်း ရိုးရိုးအကျွေးအမွေး ပဲလုပ်ပေါ့။ အသောက်အစားတွေ မထည့်နဲ့သိလား"

"ဟုတ်ကဲ့"

"မကောင်းဘူးကွယ့်"

"ဘယ်လို မကောင်းတာလဲ"

"ဥပမာ မင်းဖေဖေပေါ့ကွယ်"

ထိုအချိန်မှာ ဖေဖေက အပြင်းအထန်ကန့်ကွက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောမလို့လဲ"

မေမေကလည်း အလျှော့မပေးပါ။

"ရှင့်ကို ဥပမာပေးမလို့လေ"

"မင်း တခြားလူကို ဥပမာပေးပါလား။ ဆိုရရင် အီဗရာဟင်လင်ကွန်းတို့ ကျန်စစ်မင်းတို့"

"တော်ပါပြီ။ သူတို့ကို မပြောပါဘူး။ သူ့သားအတွက် သူ့အဖေကို ဥပမာပေးရမှာပဲ"

"မင်းကွာ"

မေမေက ဖေဖေ့ကို တုန့်ပြန် မပြောပါ။ စစ်ဦးကိုသာ ဦးတည်၍

"မင်းဖေဖေ မင်းအရွယ်တုန်းကပေါ့ကွယ်"

"ဟုတ်"

"မေမေက သူ့ကို အဖြေပေးလိုက်ရော"

မေမေက မရှက်မကြောက်(ဂုဏ်ယူဝင့်ကြွားစွာ) ဆက်ပြောလေသည်။

"အဲ့ဒါကို ပျော်လို့တဲ့။ အရက်တွေသောက်ပြီး အိမ်ပြန် ပြဿနာရှာလို့"

သက်သက်ငြိမ်းကလည်း မြှောက်ပေးသည်။

"ဘယ်လို ပြဿနာရှာတာလဲ အန်တီ"

"သူ့အိမ်မှာ သူ နာရီကြည့်တယ်လေ၊ ညှိခန်းက တိုင်ကပ်နာရီကြီးကို"

"နာရီမှားကြည့်လို့လား"

"အေး အချိန်မှားကြည့်တာမျိုးမဟုတ်ဘူး။ နာရီကြီးတစ်ခုလုံးကို



မှားကြည့်တာ"

"ဘယ်လို ဘယ်လို"

နားထောင်နေသူတွေ နားရှုပ်သွားသည်။

"နံရံမှာကပ်ထားတဲ့ ၂၄ ပစ္စည်းပဒ္ဒာန်းစာရွက်ကြီးကို နာရီဆိုပြီး ကြည့်နေတာ"

"ဩော်...ဩော်..."

"ပြီးတော့ ဒီနာရီတော်တော်ကောင်းတာပဲတဲ့၊ တခြားနာရီတွေက ၁၂နာရီပဲပါတယ်။ သူက နှစ်ဆယ့်လေးနာရီအပြည့်ပါတယ်။ ဒါပေမဲ့ ငါ သိပ်မကြည့်တတ်ဘူးတဲ့"

ဝိုင်းရယ်မိကြတော့သည်။

"မေမေ ပြီးရင် သားတို့မောင်နှမ သက်သက်ငြိမ်းတို့အိမ်ဖက် လိုက်သွားလိုက်ဦးမယ်"

"အေး...အေး"

ခင်ဦးက နှုတ်ခမ်းစူသည်။

"ညီမလေးက လိုက်လို့ဘယ်ရတော့မလဲ"

"ဘာဖြစ်လို့လဲ"

"ပန်းကန်တွေ ဆေးရဦးမယ်လေ"

"ဟဲ့...တို့ပါ ကူဆေးပေးမှာပေါ့"

ထမင်းက စား၍ပြီးပါသည်။ သူငယ်ချင်းတွေ အတူစုစား၍လားမသိ။ ပြီးတော့ မိန်းကလေးတွေက ပန်းကန်ဆေးကြ၏။ အတူတူစုဆေးကြသည်ပဲ။ ဆေး၍ ပြီးမှာပါ။

ပြီး သက်သက်ငြိမ်းတို့အိမ်ဆီ ချီတက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်သက်ငြိမ်းတို့အိမ်မှာ စိတ်ညစ်စရာ အနည်းငယ် ကြုံရသည်။ အပျိုကြီး ခက်ခက်စိမ်းကြောင့်ပင်။ ခက်ခက်စိမ်းက စစ်ဦးကို မေးသည်။

"စစ်ဦး"

"ဗျ..."

"နင်က မြူမြူ့ကို ကြိုက်နေတယ်ဆို"

"နည်းနည်း မျှထားတာပါ"

"ဘာမျှထားတာလဲ"

"မေတ္တာ"

"ငါ စကားအကောင်းပြောမလို့"

"ပြောလေ ကျွန်တော် နားအကောင်းနဲ့ နားထောင်မယ်"

"နင် အချိန်မီ နောက်ပြန်ဆုတ်လိုက်ပါလား"

"ဗျာ...ဘာလဲ"

"မြူနှင်းအေးက လွယ်တာမဟုတ်ဘူး"

"..............."

"ပတ်ဝန်းကျင်ကလည်း မသန့်၊ စရိုက်ကြမ်းကြမ်းတွေ"

"..............."

"မြူနှင်းအေးကိုယ်တိုင်ကလည်း ခပ်လည်လည်၊ ခပ်စွာစွာ"

"..............."

"သူ့အစ်ကိုတွေကလည်း တစ်ယောက်တစ်မျိုး"

"..............."

"သေသေချာချာ စဉ်းစားပေါ့ဟာ"



"..............."

"အပျော်ရည်းစားထားတာဆိုရင်တော့ မဆိုးပါဘူး၊ ဒီ့ထက်တော့ မပိုစေနဲ့ပေါ့"

"..............."

သူငယ်ချင်းတွေကတော့ နံ့ဘေးမှနေပြီး ဘာမှ ဝင်မပြော။ ခင်ဦးက မခက်ခက်စိမ်း၏ မျက်နှာကို အကဲခတ်သလို ကြည့်နေသည်။

"ညောင်သီးလည်းစား၊ လေးညှို့သံလည်း နားထောင်ပေါ့၊ ကိုယ့်အန္တရာယ် ကိုယ်သတိထားပေါ့"

ထိုသို့ပြောပြီး မခက်ခက်စိမ်းက သူ့အခန်းထဲ သူ ဝင်သွားသည်။ စစ်ဦး ပုခုံးတွန့်ပြီး ကျန်ရစ်ခဲ့သည်။ တစ်ကိုယ်လုံးတွန့်ပြရန် မတတ်သောကြောင့် ပုခုံးပဲတွန့်ရခြင်းဖြစ်သည်။ မခက်ခက်စိမ်း၏ စကားကြောင့် စိတ်ထဲမှာ ကသိကအောင့်ဖြစ်ရသည်ကတော့ အမှန်။

မည်သို့ပင်ဖြစ်စေ။

သူတို့တစ်အုပ်စုလုံး မြူမြူတို့အိမ်သို့ ရောက်သွားကြပြန်သည်။ အိမ်က အပြင်မှ တံခါးပိတ်ထား၍ ဝင်းမင်းက...

"ဟ...မရှိကြဘူးထင်တယ်"

ထိုအခိုက်မှာပင် မြူမြူက သော့ကလေးကိုင်ပြီး ပြန်ရောက်လာသည်။ 'နင်တို့ကိုမြင်လို့ ပြန်လှည့်လာတာ'ဟု ဆို၏။

"နင်က ဘယ်သွားနေတာလဲ"

"မျက်စောင်းထိုးအိမ်မှာ ကလေးတွေကို စာသွားပြပေးနေတာ"

"နင်ကလည်းဟာ တော်ကြာ ကလေးတွေ စာမေးပွဲအောင်တာနဲ့ ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဉာဏ်ကတစ်မျိုးဟ၊ နင်တို့ စပိုက်ဒါမန်းသိတယ်မို့လား"

"ပင့်ကူလူသားလေ ရုပ်ရှင်ကြည့်ဖူးသားပဲ၊ ဘာဖြစ်လို့လဲ"

"အေး...အဲ့ဒီပင့်ကူလူသားကို သူတို့က အင်္ဂလိပ်ဝူခုန်းတဲ့"

ပြုံးမိရယ်မိကြသည်။

"အေးလေ...ငှက်ကြီးတောင်ရှာရဲ့ မျိုးဆက်သစ်တွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

ယောက်ျားဝတ် ရှပ်အင်္ကျီဖားဖားကြီးနှင့်မြူမြူက လှနေသည်။ ပါးစပ်ထဲမှာ ကွမ်းယာကလေးငုံထားသဖြင့် ချစ်ရာလည်း ကောင်းနေသည်။ ဤသည်ကပင်လျှင် ဝူးဝါးနှင်းဆီ၏ အလှတစ်ပါးဖြစ်လေသည်။

မည်သို့မည်ပုံဖြစ်မှန်းမသိ၊ စစ်ဦးအခနေနှင့် မြူမြူကို အရမ်းချစ်နေမိလေပြီ။

သူတို့တွေ အိမ်ထဲထိုင်ပြီး စကားစမြည်ပြောလျက်ရှိစဉ် ဆိုင်းမပါ ဗုံမဆင့် ခင်ဦးက

"မမြူ"

"ဟေ"

"ဒီရပ်ကွက်ထဲမှာ အဖေတွေက ကလေးတွေကို အရက်ဝယ်ခိုင်းတာတွေ့တယ်"

"အင်း..."

"အဲ့ဒါ မလုပ်ရဘူး မဟုတ်လား"

"အင်း...အဲ့ဒီကလေးက ၁၆နှစ်မပြည့်သေးရင် ခိုင်းတဲ့အဖေက တရားစွဲခံရမယ်"

"ဒါဖြင့် ဘာလို့ခိုင်းနေတာလဲ"



"သူ့ဘာသာသူ ဝယ်ဖို့ပျင်းလို့နေမှာပေါ့"

"မမြူကလည်း ဒီလိုနဲ့ပဲ ပြီးရောလား"

"ဩော်...သူတို့ကမှ ဒီဥပဒေသဘောတရားကို မသိတဲ့ဟာကိုး။ ဒါပေမယ့် အခုတော့ သိသင့်သလောက် သိသွားကြပါပြီ"

"ဘာဖြစ်လို့လဲ"

"ဩော်...ကလေးက အဖေကို ပြန်တရားစွဲလို့လေ"

"ဗုဒ္ဓေါ မဖြစ်နိုင်တာတွေ"

"ဟဲ့...ကလေးက မကျေနပ်လို့ ရပ်ကွက်လူကြီးကို သွားပြောတာ၊ ရပ်ကွက်လူကြီးက တိုင်ပေးတာပေါ့ဟဲ့"

"ဘယ်လိုတိုင်လဲ"

"ကလေးသူငယ်ဆိုင်ရာ ဥပဒေ ၆၅(ခ)လို့ ပြောတယ်။ ဖမ်းလို့ရတယ်။ ထောင်ဒဏ် ၆လဖြစ်ဖြစ်၊ ဒဏ်ငွေတစ်သောင်းဖြစ်ဖြစ်၊ နှစ်မျိုးလုံးဖြစ်ဖြစ် ခံရနိုင်တယ်"

"အဲ့ဒီကြားထဲက ဘယ်လိုဖြစ်လို့ ကလေးတွေက အရက်ဝယ်နေရသေးတာလဲ"

"သူတို့ရဲ့ ဂေါ်လီရိုက်ခွင့်ကို မထိပါးသေးလို့နေမှာပေါ့ကွယ်"

သူတို့စကားတိုင်းက ရယ်စရာကောင်းလေသည်။ ချစ်စရာလည်း ကောင်းသည်။ မြူမြူက အံ့ဩသလို မေးသည်။ 'နင်တို့နော်'ဟု အစချီပြီး

"တစ်အုပ်ကြီး ခဏခဏဆုံတတ်တယ်နော်၊ အားလည်းအားကြတယ်"

ထိုစကားကြောင့် သူတို့တွေ အောင့်သက်သက်ဖြစ်သွားသည်။ နိုင်ဝင်းက

www.burmeseclassic.com

www.burmeseclassic.com



"ခု နောက်ပိုင်းမှပါ။ စစ်ဦးနဲ့နင့်ကိစ္စက မရှင်းမရှင်းဖြစ်နေလို့"

"ဘာ မရှင်းမရှင်းလဲ"

"သူက နင့်ကို ချစ်ကြောင်းကြိုက်ကြောင်း ပြောပြီးပြီဆို။ နင်က ပြန်မပြောရသေးဘူးဆို။ အဲ့ဒါကြောင့် ငါတို့က ဆုံဆုံပေးနေရတယ်လေ ဟာ"

မြူမြူက ထိုစကားကို စိတ်မဝင်စား။ တမင်ဟန်လုပ်ခြင်းမျိုး မဟုတ်။ အမှန်စင်စစ်ကို စိတ်မဝင်စား။ နိုင်ဝင်း၏ စကားပင် မဆုံးသေး။ သူက နောက်အကြောင်းအရာတစ်ခုကို ဖြတ်ပြောသည်။

"မနက်က ဒီလမ်းထဲမှာ ကျားသတ်ပွဲဖြစ်သွားတယ်ဟဲ့"

"ဘာကျားသတ်ပွဲလဲ"

"ရွာတောင်ပိုင်းမှာ ကျားကြီးဆိုတဲ့ လူမိုက်ရှိတယ်ဟ"

"အင်း..."

"ရွာမြောက်ပိုင်းမှာလည်း ကျားလေးဆိုတဲ့ လူမိုက်တစ်ယောက် ရှိတယ်"

"အင်း..."

"အဲ့ဒါ သူတို့နှစ်ယောက် ဆံပင်ညှပ်ဆိုင်မှာ ကျားထိုးရင်း ရန်ထဖြစ်ကြတာ"

"သြော်..."

"ကျား ကျားနဲ့အော်ပြီး သတ်ကြတာ ကြောက်စရာကြီးဟ"

"အေးပေါ့ ကြောက်စရာကြီးနေမှာပေါ့ ဘယ်သူ နာသွားလဲ"

"နှစ်ယောက်လုံး နာတယ်၊ ဒါတောင် ကိုပူစီဝင်တားလို့"

"ကိုပူစီကိုကျတော့ သူတို့ကြောက်ရလား"



"ကျားဆရာကြောင်ကိုးဟဲ့ ကြောက်ရတာပေါ့"

ထိုသို့ပင် စကားဝိုင်းက ဟိုရောက်သည်ရောက်ဖြစ်နေသည်။ မြူမြူ့ထံမှ အထူးအဆန်းတွေကြားရပြီး ရယ်နေရတာက များသည်။

"အန်တီကြီးက ထမင်းပြန်မလာစားဘူးလား"

"ထမင်းချိုင့်ပို့ပေးလိုက်တယ်"

"နင်ကော ထမင်းစားပြီးပြီလား"

"ပြီးပြီ ဘာကိစ္စမေးနေတာလဲ"

"ငါ့အတွက် ပြန်စာလေးဘာလေး ရေးဦးလေဟာ"

"ရေးပြီးပြီ"

"ဟင် ဘယ်မှာလဲ"

"ဘယ်မှာထားမိသလဲဆိုတာကို မေ့နေတယ်"

မည်သို့ပင်ဖြစ်စေ

မြူနှင်းအေး၏ ပြန်စာကို

စစ်ဦး ရခဲ့ပါသည်။ စာထဲတွင်

**စစ်ဦး**

ငါကလည်း နင့်ကို ချစ်ပါတယ်။ ငါကလည်း နင့်ကို ချစ်ပါတယ်။

ငါကလည်း.............................................

.....................................................

.....................................................

........... နင့်ကို ချစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာကြောင်းများကို ရေးထားသည့် စာကြောင်းရေ (၁၉၀၀)ရှိမည်ဖြစ်ကြောင်းကို ရေတွက်မကြည့်ဘဲ သိနိုင်ပါသည်။

ထိုစာကိုရတော့ အိမ်မှာ စစ်ဦးက ခြေထောက်နှစ်ချောင်းကို ကားကားရပ်၏။ ထို့နောက် ဘယ်ဘက်ရင်အုံကို ညာဘက်လက်သီးဆုပ်နှင့်ထုကာ 'ဂရား'ဟု အောင်မြင်စွာ ကြွေးကြော်၏။

အရေးထဲ သက်သက်ငြိမ်းက ဝင်ရှုပ်နေသေးသည်။

"မမစိမ်းနဲ့ တိုင်ပြောမယ်"

"အာ..."

ပျော်ရတာပင် ခိုးလိုးခုလုဖြစ်သွားသည်။



(၁၂)

ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း
ငါ့စကား တည်လိမ့်မည်။

(၁၃း၃၁၊ ရှင်မာကုကျမ်း)

www.burmeseclassic.com

www.burmeseclassic.com



မြူမြူနှင့် ချစ်သူတွေဖြစ်ပြီးနောက်မှာ စိတ်ကူးတွေး ထင်ထားသလောက် မပျော်ရတာ အမှန်ပဲဖြစ်သည်။ ဆိုကြပါစို့။ သူနှင့်ကိုယ်နှင့် အပြင်သွားလည်ရန် ချိန်းထားသည်။ သူလည်း လှလှပပပြင်ဆင်၍ စောင့်နေပါသည်။ သို့သော်...

"ကိုဦး...ကိုဦး"

"ဟင်..."

သမီးရည်းစားဖြစ်ပြီး နောက်မှာ သူက စစ်ဦးကို ကိုဦးဟုပဲခေါ်သည်။

"ဟိုမှာ ဦးပေါက်စီရယ်"

"ဘယ်မှာလဲ"

"ဟိုမှာလေ"



"အင်း...ကိုယ်နဲ့မှ မသိဘဲ ဘာဖြစ်လို့လဲ"

"ဟိုသီချင်းအော်ဆိုနေတဲ့ လူကြီးလေ"

"အေး...ကြားပါတယ်၊ ကိုယ်မှ သူ့ကို မသိဘဲ"

သူ ညွှန်ပြသော ဦးပေါက်စီသည် လမ်းပေါ်မှာ တစ်ကိုယ်တော် လမ်းလျှောက်ရင်း ပျော်လျက် 'ဂုဏ်ဆိုတာငွေကိုခေါ်တယ်........ ယောက္ခမကြီးက မျက်နှာချိုတယ်......' ဆိုသော သီချင်းကို ပျစ်ပျစ်နှစ်နှစ်ဟဲလျက် ဆုံးသွားလျှင် ပြန်စသည်။ အခွေပြန်ရစ်စရာမလို။

"အဲ့ဒါ သူက ဘာဖြစ်လို့လဲ၊ သူ့ခံစားချက်နဲ့ သူ သီချင်းဆိုတာပဲဟာ"

"မဟုတ်ဘူး၊ သူ ဓါးထိုးခံလိုက်ရတယ်"

"အယ်..."

"ကိုဦးက တစ်ဖက်လှည့်နေတုန်းဖြစ်သွားတာကို၊ ကိုဦးဘယ်သိလိုက်မလဲ"

"ဘယ်လို"

"အခု မြင်ရတဲ့ ဟိုဓာတ်တိုင်အကွယ်ကနေ ဖိုးတူက ဓားနဲ့ထိုးပြီးသွားပြီ။ ပြေးပြီ၊ သူ့ဘာသာဓားနဲ့အထိုးခံရမှန်းသာ ဦးပေါက်စီက မသိလိုက်တာ"

"ခု သီချင်းတကြော်ကြော်နဲ့လူက"

"ဟုတ်ပါတယ်ဆို"

"ဗုဒ္ဓေါ..."

သူ့သဘောကို မေးကြည့်ရသေးသည်။

"အဲ့ဒါ မြူက ဘယ်လိုလုပ်ချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဦးပေါက်စီကို သွားပြောရမှာပေါ့ ဒါမှ သူ သိမှာ”

“ကဲ...သွားဗျာသွား”

ခေါင်းထဲမှ လွှတ်ပေးလိုက်သော မြင်းမကဲ့သို့ပင် သူ ပြေးထွက်သွား၏။

“ဦးပေါက်စီ...ဦးပေါက်စီ”

“ချစ်ဖနီးက အကြင်နာပိုတယ်...ငွေရှိမှတင့်တယ်...ဟေ ဘာလဲ ခြောက်...သမီးမြူမြူကိုး...ဘာလဲသမီး”

“ဦးပေါက်စီကို ဖိုးတူ ဓါးနဲ့ထိုးသွားတယ်”

“မဟုတ်တာ ဘယ်တုန်းကလဲ”

“အခုလေးတင်ပဲလေ”

“အို...မဟုတ်တာ”

“ကိုယ့်ညာဘက်ဗိုက်ခြမ်းကိုလည်း ကိုယ်ပြန်ကြည့်ဦး”

ထိုအခါကျမှ

“အောင်မလေး...သွေးတွေ”

ဦးပေါက်စီ သတိလစ်လဲကျသွား၏။ အစကတည်းက ရုတ်ရုတ်သဲသဲဖြစ်ချင်နေသာ ပတ်ဝန်းကျင်သည် ထိုအခါမှ ရုတ်ရုတ်သဲသဲဖြစ်သွားတော့၏။ ရလဒ်ကတော့ စစ်ဦးနှင့်မြူမြူတို့ ရဲစခန်းလိုက်သွားရခြင်းဖြစ်သည်။ ကံကောင်းချင်တော့ တရားခံက သူ့အပြစ်ကို သူ ဝန်ခံလေသည်။

“ပေါက်စီကို တူနဲ့စားပစ်လိုက်တာကွ”

သူ့ဘာသာ တူနဲ့ပဲနွှင်စားစား ဇွန်းနဲ့ပဲမွှေစားစား ခက်ရင်းနဲ့ခွဲစားစား ဦးပေါက်စီကတော့ ဘာမှမဖြစ်ပါ။ ဆေးရုံမှ ခဏနေပြီး ပြန်ဆင်းလာသည်။ ဖိုးတူမှာသာ ထောင်ထဲကို နှစ်ချီပြီး ရောက်တော့၏။



ထို့နေ့မှလားဆိုတော့လည်း မဟုတ်။ နောက်နေ့တွေမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

“ကိုဦး...ကိုဦး”

“ဟင်...”

“ဒီနေ့ ဘယ်သွားမှာလဲ”

“ပြောထားပြီးသားပဲ၊ မြို့ထဲမှာ သွားလည်ကြမယ်လေ”

“ဒီနေ့ မသွားနဲ့တော့ကွယ်”

“ဟင်...ဘာဖြစ်လို့လဲ”

“ကိုကိုနဂါးကို သတ်မယ်ဆိုလို့”

“ဘယ်က ကိုကိုနဂါးလဲ”

“မျက်စောင်းထိုးအိမ်က ခွေးကြီးလေ ကိုဦးရဲ့”

“သူ့ကို ဘယ်သူက သတ်မှာလဲ”

“သူခိုးတွေက သတ်မှာပေါ့”

“အဲ့ဒါကို မြူက ဘယ်လိုသိသလဲ”

“ခြိမ်းခြောက်စာ ပေးထားတယ်တဲ့”

“မြူ ဖတ်ရလို့လား”

“ခွေးပိုင်ရှင်က ရုံးတောင် တိုင်ထားပြီ”

“နေပါဦး ခွေးက ဘာဖြစ်လို့တုန်း”

“ခွေးက အိမ်လုံတယ်၊ နားပါးတယ်၊ အနံ့ခံကောင်းတယ်၊ အသတ်အပုတ်ကျွမ်းကျင်တယ်”

“ဟင်...ခွေးကောင်းကြီးပဲ”

“အဲ့ဒါပေါ့ အဲ့ဒါကြောင့် သူခိုးတွေက သူ့ကို သတ်မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဘလိုင်းကြီးပါလား"

"ဟုတ်တယ် ဘလိုင်းကြီးပဲ၊ အဲ့ဒါ သူတို့တွေ ကိုကိုနဂါးကို ဘယ်လိုသတ်မလဲလို့ စိတ်ဝင်စားတာ"

"ခွေးနာမည်ကလည်း ကိုကိုနဂါးပဲလား"

"ဟုတ်"

"ဒုက္ခပါပဲ...သူ့အိမ်ကလူတွေက စောင့်ကြည့်မနေဘူးလား"

"ကြည့်မှာပေါ့"

"မြူနဲ့ ဘာဆိုင်လို့လဲ"

"မြူ စိတ်ဝင်စားလို့"

"အဲ့ဒါဖြင့်လည်း သဘောပဲဗျာ"

"ကိုဦးလည်း ကူကြည့်ပေးရမယ်နော်"

"အေးပါကွာ...အေးပါ"

အလကား သူခိုးတွေဖြစ်၏။ ပြီးတော့ ဟုတ်လည်းမဟုတ်။ ကိုကိုနဂါးကလည်း (အိမ်ရှင်၏ အထူးဂရုစိုက်မှုကို ခံယူကာ)ဆီဦးထောပတ် စားလျက် ကိုယ်တို့မှာ မြို့ထဲအလည်မထွက်ရတာဘဲ အဖတ်တင်သည်။

"မြူရယ်..."

"ဘာလဲ..."

"မင်းမို့လို့ သူခိုးစကားကို ယုံတယ်"

"ဟင်...ကိုဦးရဲ့စကားကိုလည်း ယုံခဲ့တာပါပဲဟာ"

"ဟာကွာ..."

စစ်ဦးတို့ ခံလိုက်ရပြန်ပြီ။

ဒီကြားထဲမှာ



နိုင်ဝင်း+ကေသီနွယ်၊ ဝင်းမင်း+လင်းလင်းရီတို့က စစ်ဦးကို စာတစ်စောင်ပေး၏။ 'လင်နှင့်မယား လျှာနှင့်သွား'ဆိုသော စကားပုံကို စာကြောင်းရေ (၁၅၀၀)ရေးပြီး ပေးခြင်းဖြစ်၏။ စာအောက်ခြေမှာ သူတို့လေးဦးလုံး၏ နာမည်နှင့်လက်မှတ် ရေးထိုးထား၏။

ဆိုင်မဆိုင်တော့ မသိ။

စစ်ဦးက ထိုစာကို ကိုကိုနဂါး၏ လည်ပတ်မှာ ဆွဲပေးထားလိုက်၏။

ဝင်းမင်းနှင့်နိုင်ဝင်းက ဆရာကြီးလုပ်ကြသေး၏။

"လင်နှင့်မယား စကားလုံးကို ကောက်ရင် လင်ကလျှာ၊ မယားက သွားကွ"

"အင်း..."

"ပြောရရင် လင်ကချည်း အကိုက်ခံရမှာပေါ့ကွာ"

"အင်း..."

"အဲ့ဒါကို မင်း သင်ခန်းစာယူနိုင်အောင် ဒီစာရေးပေးထားတာ၊ ဒါ့ထက်"

"ဘာလဲ"

"အဲ့ဒီစာကော ရှိသေးလား"

"ကိုကိုနဂါးကို ပေးထားတယ်"

"ဟော..."

သူတို့လည်း မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ ကိုယ့်မှာကလည်း မတတ်နိုင်ချေ။ အမှန်ကို အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်၏။ သို့သော် ဒါတွေကို 'မြူမြူ'က သိဖြစ်အောင် သိသွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စစ်ဦးကို မေးသည်။

"ကိုဦး"

"ဟင်..."

"ဘာဖြစ်လို့ အဲ့ဒီလိုလုပ်တာလဲ"

"ကိုကိုနဂါးကို ဒါ ဒုတိယမြောက် ခြိမ်းခြောက်စာ တိုက်ရိုက်ပို့တဲ့ သဘောပဲ"

အစပိုင်းမှာတော့ မြူမြူ ကြောင်သွားသေးသည်။ ပြီးမှ တခစ်ခစ် ရယ်ကာ

"ကိုဦးကလည်း စံပါပဲ"

"ဆန်မဟုတ် စပါး"

"ဘာကွာလို့လဲ"

"အပျိုရည် မပျက်သေးဘူး"

မြူမြူက ရယ်၍ မဆုံးတော့၊ ကိုယ်က ဖိပြောရသည်။

"လမ်းထဲမှာ ကိုကိုနဂါးကို ကြိုက်နေတဲ့ ခွေးမလေးတွေ မရှိဘူးလား"

"ရှိချင်ရှိမှာပေါ့"

"အင်း...ဒါဆို ကိုယ် သူ့ကို အဲ့ဒီစာလေးဆွဲပေးထားတာ မလွန်ဘူးပေါ့"

"ကိုဟာလေ"

ထိုသို့ပင်

ကိုယ်ကလည်း ကိုးရိုးကားယား သူကလည်း ကိုးရိုးကားယား။ သို့သော်လည်း သူ ဘာမှပြော၍ မရနိုင်တော့သော အကြောင်း၊



အရာက ပေါ်လာပါသည်။ သူတို့ရပ်ကွက်တွင်းမှာ ကလေးကစားကွင်း ရှိသည်။ မြက်ခင်းထဲမှာ ဆိုင်းဘုတ်ကြီးက အကျအန။

'မြက်ခင်းပေါ်'

ပြီး ဘာမှန်းလည်း မသိရ။ အောက်မှ စာသားတွေက ပျောက် နေပြီ။ စစ်ဦးက အငြိမ်မနေ အောက်မှ သွားထပ်ရေး၏။



ဘာမှန်းလည်း မသိ။

မြူမြူက မေးသည်။

"အဲ့ဒါက ဘာလဲ"

"ကျင်ကြီးမစွန့်ရလို့ သုံးထားတာ"

"ဘယ်သူက နားလည်မှာလဲ"

"မင်းက လူ မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းကတော့ ဘယ်နားလည်မှာလဲ"

"ဒါဖြင့်"

"ခွေးက နားလည်ပါလိမ့်မယ်"

"ဒါ ခွေးဘာသာစကားလား"

"ဟုတ်"

"ဟုတ်ရဲ့လားဟာ"

"မဟုတ်ဘူးလို့ကော ဘယ်သူ ငြင်းရဲမလဲ"

"မငြင်းပါဘူး၊ ဒါပေမဲ့ တော်ပါသေးတယ်"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှင် ငါ့ကို ရည်းစားစာပေးတော့ လူလိုရေးပေးလို့"

သူ့စကားနှင့်သူ စစ်ဦး အောင့်သွားသည်။ မြူမြူ့ကို စစ်ဦးမနိုင်လှချေ။ အပွဲပွဲနွဲလာသမျှ မြူမြူနှင့်ကျမှ ခံနေရသည်။ ဒီကြားထဲမှာ ဒေါ်အေးကိုက တစ်မျောင့်။

တစ်ခုတော့ ရှိသည်။ မြူမြူနှင့် သူတို့ ချစ်သူရည်းစားဖြစ်ကြခြင်းကို မြူမြူ့မိသားစုကကော၊ သူ့မိသားစုကကော မငြိုငြင်ကြခြင်းဖြစ်သည်။ အစကတည်းက ကြိုပြောပြထား၍ ဘဝင်ကျကြခြင်းလည်းဖြစ်နိုင်သည်။ ခင်ဦးကဆို မြူမြူ့ကို အတော်ခင်သည်။

တင်မောင်ညီအစ်ကိုများကလည်း ချစ်လှစွာသော ညီမလေးအတွက် သူ့ကို ကြည်ကြည်ဖြူဖြူရှိကြသည်။ အိမ်ကိုသွားလျှင်တော့ ဒေါ်အေးကိုနှင့်တွေ့တာများသည်။ သူကတစ်မျောင့်ဆိုသော ကိစ္စကို ဆက်ရပေဦးမည်။

ဒေါ်အေးကိုက ကြိကြိဖန်ဖန်ကိစ္စတွေကို စိတ်ဝင်စားသည်။ ဂျာနယ်တွေ မဂ္ဂဇင်းတွေထဲလည်း ရှာဖွေဖတ်သည်။ ပြီး သူ့ဘာသာငြိမ်ငြိမ်မနေ။

"ဟဲ့...မောင်ဦး"

"ဗျာ..."

"ပိုးနသန်ကောင်က ခြေထောက်ဘယ်နှချောင်းရှိလဲ"

"ဟာ...ဘယ်သိမလဲ"

"ငါသိတယ်ဟဲ့ ၂၁၀ ထက် မပိုဘူး"

"ဟုတ်လား...ကျွန်တော် မသိလိုက်ဘူး။ သူကလည်း ကျွန်တော့်ကို ဘာမှ မပြောဘူး"



သူတို့ဆက်ဆံရေးက ထိုသို့ဖြစ်၏။

"ဟယ်...ဒုက္ခပဲ အဲ့ဒါဆို ဇာအေးမြင့်ကို သူတို့ ဖမ်းမလားမသိဘူး"

"ဘာဖြစ်လို့လဲ"

"ဇာအေးမြင့်က ဆင်ဦးစီးကို ထိုးလိုက်တယ်လေ"

"ဘာနဲ့လဲ"

"အစွယ်နဲ့ပေါ့ဟဲ့"

"ဇာအေးမြင့်က ဘယ်သူလဲ"

"ဆင်မလေးလေ၊ သူ့ဆင်ဦးစီးကို စိတ်ဆိုးပြီး အစွယ်နဲ့ထိုးလိုက်တာ"

"မသိပါဘူး။ ဇာအေးမြင့်လည်း မသိဘူး။ နာကလေးပွင့်လည်း မသိဘူး"

ကြာတော့ သူနှင့်ဆုံရကိန်းရှိလျှင် ပေါက်ပေါက်ရှာရှာသတင်းတွေကို ကိုယ်က ကြိုဖတ်ထားရသည်။

"အန်တီ သိပြီးပြီလား။ လူက ခွေးကို ကိုက်လိုက်လို့တဲ့"

"ဟင်...ဘယ်လိုဖြစ်ရတာတုန်း"

"နိုင်ငံခြားမှာပါ"

"အေးပါ...ဘယ်လိုဖြစ်ရတာတုန်း"

"သူက ခွေးကို လေ့ကျင့်ပေးတာ ကြမ်းတယ်ဆိုပြီး သူ့ရည်းစားက ပြောတယ်တဲ့"

"အင်း..."

"အဲ့ဒီမှာ သူက စိတ်တိုပြီး ခွေးကို ကိုက်လိုက်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..."

"အခု အဲ့ဒီလူ အရေးယူခံနေရတယ်။ တိရစ္ဆာန်ညှင်းပန်းမှုနဲ့"

"ဟောတော်"

တင်မောင်ညီအစ်ကိုတွေကကျတော့ တစ်မျိုး။ လူကိုတွေ့သည်နှင့်။

"မောင်ဦး..."

"ဗျ..."

"ခင်ဦး နေကောင်းရဲ့လား"

"အင်း...စားဝင်အိပ်ပျော်တယ် ဆိုရုံပါပဲဗျာ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"မင်းကွာ..."

'ခင်ဗျားဗျာ' လို့ ပြန်မပြောလိုက်ပါ။ သူတို့ညီမမျက်နှာက ရှိသေးသည်လေ။ အဲ့ဒီ သူတို့ညီမကလည်း ဘာလေးမှန်းမသိ။ ချစ်ရတာ မထုံတက်တေးနှင့်။

တစ်ခါ သူတို့အိမ်သို့ စစ်ဦးရောက်သွားတော့ သူမက ဘေးအိမ်မှ ကလေးကို စက်ဘီးစီး သင်ပေးနေသည်။ အော်လိုက်ငေါက်လိုက်နှင့်ပဲ ဖြစ်၏။

"နင် အခုထက်ထိကို မတတ်ဘူး၊ စက်ဘီးကတောင် အိုပြီး သေတော့မယ်"

သူ့ကို မြင်သော်လည်း အရေးတယူမရှိလှ။

"ကိုဦး ခဏနေဦးနော်၊ ငါ ဒီမှာ ဒီကောင်လေးကို ထရိန်နင်



လုပ်နေတယ်"

သူ့စက်ဘီးစီးသင်တာကို ထိုင်ကြည့်နေရ၏။ ရယ်ရ၍သာ တော်တော့သည်။ နို့မို့ အတော်ပျင်းစရာကောင်းမည်။

ဘဲဥခြင်းတွေတင်ပြီး ဆိုက်ကားကြီးနှင့် ရောက်လာသည်က ဒေါ်အေးကို။ သူ့အမေကိုလည်း မြူမြူက လာမကူချေ။

"အမေ့ ကိုဦးကို တင်ခိုင်းလိုက်"

လွှယ်လိုက်တာ...

ဒေါ်အေးကိုက နားလည်မှုရှိစွာ ပြုံးသည်။ ထို့နောက်...

"ကိုဦး"

"ဗျာ"

"မင်း မြူမြူကို တကယ်ချစ်လား"

"ဟုတ်ကဲ့"

ဒေါ်အေးကိုက ထပ်ပြုံးသည်။ ဥပမာပေးစကားကို အဆင့်မြင့်မြင့် ဆိုသည်။

"သူ့ကိုချစ်ရတာ မင်း ပြင်သစ်ကို ရောက်နေသလိုဖြစ်နေလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ငါကြားဖူးတာပြော့ကွယ်"

"ဟုတ်ကဲ့"

"ပြင်သစ်မှာ ပိုက်ဆံတွေက အထိမခံလောက်အောင် ပြလွယ်တယ်တဲ့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်သာသုံးစက္ကူကျတော့ ဖြုလို့တောင် မပြဘူးတဲ့"

"ဩော်...ဩော်"

"မင်း မြူမြူ့ချစ်ရတာ အထားအသိုလွဲသလို ဖြစ်ဖြစ်နေလိမ့်မယ်"

"သေချာတာပေါ့"

တစ်ခါလည်း ကြုံရဖူးတာကို မှတ်မိသေးသည်။ ဝင်းမင်းတို့ မြှောက်ပေး၍ပါ။

"မြူမြူ"

"ဟင်..."

"အင်္ဂလိပ်ကားသစ် ရုံတင်တယ်"

"အင်း..."

"သွားကြည့်ရအောင်"

"အားတဲ့အခါ ကြည့်မယ်လေ"

"ဘယ်တော့အားမှာလဲ"

"နက်ဖြန်"

သူ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ရည်းစားလေးနှင့်တွဲပြီး ရုပ်ရှင်ကြည့်ခွင့်ရပြီကိုး။ ပြီးမှ အားလုံးကို ပြန်ကြွားရမည်။ မြို့ထဲကို သွားစရာ ကိစ္စက သူ့မှာ ရှိနေသေးသဖြင့် ရုပ်ရှင်ရုံရှေ့မှာပဲ ချိန်းလိုက်ကြသည်။

ရုံရှေ့ရောက်တော့ သူ အမောဆို့သွားသည်။ မြူမြူက တစ်ယောက်တည်းမဟုတ်။ အတွဲနှင့် သားသားနားနားလည်း မဟုတ်။ မဲမဲပြုပြု ဗလကောင်းကောင်းကြီး။ မြူမြူက သူ့လက်မောင်းကို မှီနွဲ့နေသည်။ ဆွဲထိုးပစ်လိုက်ချင်သည်။



သဲစုပြိုးဖြစ်နေ၍သာပေါ့။

သူ့မအီမလည်အပြုံးကို ဒေါ်အေးကိုက နားလည်သည်။

"မောင်ဦး"

"ဗျာ"

"ဘာပဲပြောပြော မင်း မြူမြူ့ကို ချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့"

"ချစ်ရမယ်လေ ငါ့သမီးလေးပဲ ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ... ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ...ဟဲ"

ဘာလဲဟ။

www.burmeseclassic.com

www.burmeseclassic.com



[၁၃]

> ငါနှင့်အတူ
>
> မရှိမဖြစ်သောသူသည်
>
> ကြမ်းကြုတ်သောသူ ဖြစ်၏။
>
> [၁၁း၂၃ ရှင်လုကာကျမ်း]



မြူမြူနှင့်ပတ်သက်လျှင် သတင်းက အထူးအဆန်းတွေကြားရသည်။ ဘယ်လိုဟာလေးလဲဟု အတော်စဉ်းစားယူရသည်။ မိန်းကလေးတန်မဲ့ ရှုံးဂါတ်ကိုလည်း မကြာခဏ ရောက်သည်။

ဟိုတလောကလည်း သူတို့ရပ်ကွက်ထိပ်မှာ

‘‘ဟာ...ဟော့ကောင်...ဟော့ကောင် မောင်ဦး’’

လှည့်ကြည့်တော့ ကိုတင်မောင်လတ်ဖြစ်နေသည်။

‘‘ဟင်...ဘာလဲ’’

‘‘ဂါတ်တဲကို လိုက်သွားလိုက်စမ်းပါ’’

‘‘ဘာဖြစ်လို့လဲ’’

‘‘ဟိုကောင်မလေးက ယာဉ်တိုက်မှုထဲမှာ သက်သေပါနေပြီဗျာ’’

‘‘ဘယ်ကောင်မလေးလဲ’’

www.burmeseclassic.com

www.burmeseclassic.com



"မင်းရည်းစား ကောင်မလေးကွာ ဟို မြူမြူဆိုလားဘာလား"

"သူက အခု ဂိတ်တဲမှာရှိသေးလား"

"ထင်ရတာပဲ"

"ဒါဆို ကျွန်တော့်ကို ဘီယာတစ်ဘူးတိုက်ဗျာ"

"ဘာဆိုင်လို့လဲ"

"ဝန်ဆောင်ခပေါ့"

တိုက်ပါသည်။ သို့သော် ဘီယာတစ်ဘူးနှင့် မကာမိချေ။ ရဲစခန်းမှာ တစ်နေကုန်၏။ မြူမြူ့ကိုလည်း ဆုံရသည့်မျိုးမဟုတ်။

"ဒါပဲနော် မြူ့ကို မဆုံရဘူး ကြုံပြောထားမယ်"

"မဆုံရဘူးဆို ဘယ်လိုလုပ်ရမလဲ"

"မျက်ထောင့်နီကြီးနဲ့ တစ်ချက်ပဲကြည့် အဲ့ဒါဆိုရပြီ"

"မကြည့်တတ်ဘူး"

"ခစ် မကြည့်တတ်ရင်လည်း ကောင်းတာပဲ ဟား...ဟား..."

"ဒါနဲ့ ခုဟာက ဘယ်လိုဖြစ်တာလဲ"

"မြူက ကူညီတဲ့ လုပ်သားပြည်သူပါ၊ သက်သေ"

"အေးပါ...ဘာဖြစ်တာလဲ"

တကယ်တမ်းစုံစမ်းကြည့်တော့...

ဟုတ်တော့လည်း ဟုတ်သည်။

မြူမြူက သက်သေမျှသာဖြစ်သည်။ သို့သော် ထုံးစံအတိုင်း မြူနှင်းအေးဖြစ်လိုက်လျှင် အထူးအဆန်းတွေချည်းဖြစ်၏။

လူတစ်ယောက် ကားတိုက်ခံရသည်။ သွေးအိုင်ထဲမှာ သတိလစ်နေသည်။ သေတော့မသေသေး။ ကားမောင်းသူက ဆေးရုံသို့ သူပါ



တာဝန်ယူပို့ပါမည်ဟုဆိုကာ ကားပေါ်တင်ခေါ်သွားသည်။ သို့သော် ထိုလူ့ကားက ဆေးရုံသို့ မရောက်။ သူ့အိမ်ကိုလည်း မရောက်။ လူနာ့အိမ်ကိုလည်း မရောက်။

ကားကော လူနာကော လမ်းမှာ ပျောက်နေသည်။ မြူမြူက ထိုအမှုမှာ ယာဉ်တိုက်မှုကို မြင်လိုက်သော သက်သေများစွာထဲမှ တစ်ယောက်ဖြစ်သည်။

ထိုကိစ္စမှာ သူနှင့်အတူ အဖော်လုပ်နေရသောကြောင့် အိမ်မှ ခိုင်းလိုက်သော အလုပ်များကို မလုပ်ဖြစ်။ အိမ်ရောက်တော့ မေမေက ဆူသည်။

"သား..."

"ဗျာ..."

"သားကလေးမလေးက ဟုတ်မှဟုတ်ရဲ့လားကွယ်"

"ဘာဖြစ်လို့လဲ မေမေ"

"ရှုပ်ရှုပ်ရှက်ရှက် အရမ်းနိုင်တာပဲဆို"

"ဩော်...အဲ့ဒါမျိုးမဟုတ်ပါဘူး မေမေရဲ့"

"ဟိုတစ်နေ့က ဈေးထဲမှာ ခက်ခက်စိမ်းနဲ့တွေ့တယ်"

"အင်း မြူမြူ့မကောင်းကြောင်းတွေ ပြောမှာပေါ့"

"မင်းက ဘာကြောင့်ပြောနိုင်တာလဲ"

"သူက မြူမြူ့ကို ကြည့်မရဘူး"

"ဘာဖြစ်လို့လဲ"

"သူက မြူမြူ့ကို အဝေးကြည့်မျက်မှန်နဲ့ပဲ ကြည့်နေတာ... အနီးကြည့်မျက်မှန်နဲ့သာကြည့်ရင် မြူမြူက သူ ထင်ထားတာ...

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာပါသေးတယ်''

ထိုကဲ့သို့ သူ့မှာ ပြောအားလေးတွေ ရှိပါသေးသည်။

တစ်နေ့မှာ မြူမြူက ပြောလာသည်။

''ပညာရှိ သတိဖြစ်ခဲ့ဆိုတဲ့ စကားပုံကို ကြားရရင် အဲလ်ဖရက် နိုဘယ်ကို ပြေးပြေး သတိရတယ်''

''ဘာဖြစ်လို့လဲ''

သူက မေးတော့ အဝေးသို့ အကြည့်လွှဲရင်း ပြန်ဖြေသည်။

''လူတွေကောင်းကျိုးအတွက် သူ လုပ်တာပဲ၊ ဒါပေမယ့် လူတွေ သေစေတဲ့လက်နက်လည်း ဖြစ်သွားတယ်။ ပညာရှိကြီး သတိလစ်သွား တာပေါ့''

''ဖောက်ပြသွားလို့ နေမှာပေါ့''

''သူ တွေးမိဖို့ကောင်းတယ်''

''ဒါတော့ ဟုတ်ပါတယ်''

''သူ အဲ့ဒီဒိုင်းနမိုက်ကို ထုတ်ဖော်ဖို့အတွက် စမ်းသပ်နေတုန်း မှာပဲ စမ်းသပ်ခန်းထဲမှာ ပေါက်ကွဲလို့ သူ့ညီအရင်းတစ်ယောက် သေသွား တယ်လေ''

''ဩော်...ဟုတ်လား၊ ကိုယ်တောင် မသိဘူး''

''မြူသာဆိုရင်တော့ အဲလ်ဖရက်နိုဘယ်လ်လို မဖြစ်ချင်ဘူး''

''ဘယ်သူဖြစ်ချင်လဲ''

'ဖ လော် ရင့် နိုက် တင် ဂေး' ဟု သူ တစ်လုံးချင်း ပြော သည်။

ထိုသည်မျိုးလေးတွေကလည်း သူ့မှာ ရှိလေသည်။ ထို့ကြောင့်



လည်းစစ်ဦးအနေနှင့် မြူမြူ့ကို အပြစ်တော်မမြင်ဘဲ အချစ်တော် ဝင်နေရခြင်းဖြစ်သည်။

မေမေက စကားဆက်လာသည်။

''အိမ်ကိုလည်း ခေါ်လာဦးလေ၊ မေမေတို့ အကဲခတ်ရတာပေါ့''

''ဟုတ်ကဲ့''

''အိမ်ထောင်ပြုတယ်ဆိုတာ ကားမောင်းသလိုပဲ''

''ခင်ဗျာ''

''ကားမောင်းရင် မျက်လုံးကလည်း ယာဉ်ကြောကို ကြည့်ရ တယ်။ မီးပွိုင့်ကို ကြည့်ရတယ်။ စက်ဘီးတွေ လူတွေကို ကြည့်ရတယ်။ ရှေ့ကိုတင်မကဘူး နောက်ကိုပါ နောက်ကြည့်မှန်ကနေ ကြည့်ရတယ်။ နားကလည်း ဟွန်းသံတွေ နားထောင်ရတယ်။ ကိုယ့်ကားရဲ့စက်သံကို နားထောင်ရတယ်။ နှာခေါင်းကလည်း ညှော်နံ့တွေဘာတွေ သတိထားရ တယ်။ ခြေနဲ့လက်ကလည်း ဟန်ချက်ညီညီလှုပ်ရှားရတယ်''

''တော်ပါတော့ မေမေရယ် မလွယ်လိုက်တာ''

''အဆိုးဆုံးကတော့ ကိုယ်ကမှန်ပါလျက် သူများကမှားရင်လည်း ယာဉ်တိုက်မှုဖြစ်တော့တာပဲ။ ဒုက္ခအများကြီးရောက်တယ်''

''ဟုတ်တာပေါ့ ဟုတ်တာပေါ့''

ဒေါ်အေးကို လေသံဖြင့် 'ဟုတ်ဒါဘော့၊ ဟုတ်ဒါဘော့'ဟု ပြန်ပြောလိုက်လျှင် မေမေ ဘယ်လိုနေမည်မသိ။ အခုတော့ ဘယ်လိုမှ မနေရသဖြင့် ဆက်ပြောသည်။

''သူတော်ကောင်း နတ်ကောင်းမတယ်လို့ တရားသေထင်နေရင် မင်းအဖေလို ဖြစ်သွားမယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက မေမေနဲ့ယူလိုက်တာ ကံဆိုးသွားလို့လား"

"ဟဲ့...အဲ့ဒါမျိုးပြောတာ မဟုတ်ဘူး၊ ဥပမာကွယ် ငယ်ငယ်က ဆိုရင် မင်းအဖေမှာ အကျင့်တစ်ခုရှိတယ်။ တစ်ခုခုဖြစ်ရင် မိုးပေါ်ကို မော့မော့ကြည့်တယ်"

ထိုကဲ့သို့သော အချိန်မျိုးဆို ဖေဖေကလည်း ရောက်ရောက်လာသည်။ လက်ပတ်နာရီချွတ်နေရင်း မေမေ့ကို စောင်းငမ်းငမ်းကြည့်ကာ

"မင်း...သားကို ငါ့မကောင်းကြောင်းတွေ ဘာတွေပြောနေပြန်ပြီလဲ"

"ဥပမာပေးတာပါ"

"ဥပမာပေးရင်လည်း တခြားဥပမာပေးပါလားကွာ၊ အီဗရာဟင်လင်ကွန်းတို့၊ ကျန်စစ်မင်းတို့လူအများကြီးပါ"

"အိုး...သားက သူတို့သားမှ မဟုတ်ဘဲ၊ ရှင့်သားပဲဟာ၊ ရှင့်ကို ဥပမာပေးရတာပေါ့"

ထိုသို့ဆိုပြီး မေမေက စကားဆက်သည်။

"သူ့ကိုယ်သူ အဲ့ဒီလို သူတော်ကောင်းကြီးဆိုပြီး မိုးနတ်မင်းကြီးဆီ မျှော်မျှော်ကြည့်တာလေ၊ ခြေထောက်က ခွေးချေးပုံကို တက်နင်းမိလို့"

"ဟောဗျာ..."

"နံစော်နေတာပဲ၊ အဲ့ဒါ မင်းအဖေကို မေမေ တစ်နေ့လုံး အကပ်မခံဘူး"

"သူတော်ကောင်း နတ်ကောင်း မ,ဆို"

"သူတော်ကောင်း ချက်ကောင်းထိ...ဖော့"



မေမေနှင့်အတူ လိုက်ရယ်ဖြစ်သည်။ ဖေဖေကတော့ ရှက်ပြုံးကြီးပြုံးနေ၏။

"ဒါနဲ့ ခက်ခက်စိမ်းရဲ့စကားကို ပြန်ဆက်ရဦးမယ်"

"ဟုတ်ကဲ့"

"မင်းကောင်မလေးက မင်းအပြင် နောက်တစ်ယောက်နဲ့ တွဲနေတယ်တဲ့"

"ဟာ...မဟုတ်တာ"

"မဟုတ်ပဲ ပြောမလား"

"အိုး..."

စစ်ဦး စိတ်ရှုပ်သွားသည်။ မိခင်ဖြစ်သူကိုလည်း ဇဝေဇဝါ ပြန်ကြည့်မိသည်။ မေမေက သက်ပြင်းမောကြီး မှုတ်ထုတ်သည်။ စစ်ဦးက

"ကဲ...ပြောပါဦး၊ မခက်ခက်စိမ်းက တခြားဘာတွေ ထပ်ပြောသေးလဲ"

"အဲ့ဒီလောက်ပါပဲ"

ထိုအချိန်မှာပဲ ဖုန်းလာသည်။ ခင်ဦးက အတွင်းခန်းထဲမှ ထွက်လာကာ သူတို့ကို အကဲခတ်သလိုကြည့်ပြီး ဖုန်းခွက်ကို ကောက်ကိုင်သည်။

"ဟဲလို"

"......"

"အေး ငါပါ"

"......"

"အေး ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"......"

"အေး ခဏကိုင်ထား"

ထို့နောက် သူ့ဘက်သို့လှည့်ကာ...

"ကိုကို...ဖုန်း"

ဘယ်သူဆက်တာလဲဟု မပြောဘဲ မချောလေးက မေမေ့ထံသွားကာ မခက်ခက်စိမ်း ဘာပြောလို့လဲ၊ အဲ့ဒီအပိုကြီးက အပေါက်အစများတယ် မေမေရဲ့ဟု စကားဆိုနေသည်။

"ဟယ်လို"

"ကိုကိုလား"

ဟာ ပြဿနာပါပဲ။ စိတ်ရှုပ်ရသည့်ကြားထဲ ဝါဝါသောင်းဝေဖြိုးဖြစ်နေသည်။

"ဟုတ်တယ်"

"ကိုကို ဘာလုပ်နေလဲ"

"မေမေနဲ့စကားပြောနေတာ၊ ခုပဲ ဆိုင်သွားတော့မလို့၊ ဆိုင်မှာ ငွေစာရင်းရှင်းတမ်းတွေ သွားလုပ်ပေးရမယ်"

အချိန်သိပ်မရှိကြောင်း ကြိုစကားခံထားရသည်။

"ဝါက ခဏပါ"

"အင်း"

"ကိစ္စကတော့ ကိုကို့ကိစ္စပါ"

"ဘာရယ်"

"ကိုကို့ကိစ္စ၊ သေချာအောင် ထပ်ပြောရရင်တော့ ကိုကို့ကောင်မလေး မြူနှင်းအေးကိစ္စပေါ့"





"ငါ နားမလည်ဘူး"

"ကိုကို သန်ဘက်ခါမနက်လောက် မြူနှင်းအေးကို ချိန်းကြည့်ပါလား"

"ဘယ်ကိုလဲ"

"သင့်တော်တဲ့ တစ်နေရာရာကိုပေါ့"

"ဘာလုပ်ဖို့လဲ"

"ဩော်...သူ လာ မလာပေါ့"

"မအားရင်တော့ မလာဘူးပေါ့၊ အားရင်တော့ လာမှာပေါ့"

"မအားမှာ သေချာပါတယ်"

"ဘာဖြစ်လို့လဲ"

"သူက ကိုကိုမဟုတ်တဲ့ လူတစ်ယောက်နဲ့ ထွက်လည်ဖို့ ချိန်းထားလို့ပေါ့"

"ဘာပြောနေတာလဲ ငါ နားမလည်ဘူး"

တစ်ဖက်မှ မခိုးမခန့်ရယ်သံနှင့်အတူ

"'မကြာခင် ကိုကို နားလည်လာမှာ ဒါပဲနော်"

ဖုန်းချသွားသည်။ ခင်ဦးနှင့်ပင် စကားမပြောတော့။ သူ ဖုန်းခွက်ချလိုက်တော့ မေမေနှင့် ခင်ဦးက သူ့ကို ကြည့်နေသည်။ ခင်ဦးက...

"ကိုကို..."

"ဟင်..."

"ကိုကိုက မြူ့ကို မယုံဘူးလား"

"မယုံဘူးရယ် မဟုတ်ပါဘူး၊ စိတ်တော့ရှုပ်သွားတော့တာပေါ့"

ထို့နောက် ခင်ဦးကို...

www.burmeseclassic.com

www.burmeseclassic.com



''ညီမလေး...''

''ရှင်...''

''ဝါဝါ့ဆီ ဖုန်းပြန်ခေါ်ပေးစမ်းပါ၊ သူက စကားကို ရှင်းအောင် ပြောမသွားဘူး''

ခင်ဦးက ဝါဝါသောင်းဝေဖြိုးဆီ ဖုန်းပြန်ခေါ်ပေးသည်။

''ဝါဝါလား အေး ကိုကိုက ဖုန်းပြောမလို့တဲ့ ခဏကိုင်ထားဦး''

သူ ဖုန်းကိုင်ကိုင်ချင်းမှာပဲ ဝါဝါသောင်းဝေဖြိုးက...

''ကိုကို ဖုန်းပြန်ဆက်မယ်ဆိုတာကို ဝါဝါ သိသားပဲ''

''အေး...နင်ကမှ စကားကို ဆုံးအောင် မပြောဘဲ''

''အဟင်း...ဟင်း...ကိုကို့ရင်တွေ ခုန်နေပြီမဟုတ်လား''

''မခုန်ပါဘူး''

''ဒါဆို ရင်ပူတာဖြစ်မှာပေါ့...ဟား...ဟား''

''နင့်အသံကြားရတာ နင်က ပျော်နေသလိုပဲ''

''ကိုကိုထင်လို့ ဖြစ်မှာပေါ့၊ ကဲ...ပြော...ဝါဝါ ဘာတွေပွားများရမှာလဲ''

''မြူမြူ့အကြောင်းကို သေသေချာချာထပ်ပြောစမ်း''

''ကိုကိုက ဘာကို သိချင်တာလဲ၊ နေဦး ခု မြူမြူ့ကို စကားတောက်ကြည့်ပြီးပြီလား''

''မတောက်ကြည့်ရသေးဘူး''

''အဲဒါဆို တောက်ကြည့်လိုက်ဦးလေ၊ ပြီးရင် ပြန်ဆက်ပေါ့။ ဝါ ရှိပါတယ်''

''အေး...အေးပြီးရော''



စောင့်ကြည့်နေသော ခင်ဦးက ဖုန်းချလိုက်သော သူ့ကို...

''ကိုကို ဘာတဲ့လဲ''

''မြူမြူနဲ့ အရင်ဖုန်းပြောပါတဲ့ ပြီးမှ သူ့ကို ပြန်ဆက်တဲ့''

''မြူမြူ့ဆီ ဘယ်လိုဖုန်းခေါ်ရမလဲ''

မြူမြူ့ဆီဆက်သွယ်၍ရသော ဖုန်းနံပါတ်ကို သူ ရွတ်ပြလိုက်သည်။ ခင်ဦးခမျာ ကြိုးစားပမ်းစား အတော်ခေါ်ယူရသည်။ မြူမြူနှင့် တိုက်ရိုက်ဖုန်းရတော့မှ သူ့ကို ကမ်းပေး၏။

''မြူမြူလား''

''ဟုတ်တယ်...ကိုဦးလား...ထူးထူးခြားခြား ဘာဖြစ်လို့လဲ''

''အခု မြူ ဘာလုပ်နေလဲ''

''ယင်ကောင်တွေကို လိုက်ရိုက်နေတယ်''

''ဘာဖြစ်လို့လဲ''

''ဒီကောင်တွေက မျက်လုံးမှာ မှန်ကူကွက်တွေနဲ့လေ။ နေရာတကာကို မြင်နိုင်တယ်။ နောက်ကိုလည်း ပြန်မြင်နိုင်တယ်။ လူက ဘယ်လောက်ပဲ ဝုက်ပြီးလုပ်လုပ် သူတို့က မြင်တယ်တဲ့။ အဲ့ဒါကို အမြင်ကပ်လို့ လိုက်ရိုက်နေတာ''

''ထိလို့မိလို့လား''

''အင်း...''

''ဘာနဲ့ရိုက်ဖမ်းတာလဲ မြင်းမြီးယပ်နဲ့လား''

''ဟင့်အင်း...ယပ်တောင်ကြီးနဲ့''

လေယူလေသိမ်းကတော့ ပေါ့ပါးကြည်လင်လျက် အပြစ်ကင်းစင်လွန်းသည်။ သူမကာပင် သူ့ကို မေးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဦးကကော ဘာလုပ်နေလဲ"

"မလုပ်ပါဘူးကွာ ဟိုတွေးဒီတွေးပါ"

"ကိုဦး...ကိုဦး"

"ဟင်..."

"ကိုဦး မြို့ကို လက်ထပ်မှာ မဟုတ်လား"

"အင်..."

"လေသံကြီးက အသက်မပါလိုက်တာ၊ နောက်တစ်မျိုးပြော မယ်။ ကိုဦး မြို့ကို လက်ထပ်မှာလား"

"ဟုတ်..."

"အင်း...ကိုဦးကတော့ ညစ်ပြီ။ ထားပါတော့။ ကိုဦး မြို့ကို လက်ထပ်ရင် စပိန်ဥပဒေအတိုင်း လက်ထပ်ရမယ်နော်"

"ဘယ်လိုလဲ"

"စပိန်ဥပဒေအရဆိုရင် ယောကျ်ားတွေက မိန်းမတွေရဲ့ မီးဖိုချောင်အလုပ်ကို လုပ်ပေးရမယ်။ ကူညီဝိုင်းဝန်းလုပ်ပေးရမယ်လို့ ပြောတာ"

"အင်း..."

"ဘယ်လို အင်းတာလဲ"

"ဟို မီးဖိုချောင်ဝင်ပြီး ဟို...မြည်းပေးမယ်လေ၊ ဟင်းမြည်းပေး မယ်"

"အတော်ပင်ပန်းနေဦးမယ်၊ နောက်ပြီး ကလေးကူထိန်းပေးရ မယ်"

"ရ...ရတယ်လေ၊ ပါဝါရိန်ဂျားအခွေ ငှားပေးထားလိုက်မယ်"

"ဟင့်...လူကြီးတွေကို ပြုစုစောင့်ရှောက်ရမယ်"





"Nurse ငှားထားလို့ရပါတယ်။ ဒါမှမဟုတ်လည်း ဘိုး...ဘိုးဘွား ရိပ်သာ"

မြို့မြို့ စိတ်ဆိုးသွားလေသည်။ အမှန်တော့ သူက သူ့ကိုယ်သူ ပေါ့ပေါ့ပါးပါးဖြစ်အောင် 'နောက်'နေခြင်းဖြစ်၏။ မြို့မြို့ကလည်း အတည် မေးသည်ဟု သူ မထင်။ ခုတော့...

"အခု မြို့ ယောကျ်ားယူမလို့ တော်ပြီ ကိုဦးကိုတော့ မယူတော့ ဘူး"

"မြို့မြို့...မြို့...မြို့မြို့"

တစ်ဖက်မှ စိတ်ဆိုးမာန်ဆိုးနှင့် ဖုန်းချသွားလေသည်။

ဖုန်းခွက်ကိုင်ပြီး ငိုင်နေသော သူ့ကို ခင်ဦးက...

"ကိုကို ဘာဖြစ်လို့လဲ"

သူက ထိုအခါကျမှ သတိဝင်လာပြီး...

"ခင်ဦး ကိုကို့ကို ဝါဝါ့ဆီ ဖုန်းပြန်ခေါ်ပေးပါ"

"ဟုတ်..."

တစ်ဖက်မှ ဝါဝါက အဆင်သင့် စောင့်နေပုံရသည်။

"ဘယ်လိုလဲ ကိုကို၊ အဆင်ပြေရဲ့လား"

"မဟုတ်ဘူး အဲ့ဒါကို စကားမရောက်လိုက်ဘူး"

"ဘာဖြစ်လို့ မေးမကြည့်တာလဲ"

"ဒီအတိုင်းကြီး သူက ဖုန်းချသွားတယ်"

"ကိုကိုမေးရင်လည်း မရဘူးလို့ သူ ဖြေမယ်"

"နင်က ဘာလို့ အပိုင်သိနေတာလဲ"

"အဲ့ဒီနေ့မနက်မှာ သူက ရစ်ချတ်အောင်သွင်နဲ့ ချိန်းထားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ..."

"ရစ်ချတ်အောင်သွင်"

"သူက ဘယ်သူလဲ"

"နိုင်ငံခြားက ခုမှ ပြန်ရောက်လာတာ၊ မြူမြူနဲ့လက်ထပ်ဖို့။ ပြီးတာနဲ့ နိုင်ငံခြားကို ချက်ချင်းပြန်မှာ။ မြူမြူ့ကို တစ်ခါတည်း ခေါ်သွားမှာ"

"ဘာ..."

လက်ထဲမှ ဖုန်းခွက် လွတ်ကျသွားသည်။ မှောင်အတိကျနေသော စကြဝဠာတွင်းနက်ကြီးထဲမှ လက်ညှိုးလေးတစ်ချောင်းက သူ့ကို ကရော် ကရော် လုပ်ပြလေသည်။



[၁၄]

သူတစ်ပါးအား ပေးကြလော့။
ပေးလျှင်
သူတစ်ပါးသည် သင်တို့အား ပေးကြပါမည်။
[ဒြးဥစ ရှင်လုကာကျမ်း]



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဒေါ်ဦး အဲ့ဒီတော့ မင်း ဘာလုပ်မလဲ"

"လောလောဆယ်တော့ စိတ်တွေ ထွေနေတယ်ကွာ"

"အေး...ဒါဖြင့် လောလောဆယ်မှာကို မင်းစိတ် ငြိမ်နေဖို့ လိုတယ်"

"အေးပါ..."

ဝင်းမင်းနှင့်နိုင်ဝင်းကို အရေးတကြီးတွေ့ဆုံ တိုင်ပင်ရသည်။ ရင်ထဲမှာ ပူနေသည်။ မြူမြူ့ကို ဆုံးရှုံးရမှာလည်း စိုးရွံ့ပြာဝေနေသည်။

ဝင်းမင်းနှင့် နိုင်ဝင်းကပဲ စကားခွန်းလှယ် တိုင်ပင်နေကြသည်။

"သတင်းက ခိုင်လုံမှုရှိရဲ့လား"

"မဟုတ်ဘဲ မပြောလောက်ဘူး"

"ဟုတ်တယ်လို့ ဘာကြောင့် ထင်ရတာလဲ"



"အတိအကျနီးပါး ပြောသွားနိုင်တာကိုး။ ပြီး...ပြောတဲ့ ဝါဝါ သောင်းဝေဖြိုးဆိုတာကလည်း စစ်ဦးရဲ့အကျိုးစီးပွားကို လိုလားတဲ့သူ"

"ကဲ...ထားတော့ မြူမြူက ဒီလိုမျိုးလုပ်မယ့်လူလို့ ယူဆနိုင် သလား"

ဝင်းမင်း၏ အမေးစကားကြောင့် နိုင်ဝင်း တွေဝေသွားသည်။ ပြီးမှ

"အဲ့ဒါက တော်တော်ကို ပြောရခက်တဲ့ကိစ္စပဲ"

"ဘယ်လိုပြောရခက်တာလဲ"

"မြူမြူက နည်းနည်းထူးခြားတဲ့ ကောင်မလေး"

"အင်း..."

"မြူမြူက လှတယ်၊ ထက်တယ်၊ ဟိုစပ်စပ်သည်စပ်စပ် ဝင်ပါ တတ်တယ်"

"အင်း..."

"သူဟာ ကြားရတဲ့သတင်းအတိုင်း မဟုတ်ဘူးလို့ မပြောနိုင်ဘူး"

"အဲ...အင်း...ပြောပါဦး"

"ဟုတ်တယ်လို့လည်း မပြောနိုင်ဘူး"

"ဘာဖြစ်ရပြန်တာတုန်း"

"မြူမြူက သတ္တိရှိတယ်၊ စိတ်နေစိတ်ထားက မှန်းရခက်တယ်၊ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းရှိတယ်၊ ဒီလိုမျိုးမိန်းကလေးကို ထင်ကြေးပေးဖို့ မလွယ်ဘူး"

"မင်း စဉ်းစားနေတာက မပြတ်မသားကြီး"

"အေး...ဟုတ်တယ်၊ မပြတ်မသားဖြစ်စရာဘဲ၊ မင်းတို့ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



အခုကြားရတဲ့သတင်းက မြူမြူနဲ့ပတ်သက်တယ်။ သူဟာ ငါတို့ရဲ့ သူငယ်ချင်းလည်း ဖြစ်တယ်။ ငါတို့သူငယ်ချင်းရဲ့ချစ်သူလည်းဖြစ်တယ်။ သူ့အကြောင်းကို ဆုံးဖြတ်ချက်တစ်ခုအတွက် စဉ်းစားရတာကိုက ငါတို့အတွက် မပြတ်မသားဖြစ်စေတယ်"

"ဟုတ်ပါပြီ လိုရင်းကို ပြောကွာ"

"အဲ့ဒီလိုရင်းက ရှုပ်နေလို့ ဒီလောက် စကားပလ္လင်ခံနေရတာ။ ဒီလိုကွာ..."

"အင်း...ပြော"

"ဒီစကားအရ ကြားရတဲ့သတင်းအရဆိုရင် မြူမြူဟာ ဒါမျိုး လုပ်မယ့် မိန်းကလေးမျိုး မဟုတ်ဘူးလို့ ငါ သုံးသပ်တယ်"

"အင်း..."

"ဒါပေမဲ့ တစ်ဖက်ကကျတော့လည်း မြူမြူဟာ ကလေးစိတ် မကုန်သေးသလိုဘဲ။ သူ အာရုံကျသလို ဖွတ်ရွတ်လုပ်တယ်။ အဲ့ဒီတော့ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး"

"အို..."

"မင်း ငါပြောတာကို စဉ်းစားကြည့်လေ"

"ဟုတ်ပါတယ်၊ အဲ့ဒါကိုပဲ ထပ်စဉ်းစားနေတာ"

"ဘာလဲ"

"ဝက်ပါကြီးတစ်ခုထဲဝင်ရသလို စဉ်းစားနေရတယ်"

"အဲ့ဒီဝက်ပါကို ဖွင့်ဖို့ သော့ရှိပါတယ်"

"ဘယ်မှာလဲ"

"မြူမြူ့ဆီမှာ"



"အဲ့ဒါဆို..."

တစ်ချိန်လုံး ငြိမ်နားထောင်နေသော စစ်ဦးက စိတ်မရှည်နိုင်တော့ဘဲ...

"အင်း...အဲ့ဒါဆို အဲ့ဒီသော့ကို ငါ ရအောင်တောင်းမယ်ကွာ"

"သန်ဘက်ခါလား..."

"ဝေးတယ်..."

"နက်ဖြန်ခါလား..."

"ဝေးသေးတာပဲ..."

"ဒါဖြင့်..."

"အခု..."

"ဟင်...ဘယ်လိုတောင်းမှာလဲ"

"အရင်ဆုံး သူ့ကို တွေ့အောင်ရှာရမှာပေါ့"

"သူက ဘယ်မှာလဲ"

"သူ့အိမ်မှာပေါ့"

ထိုသို့ဖြင့် မြူမြူ့ဆီသို့ သူတို့ ရောက်သွားကြသည်။ မြူမြူက သနပ်ခါး ဘဲကြားလူးပြီး ကျေးလက်ကချေသည့်လို လှနေသည်။ ဆိုးသည်က သူ့လက်ထဲမှ လေးခွနှင့်လောက်စာလုံးဖြစ်၏။

"ဟင်...နင်တို့ ဘယ်ကလှည့်လာတာလဲ"

"နင့်ဆီကိုပဲ ဝင်လာတာ၊ နေပါဦး နင်က လေးခွတွေ လောက်စာလုံးတွေနဲ့ ဘာဖြစ်နေတာလဲ"

"ဘေးခြံက ကြက်ဖကို ပစ်မလို့"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မနက်အစောကြီး ထ,ထတွန်တယ်၊ ငါ အိပ်လို့မရဘူး"

"ဟာ…နင်ကလည်း ဒါ သူတို့အလေ့အထပဲဟာ"

"သူတွန်တော့ တခြားကြက်တွေကပါ လိုက်တွန်ရော၊ ဟိုဘက်လှည့်အိပ်လည်း မရ၊ ဒီဘက်လှည့်အိပ်လည်း မရ၊ အရမ်းဆိုးတဲ့ကြက်"

"အဲ့ဒီ ကြက်နာမည်က ညီညီနဂါးတဲ့လား"

"တွတ်နီတဲ့"

"ထားပါဟာ၊ သူ့များသဘာဝကို မနှောက်ယှက်ပါနဲ့၊ သူတို့တွန်တာ လူတွေအတွက် အကျိုးရှိပါတယ်။ သွားမပစ်ပါနဲ့"

မြူမြူက စစ်ဦးစကားကြောင့် တွေဝေသွားပြီး…

"အေးလေ…ထားပါတော့၊ ကိုဦးမျက်နှာကြောင့် လွှတ်ပေးလိုက်မယ်၊ ကြက်တွေကို မပစ်တော့ဘူး၊ ဟိုကောင်ကြီးကိုပဲ ပစ်တော့မယ်"

"လုပ်ပြန်ပြီ ဘယ်ကောင်ကြီးလဲ"

"ကိုကိုနဂါးကို"

"ဘာဖြစ်လို့လဲ"

"သူ့ပါးစပ်ထဲမှာ လင်နဲ့မယားရှိတယ်"

စစ်ဦး ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ

"အဲ့ဒါတော့ နင့်မှာလည်း ရှိတာပဲ"

မြူမြူက တွေဝေသွားပြီး…

"အေး…ဟုတ်တယ်နော်"

ဝင်းမင်းနှင့် နိုင်ဝင်းက နားမလည်နိုင်ဘဲ။

"ဘာတွေ ပြောနေကြတာလဲ"

"လင်နဲ့မယား လျှာနဲ့သွားကို ပြောနေတာ၊ ကိုကိုနဂါးရဲ့



ပါးစပ်ထဲမှာ လျှာနဲ့သွားရှိနေတယ်၊ အဲ့ဒါကို သူ ကြည့်မရဘူးတဲ့"

နှစ်ယောက်သား ဝိုင်းရယ်ကြသည်။ မည်သူကလည်း မသိ။ 'လိုက်လည်းလိုက်သည့်အတွဲ'ဟု ပြောသည်။ ရင်ထဲမှာ နာသွားသည်။

မမေးချင်သော မေးခွန်းကို မေးရဦးမည်။

"မြူမြူ…"

"ဟင်…"

"နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"ဘာလုပ်လို့လဲ"

"ငါ့ကိုကော သတိရရဲ့လား"

"ရတယ်လေ ဘာဖြစ်လို့လဲ"

"ဘယ်လို သတိရတာလဲ"

"ငါ့အမေက မေးတယ်လေ၊ ငါ လေးခွပစ်လေ့ကျင့်နေတုန်းကပဲ မောင်စစ်ဦး ခုအချိန် ဘာလုပ်နေသလဲ မသိဘူး ဟဲ…ဟဲ…ဟဲ…တဲ့"

ဟဲ့…ဘုရားရေ ပြောစရာစကားကိုတော့ ဆက်ပြောရ၏။

"ဩော်…နင် အဲ့ဒါမျိုးမှာတော့ ငါ့ကို သတိရတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ မသိတာမှ မဟုတ်ဘဲ၊ ငါက နင့်ရည်းစားပဲဟာ"

"အေး…အဲ့ဒါဆိုလည်း နင့်ကို ငါ မေးစရာရှိတယ်"

"ခဏနေဦးဟဲ့"

မိန်းမတစ်ဦး ဝင်လာသောကြောင့် ဖြစ်သည်။ ထိုမိန်းမက သူတို့ကို အကဲခတ်သလို ကြည့်ပြီး မြူမြူ့ကို သွားဖြဲပြ၏။ ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ မြူမြူ့ကို တိုက်ရိုက်တွေ့လို့"

မြူမြူက အပြုံးတည်တည်ဖြင့်...

"ကိစ္စအရေးကြီးလို့လား"

"ကြီးတာပေါ့ လှုပ်ရှားရတော့မယ်လေ"

"ကောင်းပြီ...ကောင်းပြီ"

ထို့နောက် သူတို့ဘက်လှည့်ကာ...

"ကိုဦး..."

"ပြော..."

"ကိုဦးတို့ လမ်းထောင့်ကဆိုင်မှာ စကားသွားပြောနေနှင့် မြူ လိုက်ခဲ့မယ်"

"ကောင်းပြီ"

စစ်ဦး၏ ရှုတင်းတင်းအမူအရာကို ကြည့်ပြီး မြူမြူက သက်ပြင်းချသည်။ ဘာမှတော့ ဆက်မပြောချေ။ စစ်ဦးတို့လည်း မြူမြူ့ဆန္ဒပြုရာ လက်ဖက်ရည်ဆိုင်ဆီကိုပဲ ထွက်ခဲ့ကြသည်။ ဆိုင်ရောက်တော့ လက်ဖက်ရည်သောက်ရင်း ဝင်းမင်းက...

"စစ်ဦး..."

"ဟင်..."

"မြူမြူက မင်းကိုချစ်တာ 'ပေါ့'တယ်လို့ မထင်မိဘူးလား"

"ထင်တယ်"

"အဲ့ဒါ ဘာကြောင့်လဲ သိလား"

"မသိဘူး"

"သူက မင်းကို ပြန်စာပေးတယ်မဟုတ်လား"

"အေး..."

"အဲ့ဒီစာကို ဖတ်ကြည့်ကတည်းက ငါ ရိပ်မိတယ်"

"ဘာကိုလဲ"

"သူ မင်းကို ပြန်ရေးတဲ့စာက ၁၅၀၀ မှ မရှိပဲ တစ်ကြောင်းလိုနေတယ်"

"ဟင်..."

"၁၄၉၉ ပဲရှိတယ်"

"အဲ့ဒါဆို"

"မင်းကို သူ ချစ်တာမှာ တစ်ခုခုတော့ လိုနေမှာပဲ"

"ဟင်..."

"ဟုတ်တယ် ငါကတော့ အဲ့ဒီလိုပဲထင်တယ်"

နိုင်ဝင်းက ဝင်းမင်း၏ စကားကို ဝင်ခုံ၏။

"ပြောမနေနဲ့ဦးလေ၊ ဝက်ပါလို့ဆိုခဲ့ပြီးပြီပဲ။ မြူမြူ့ဆီမှာ သော့ရှိတယ်။ အဲ့ဒါကို တောင်းကြည့်ပြီးမှ ငါတို့ စကားပြောလို့ရမယ်"

"အေးလေ...ကြည့်သေးတာပေါ့"

အတော်ကြီးကြာမှ မြူမြူက လက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။

"နင့်မိန်းမကြီးကော"

စစ်ဦးက ဆီး၍ အငေါ်တူးသည်။ မြူမြူက အပြစ်ကင်းစင်သော မျက်နှာနဲ့...

"ဘာ...ငါ့မိန်းမကြီးလဲ၊ သူ့ဘာသာ နင်တို့ရှိတဲ့အချိန် ရောက်လာတာ၊ ပြန်သွားပြီ"







www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"

"ပြောမပြဘူး"

"ဟင်..."

"တော်ကြာ...ငါ့မိန်းမကြီးကနေ နင့်မိန်းမကြီးဖြစ်သွားဦးမယ်"

ဝင်းမင်းတို့ နိုင်ဝင်းတို့ ရယ်ကြ၏။ စစ်ဦးမှာက မရယ်နိုင်။

"မြမြ"

"ရှင့်"

တစ်ခါတစ်ခါ မြမြက အဲ့ဒီလို နွဲ့တတ်သေးသည်။ ပြုံးစူစူ အမူအရာကလေးဖြင့် 'ရှင့်' တဲ့။

"နင့်ကို ငါ ပွင့်ပွင့်လင်းလင်း မေးစရာရှိတယ်"

"မေးလေ"

စစ်ဦးက ခဏချိန်ဆပြီးမှ တည့်တည့်ပင်...

"ရစ်ချတ်အောင်သွင်ဆိုတာ မင်း သိလား"

မြမြကတော့ ခပ်အေးအေးပင်

"သိတယ်လေ"

"သူ ဘယ်သူလဲ"

မြမြက သူ့ကို မျက်လုံးတစ်ဖက်လှန်ကြည့်ကာ...

"နင် အားကစားဆောင်းပါးတွေရေးတဲ့ A အောင်သွင်ဆိုတာ ကြားဖူးလား"

"အင်း..."

"အဲ့ဒီ A အောင်သွင်နဲ့ ရစ်ချတ်အောင်သွင်က ဘာမှ မတော်ဘူး ဟ"





"ဘာ..."

"သြော်...သူတို့ချင်း ဘာမှ မတော်ဘူးဆိုတာ ပြောတာ"

"မတော်တာကိုများ ထည့်ပြောနေရသေးလဲ"

"သြော်...နင် ရောသွားမှာ စိုးလို့ပါ"

"မရောဘူး...ဆက်ပြော"

"ဘာကို ဆက်ပြောရမှာလဲ"

"အဲ့ဒီ ရစ်ချတ်အောင်သွင်အကြောင်းကို"

မြမြက ပြုံးစစနှင့်ဆက်ပြောသည်။

"အဲ့ဒီလူက လူကောင်းမဟုတ်ဘူးဟ"

သူတို့သုံးယောက်လုံး လန့်သွားသည်။

"ဘာရယ်..."

"ဟုတ်တယ်...အဲ့ဒီလူက လူကောင်းမဟုတ်ဘူး"

"ဘယ်လိုလူကောင်းမဟုတ်တာလဲ"

"နိုင်ငံခြားကို မိန်းကလေးတွေ မှောင်ခိုပို့နေတာ"

"ဘယ်လိုပို့တာလဲ"

"သူက ဟိုဘက်နိုင်ငံကို ပိုင်တယ်၊ ဒီပြန်လာတယ်၊ ဒီက မိန်းကလေးတွေကို လက်ထပ်စာချုပ်လုပ်တယ်၊ သူ့မယားအဖြစ် ခေါ်သွားပြီး ဟိုနိုင်ငံမှာ ထားပေးတယ်"

"လက်ထပ်တာက တကယ်လား"

"အတုပေါ့"

"ဟိုရောက်တော့"

"ဒီလိုပဲ လက်ထပ်စာချုပ်ကို ကွာရှင်းပေးပြီး လွှတ်ပေးလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ''

''အဲ့ဒါဆို အဲ့ဒီမိန်းကလေးက''

''ကျိုးထိုးထိုး ဝက်စားစားပေါ့၊ သူနဲ့ မဆိုင်ဘူး''

''နင်က အဲ့ဒီလူနဲ့ယူပြီး နိုင်ငံခြားလိုက်သွားမလို့ဆို''

မြူမြူက အေးအေးဆေးဆေးပင်...

''နင့်ကို ဘယ်သူပြောလဲ''

''ဘယ်သူပြောပြော နင် အဲ့ဒါကို ဟုတ်မဟုတ်သာဖြေပါ''

''ငါ သူများလာမေးရင် မဖြေဘူး နင့်မို့လို့ဖြေတာ''

''အေးပါ ဖြေမှာဖြေစမ်းပါ''

''သဘောအရ ဟုတ်တယ်''

''ငါ့ကို ရှင်းအောင်ပြော''

''တကယ်လက်ထပ်ပြီး လိုက်သွားမှာမျိုး မဟုတ်ဘူး၊ ဟန်ဆောင်တာ။ အချက်အလက်တွေ အကျိုးအကြောင်းတွေ ခိုင်မာသွားရင် ခွင်ဝင်သွားရင် သူ့ကို သက်ဆိုင်ရာကို အကြောင်းကြားပြီး တိုင်မလို့။ သူတို့လိုလူမျိုးတွေကြောင့် မြန်မာအမျိုးသမီးတွေအများကြီးပဲ ဒုက္ခရောက်ရတယ်။ အဲ့ဒီလို လူမျိုးကို အလစ်ပေးလို့မရဘူး''

''နင် တကယ်...တကယ်လား''

''တကယ်...တကယ်ပေါ့ ကိုဦးက မြူ့ကို တစ်မျိုးကြီးထင်နေတာလား''

''စိုး...စိုးရိမ်တာပေါ့''

''ကိုဦးကလည်း မြူ့ကိုများ အထင်သေးလို့''

ပြောပြီးသား စကားကိုပဲ ထပ်ပြောရ၏။



''စိုး...စိုးရိမ်လို့ပါ''

မြူမြူက ကျေကျေနပ်နပ်ပြုံး၏။

''ကိုဦးက မြူ့ကို တကယ်ချစ်သားပဲ''

''ချစ်တာပေါ့ မြူရယ်''

''မြူက ဒီကပြားတစ်ယောက်ကိုများယူပြီး မြန်မာပြည်ကို စွန့်သွားမယ်ထင်လို့လား''

''အခုလိုသိရတော့ ရင်ထဲမှာ ရှင်းသွားတာပေါ့ကွယ်''

''မြူတို့က အိမ်ခေါင်းရင်းမှာတောင် ဗန္ဓုလမိန့်ခွန်းနဲ့ နေတာပါနော်''

ရင်ထဲမှာ ထွေးခနဲ၊ နွေးခနဲ ဖြစ်သွား၏။ သူ့ကို မျက်စောင်းလှည့်လှည့်ထိုးကာ မြူက စကားဆက်၏။ ထိုစကားက သူ့အတွက် အရေးပါလေသည်။

''အဲ့ဒါတွေကို နင် မပူပန်နဲ့၊ နင်ပူပန်ရမှာက သပ်သပ်''

''ဘာလဲ...''

''နင့်ကို ငါ စာပြန်တော့ စာကြောင်းရေ ၁၅၀၀ မပြည့်ဘူး။ တစ်ကြောင်းကျန်နေတယ်''

''ဟုတ်တယ်...ငါသိတယ်''

'အဲ့ဒါဖြင့် ရော့''

မြူမြူက သူ့ပိုက်ဆံအိတ်လေးထဲမှာ စာရွက်တစ်ရွက်ကို ထုတ်ပေး၏။ စစ်ဦးက စာရွက်ကို ဖွင့်ဖတ်တော့ ရေးထားတာက တစ်ကြောင်းတည်း။ နောက်ဆုံးစာကြောင်းတစ်ကြောင်းတည်း။

'ငါကလည်း နင့်ကို ချစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



၁၅၀၀ မြောက် စာကြောင်း။

ဝမ်းသာသဖြင့် စာရွက်ကိုင်ထားသောလက်များ တဆတ်ဆတ်တုန်သည်။ ဘာကြောင့်ရယ်မသိ။ မြူမြူ့ကိုလည်း ပို၍ပို၍ ချစ်သွားမိသည်။

''ဟို...ဟို...တစ်ခုတော့ မြူရာ''

''ဘာလဲ''

''ရစ်ချတ်အောင်သွင်ကို ဖမ်းဖို့တော့ ကိုယ့်ကိုယ်ကို ဓားစာခံမလုပ်ပါနဲ့။ ကိုယ်တို့အတူတူ ဝိုင်းကြိုးစားကြတာပေါ့နော်''

''အဲ့ဒါဆိုရင်...''

'အင်း...''

''အဲ့ဒီစကားကို အကြိမ် ၁၅၀၀ ပြည့်အောင်ပြော''

''ဟယ်...''

လူငယ်တို့၏ ပျိုမြစ်သော ရယ်သံများ လွင့်ပျံ့သွားလေသည်။

တာရာမင်းဝေ

(၂၄-၆-၀၅)

www.burmeseclassic.com